
www.burmeseclassic.com

အောင်မြင်စာပေ

လုံးချင်းဝတ္ထုသစ်



# ဂန္ဓာရီသမ်းမှ ပိဿာကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ် ၅၀၁၇၂၀၁၀၉ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၃၂၀၁၀၉

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

နှင့်

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့

၅၄၁၇၄၅၊၅၅၂၀၁၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။

ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ (ဇွန်လ)၊

အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ပညာဒီပ


ဂန္ဓာရီလင်းမှ မိစ္ဆာကွန်ယက် / ပညာဒီပ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၀၉။

၁၅၀ - စာ၊ ၁၃.၅ x ၂၁ စင်တီ။

(၁) ပညာဒီပ





www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) ငရဲသို့ တစ်ခေါက်ရောက်ခဲ့သူ

အခန်း(၂) ဘဝဟောင်းမှ ဝဋ်ကြွေးများကို မြင်ရလေပြီ

အခန်း(၃) မိုးကြိုးသိုက်နှင့် ပရလောကသား

အခန်း(၄) ထူးဆန်းသော ဂမုန်းကိန္နရာပင်များ

အခန်း(၅) မာယာကျော့ကွင်းမှ လွတ်မြောက်ခြင်း

အခန်း(၆) အကုသိုလ်ဝဋ်ကြွေးကံ ခံရသူများ

အခန်း(၇) ပရလောက၏လှည့်စားမှုများ

အခန်း(၈) ကျွတ်ရှာသို့ ရိက္ခာပို့ပေးရခြင်း

အခန်း(၉) သံသရာခရီး မဆုံးသရွေ့

အခန်း(၁၀) ကြောက်မက်ဖွယ်ကောင်းသော ဇရပ်ပျက်ကြီး

အခန်း(၁၁) ဂန္ဓာရီလမ်းမှ ဖြစ်ရပ်ဆန်း


BURMESE CLASSIC .com

## (ဓဿနှလက်ဆောင်)

➢ လူတစ်ယောက်သည်
ယခင်ဘဝက မကောင်းခဲ့သဖြင့်
ထိုအကျိုးဆက်များကြောင့်
ယခုဘဝမှာ မကောင်းမှုများဖြင့် ကြုံတွေ့ရသည်။
ယခုဘဝမှာ မကောင်းသဖြင့် ဆက်လက်မှားယွင်းပါက
နောက်တစ်ဘဝမှာ မကောင်းမှုများဖြင့် ဆက်လက်
ကြုံတွေ့ရဦးမှာ မုချပင် ဖြစ်၏။

➢ လူတစ်ယောက်သည် ယခင်ဘဝက
ကောင်းကျိုးပြုခဲ့သဖြင့်
ထိုအကျိုးဆက်များကြောင့်
ယခုဘဝမှာ ကောင်းမှုများဖြင့်သာ ကြုံတွေ့ရသည်။
ယခုဘဝမှာ ကောင်းမွန်စွာဖြင့် စိတ်ချမ်းမြေ့စွာဖြင့်
နေရသောကြောင့် ကုသိုလ်ကောင်းမှုများ၊ ကောင်းမှုများ
ပြုနိုင်ပေသည်။
သို့ကြောင့်. . .
နောင်တမလွန်တွင်
ကောင်းရာသုဂတိသို့ ရောက်ရှိနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ဤဝတ္ထုသည် 'ပညာဒီပ' ကလောင်အမည်ဖြင့် ဦးစွာထုတ်ဝေခဲ့သော 'မိစ္ဆာမြေမှတစ္ဆေ' စာအုပ်၏အဆက်ဟု ဆိုလျှင်သော်လည်း ကောင်း၊ ဒုတိယပိုင်းဟု ဆိုလျှင်သော်လည်းကောင်း ရသော်လည်း သီးခြားဖတ်ရှုနိုင်သော ဝတ္ထု ဖြစ်ပေသည်။

အရိယာဝံသ အရှင်မြတ်၏ဂန္ဓာရီလမ်းမှ တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းများ ဆိုလျှင်လည်း မမှားပေ။ ၎င်းဝတ္ထုကို ရေးသားရာတွင် ဝတ္ထုသဘောအရ အရှင်မြတ်၏ အတွေ့အကြုံများကို ပြုပြင်၍သော်လည်းကောင်း၊ အချို့ကို ချန်လှပ်၍ အချို့ကို ထပ်မံဖြည့်သွင်းရေးသား ရသည်လည်း ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ဤဝတ္ထုကို ရေးသားထုတ်ဝေရသည်ဖြင့် အရှင်ဘဒ္ဒန္တအရိယဝံသအတွက်သော်လည်းကောင်း၊ ကျွန်ုပ်၏ စာဖတ်ပရိသတ်များအတွက်သော်လည်းကောင်း ဝမ်းမြောက်မိပါသည်။

ဆက်လက်၍ 'ပညာဒီပ' ကလောင်အမည်ဖြင့် ပရဆန်းကြယ် ဝတ္ထုများကို ဆက်လက်ရေးသားပါဦးမည်။

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ . . .

(ပညာဒီပ)



အခန်း(၁)

## ငရဲသို့ တစ်ခေါက်ရောက်ခဲ့သူ

အတိတ်ဘဝမှ အကြောင်းများမှာ ဆန်းကြယ်လှပေသည်။ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကလည်း မနည်းလှပေ။ ဘဝတလျှောက် ဆင်းရဲခြင်းများ၊ အခက်အခဲ အကျပ်အတည်းများ၊ ထိတ်လန့်ဖွယ်ရာများစွာတို့နှင့် ကြုံတွေ့ခဲ့ရပေသည်။

ငယ်စဉ်က ဂျပန်စစ်သားများ နှိပ်စက်မှုများကြောင့် ဘေးလွတ်ရာ ပြေးရင်းနှင့် နဂါးတွင်းထဲသို့ ကျခဲ့ဖူးခဲ့သည်။ သဘာဝ အဝီစိတွင်းဟုခေါ်သော နဂါးတွင်းများမှာ မြေအောက်တွင် ဘယ်ရွေ့ဘယ်မျှ နက်ရှိုင်းသည်ကို မသိရလောက်အောင် နက်ရှိုင်းလှသည်။

www.burmeseclassic.com



ထိုတွင်းများထဲသို့ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ ကျသွားပါက ပြန်တက်နိုင်ရန် လမ်းမရှိပေ။

နဂါးတွင်းထဲသို့ ကျသွားပြီးမှ ပြန်တက်နိုင်ရန်လည်း မလွယ်ကူလှပေ။

ထိုအထဲသို့ ကျသွားပြီးနောက်ပိုင်း မည်သူမှ အသက်ရှင်ခွင့် မရခဲ့ပေ။

ဂျပန်များ လိုက်၍ တိုးလုံ(ဆရာတော် အရိယဝံသ)တို့ မိသားစု ပြေးရင်းလွှားရင်းနှင့် လူစုကွဲသွားကြကာ တိုးလုံတစ်ယောက် နဂါးတွင်းထဲသို့ ခြေချော်၍ ကျသွားလေတော့သည်။

သူ့အနေနှင့် မှောင်မိုက်သော တွင်းထဲသို့ ကျသွားစဉ်မှာပင် သတိမေ့သလို ဖြစ်သွားခဲ့သည်။

ဒီတစ်ခါတော့ အသက်သေပြီဟုသာ တွေးလိုက်မိသည်။ သို့သော် သတိပြန်ရလာပြီး ကြည့်လိုက်သောအခါ နဂါးတွင်းထဲရှိ သစ်မြစ်နှင့် နွယ်ပင်များ ယှက်နေသည့်နေရာတွင် တင်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။

တွင်းပေါက်ဝနှင့် အလှမ်းဝေးသောနေရာ ဖြစ်သောကြောင့် သူ့အစွမ်းအစနှင့်တော့ ဘယ်နည်းနှင့်မှ ပြန်မတက်နိုင်ပေ။ အကယ်၍ ကယ်မည့်သူ ရောက်မလာပါက ထိုအထဲမှာပင် နေရပေတော့မည်။

တွင်းထဲ၌ တစ်ညလုံး နေခဲ့ရပြီး နောက်တစ်နေ့ မနက်လင်းတော့ အပေါ်မှ ခေါ်သံများ ကြားရသဖြင့် ပြန်အော်လိုက်သည်။

"တိုးလုံရေ့ . . . တိုးလုံရေ"

"ဟေး . . . ဒီမှာဟေ့ . . ."



အတန်ကြာတော့ နွယ်ကြိုးတစ်ချောင်း ကျလာသည်။ နွယ်ကြိုးက ဟိုယမ်းဒီယမ်းနှင့် တော်တော်နှင့် သူ့ဆီ မရောက်နိုင်ဘဲ အတန်ကြာတော့မှ လက်လှမ်းမီသောနေရာ ရောက်လာသည်။ နွယ်ကြိုးကို ဆွဲပြီး နံရံကို ခြေဖြင့် ကန်တက်ခဲ့ရာ နောက်ဆုံး အပေါ်ပြန်ရောက်ခဲ့လေသည်။

အဖေနှင့်အမေတို့က များစွာအံ့ဩနေကြသည်။

"နဂါးတွင်းထဲ ကျပြီးမှ မသေတာ နင်တစ်ယောက်ထဲ ရှိသေးတယ်"

ဟု အမေက ပြောသည်။

"ကျွန်တော် ဒီတွင်းထဲ ရောက်နေတာ အမေတို့ ဘယ်လိုသိသလဲ"

"ညက လူကြီးတစ်ယောက် လာပြောလို့ သိရတာ"

ထိုကဲ့သို့ သေတွင်းက လွတ်ခဲ့ရသည်လည်း ရှိသည်။

အရွယ်ရလာသောအချိန်တွင် အိပ်မက်ထဲတွင် တိဘက်ဘုန်းကြီးများက ရောက်လာပြီး တစ်နေရာသို့ ခေါ်သွားကာ ကျွန်းခေါင်းအတွင်း၌ မပုတ်မသိုး ရှိနေသော သူ့ဘဝဟောင်းမှ ရုပ်အလောင်းကို ခေါ်ပြသည်။

ထိုအလောင်းကို လူသုံးဆယ်ခန့်က နေ့ဆိုင်းညဆိုင်းဖြင့် စောင့်နေကြရသည်။

အသည်းအသန် နေမကောင်း ဖြစ်သည့်အချိန်တိုင်း မိမိဝိညာဉ်က ထိုအလောင်းရှိရာသို့ ပြန်သွားနေရသည်ဟု အိပ်မက်မက်သည်။ ရွှေငွေရတနာများကို ပြပြီး ကြိုက်သလောက် ယူသွားနိုင်ကြောင်း

www.burmeseclassic.com



ခွင့်ပေးကြသည်။

"ဒီရတနာပစ္စည်းတွေက သင်ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေပဲ၊ ကြိုက်သလောက် ယူသွားဖို့လေ"

တိုးလုံက ခေါင်းခါပြပြီး မယူလိုကြောင်း ပြောသည်။ ထိုအခါ တိဘက်ဘုန်းကြီးက အလိုရှိသောအခါ လာယူနိုင်ကြောင်း ပြောပြသည်။

"သင်က ကျင့်ကြံအားထုတ်မှု ပြီးမြောက်ကာနီးမှ ပျံလွန်တော်မူသွားခဲ့ရတယ်၊ ဒါကလည်း နောက်ဆုံးဘ၀မှာ ရှေးအတိတ်ဘ၀က ရှိခဲ့ဖူးတဲ့ ဝဋ်ကြွေးတွေကို ဆပ်ရဦးမှာမို့ အခုလိုဖြစ်ရတာပဲ၊

ဝဋ်ကြွေးတွေကို ချေ၊ ကံကြွေးတွေကို ဆပ်ပြီးရင်တော့ ဒီဘ၀ကို ပြန်ရောက်လာရမှာပါ. . . .

ဒါကြောင့် သင့်ရဲ့ရုပ်ကလပ်ကို မပျက်စီးရအောင် စောင့်ရှောက်ပေးနေရတာပေါ့၊

ဝဋ်ကြွေးဆပ်တဲ့ဘ၀မှာ နောက်ထပ်အမှားတွေကို ထပ်ပြီး မလုပ်မိအောင်တော့ သတိထားပေတော့၊

တကယ်လို့ အမှားတစ်ခုခု ထပ်ပြီးကျူးလွန်မိရင်တော့ ဝဋ်ကြွေးက ထပ်တင်ပြီးတော့ သံသရာ ထပ်ရှည်လိမ့်ဦးမယ်"

ဟုလည်း မှာလိုက်သည်။

ထိုအဖြစ်အပျက်များက ငယ်ရွယ်စဉ်အခါက အိပ်မက်ဖြင့် တွေ့မြင်ခဲ့ရသောအကြောင်းများပင် ဖြစ်၏။ တစ်ခါက တရားအားထုတ်နေစဉ် ရေကန်ကြီးတစ်ကန်အနီးသို့ ရောက်သွားလေသည်။ ရေကန်ကြီးမှာ ကျယ်ဝန်းလှပြီး ရေပြင်က မှန်သားတစ်ချပ်ကဲ့သို့ ကြည်လင်လျက်ရှိနေသည်။

သူသည် ရေပြင်ကို ကြည့်နေစဉ်မှာ ရေကန်ကြီးက ထူးထူးဆန်းဆန်း ဒေါင်လိုက်ဖြစ်သွားသည်ကို မြင်ရသည်။ ထိုအခါ ကြည်လင်လှသော ရေပြင်က မှန်သားတစ်ချပ်ကဲ့သို့ ဖြစ်သွားတော့သည်။

ရောမ မှန်ကြီးတစ်ချပ် ထောင်ပြထားသကဲ့သို့ ရှိနေသည်။ အတန်ကြာတော့ ထိုမှန်သားထဲမှ ရဟန်းတော်များ၊ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော သူတော်စင်များ ထွက်လာကြသည်။ သူ့ရှိရာသို့ ရောက်လာပြီး တရားနှင့် ပတ်သက်သော စကားများကို ပြောဆိုဆွေးနွေးကြသည်။

အချိန်အတော်ကြာအောင် ပြောဆိုဆွေးနွေးပြီးမှ 'နောက်လည်း လာတွေ့ပါဦးမည်' ဟု ပြောဆိုနှုတ်ဆက်ကာ မှန်ချပ်ကြီးအတွင်းသို့ ပြန်လည်ဝင်သွားကြလေသည်။

နောက်ပိုင်း တရားအားထုတ်သောအချိန်များမှာလည်း ၎င်းပုဂ္ဂိုလ်များနှင့် မကြာခဏ ဆုံတွေ့ရလေသည်။

တိုးလုံ ငယ်စဉ်ကတည်းက သားငါးမစားနိုင်ပေ။

သားကြီးငါးကြီး စားမိပါက တစ်ကိုယ်လုံး ယားယံကာ အဖုအပိမ့်ကြီးများ ပေါက်လာတတ်သည်။

ထို့အတူ သားငါးရှာဖွေ၍လည်း မရပေ။

သူကိုယ်တိုင် ရှာဖွေမရသဖြင့် အခြားအမဲလိုက်သူများ၊ သားငါးရှာဖွေသူများနှင့် အဖော်လိုက်သွားမိပါကလည်း ထိုသူများပါ အစဲ သားငါး မရတော့ပေ။

ပထမပိုင်းတော့ သာမန်မျှသာ ထင်ပြီး ဂရုမပြုမိပြော





www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း တိုးလုံ လိုက်လာတိုင်း အမဲသားငါး မရသည်ကို သတိပြုမိလာပြီး နောက်ပိုင်း ဘယ်သူကမှ တိုးလုံကို အဖေါ်မခေါ်ချင်ကြတော့ပေ။

၎င်းတို့သည် တောတက်ခါနီး တိုးလုံကို မာန်မဲ အော်ငေါက်ကာ ချန်ထားခဲ့ကြပြီး တောတက်သွားရာ အန္တရာယ်များနှင့် ကြုံတွေ့ကာ သေကြလေသည်။

အချို့မှာ မျက်စိထဲမှာ သားကောင်ဟု မြင်သဖြင့် တူမီးသေနတ်ဖြင့် ပစ်ရာ သေကြလေသည်။

နောက်ပိုင်း အရွယ်ရလာသောအခါ ၎င်း၏ဦးလေးတော်သူ နွားသတ်သမား သေကာနီး ဖုတ်ဝင်ပြီး ခြောက်လှန့်ပုံများ၊ နွားသတ်နည်း သင်တန်းဆရာ ဝလူမျိုး ဦးထမ်မွန်း သေသောအခါ ဖုတ်ဝင်ပြီး တစ်ရွာလုံး ဖမ်းစားသဖြင့် သေကြေပျက်စီးကာ ရွာပျက်ခဲ့ရပုံများလည်း တွေ့ကြုံခဲ့ရလေသည်။

တိုးလုံ အနည်းငယ် အရွယ်ရလာသောအချိန်၌ ကြုံတွေ့ခဲ့ရသောအဖြစ်မှာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။ သူသည် အမဲလိုက်ခြင်း၊ ငါးရှာခြင်း စသောအလုပ်များကို ကိုယ်တိုင်လည်း လုပ်၍မရပေ။

အခြားသူများနှင့် အဖော်လိုက်လျှင်လည်း မရသဖြင့် တစ်ရွာလုံးရှိ ဆွေမျိုးသားချင်းများကပင် သူ့ကို မခေါ်ချင်ကြပေ၊ တိုးလုံ အရွယ်ရလာသောအခါ ၎င်း၏အစ်ကို ရှိရာ တပ်ထဲ၌ သွားရောက်နေရလေသည်။

ထိုကဲ့သို့ နေရင်း ကျောင်းအားသော တစ်နေ့တွင် ကျွဲလူးအိုင်အတွင်းသို့ ငါးဆင်းဖမ်းသည်။ ငါးတစ်ကောင်မှ မရသေးမီ မျက်စိအတွင်းသို့ တစ်စုံတစ်ခု ဝင်သွားသဖြင့် ဆက်မဖမ်းနိုင်တော့ဘဲ အိမ်သို့ ပြန်လာရလေသည်။

အိမ်ပြန်ရောက်သောအခါ မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ စအိုပေါက်များမှ သွေးများ ယိုစီးကျလာသဖြင့် ဆေးရုံသို့ ပို့ကြလေသည်။

ဆရာဝန်က စစ်ဆေးကြည့်ပြီး တိုက်ဖွိုက်(အူရောင်ငန်းဖျား) ရောဂါဟု ပြောသည်။

ထမင်းဟင်း အစရှိသော အစားအသောက်များ မစားရတော့ဘဲ နွားနို့ကဲ့သို့ အရည်ကိုသာ သောက်ရတော့သည်။ ညအချိန်ရောက်၍ အိပ်ပျော်သွားစဉ် အနီးမှာ မည်းမည်းသဏ္ဌာန်ကြီး လာရပ်သဖြင့် မော့ကြည့်လိုက်သည်။

“ဟင်. . . . ”

မည်းမည်းသဏ္ဌာန်ကြီးမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ အသားမည်းမည်း၊ ကိုယ်လုံးကိုယ်ထည် ကြီးလှပြီး ပြောင်နေသော ဦးခေါင်းပေါ်မှာ ဦးချိုကဲ့သို့ နှစ်ချောင်းပါသည်။ ခါးတောင်းမြှောင်အောင် ကျိုက်ထားပြီး လက်ထဲမှာလည်း သံခရင်းခွကြီး တစ်ချောင်း ကိုင်ထားသည်။

“လာ. . . လိုက်ခဲ့”

ထိုလူမည်းကြီး ဆွဲခေါ်သွားသောနေရာမှာ ကြောက်မက်ဖွယ်ကောင်းလှသည်။ အဝေးမှာကတည်းက အော်ဟစ်သံများကို ကြားရသည်။ ထိုနေရာရောက်တော့ မီးတောက်မီးလျှံများ ထနေရာ မြင်သမျှနေရာတိုင်း မီးကျီခဲတမျှ ရဲရဲနီနေသည်။ ၎င်းရောက်သွားသောနေရာမှာ

www.burmeseclassic.com



ချမ်းသာခြင်း တင်းပြီး မကောင်းမှုပြုသူတို့ လားရာဖြစ်သော ငရဲပင်ဖြစ်၏။

သူရောက်သွားသော်အချိန်တွင် ယမမင်းက လူတစ်ယောက်ကို စစ်ဆေးမေးမြန်းနေသည်။ ငရဲထိန်းနှစ်ယောက်တို့က ထိုသူ၏ လက်မောင်းတစ်ဖက် တစ်ချက်ကို ဆုပ်ကိုင်ကာ ယမမင်း ရှေ့မှောက်သို့ ခေါ်ဆောင်သွားသည်။

"အရှင်မင်းကြီး... ဤသူသည် အမိအဖတို့၌ သားသမီးတို့ ကျင့်ဝတ်ချို့ယွင်းခဲ့၏၊

သမဏဗြာဟ္မဏတို့၌ လူတို့ကျင့်ဝတ် ချို့ယွင်းခဲ့သည်၊

တိရစ္ဆာန်တို့အား ညှဉ်းပန်းနှိပ်စက်မှု ပြုခဲ့သည်၊ ကျေးဇူးရှိသူတို့အား ပစ်မှားစော်ကားခဲ့သည်၊ အကုသိုလ် ဒုစရိုက်မှုများဖြင့် မွေ့လျော်ကာ ရတနာသုံးပါးအား ဆည်းကပ်ကိုးကွယ်ခြင်း မပြုခဲ့ပေ၊ ထိုသူအား အပြစ်ပေးတော်မူပါ"

ဟု လျှောက်တင်ကြသည်။

ထိုအခါ ယမမင်းက ထိုသူ့ကို...

"သင်သည် လူ့ပြည်၌ ထင်ရှားဖြစ်ပေါ်သော ပထမ သေမင်းတမန်ကို မမြင်ခဲ့သလော"

ဟု မေး၏။

"အရှင်... ကျွန်ုပ် မမြင်မိပါ"

ဟု ထိုသူက ဖြေဆို၏။

"သင်သည် လူ့ပြည်၌ အိမ်အခြင်ကဲ့သို့ ကိုင်းသော၊ ခါးကုန်းသော တောင်ဝှေးကို အားထားရသော တုန်တုန်ရီရီ သွားလာနေသော





အိုနာ နှိပ်စက်နေသော၊ အရွယ်လွန်သော၊ သွားကျိုးသော၊ ဆံဖြူသော၊ ခေါင်းပြောင်နေသော၊ ဦးခေါင်းတုန်လှုပ်သော၊ ကိုယ်မှာ အရေတွန့်လိပ်၍ မဲ့ခြောက်တို့ဖြင့် ပွမ်းသော အသက်ရှစ်ဆယ်၊ ကိုးဆယ်၊ တစ်ရာရှိသော သူအိုကို မမြင်ခဲ့သလော"

ဟု ယမမင်းက မေး၏။

"အရှင်... ကျွန်ုပ် မြင်ခဲ့ပါသည်"

ဟု ထိုသူက ဖြေဆို၏။

"ထို့ပြင် သင်သည် လူ့ပြည်၌ ထင်ရှားဖြစ်ပေါ်သော ဒုတိယ သေမင်းတမန်ကို မမြင်ခဲ့သလော"

"အရှင် ကျွန်ုပ် မမြင်မိပါ"

"သင်သည် လူ့ပြည်၌ အနာဖြင့် နှိပ်စက်အပ်သော ဆင်းရဲခြင်းသို့ ရောက်နေသော၊ ပြင်းစွာ မကျန်းမာသော၊ မိမိကျင်ကြီး ကျင်ငယ်၌ လိမ်းကျံပေရေလျက် အိပ်ရသော၊ သူတစ်ပါး ထူပေးမှ ထနိုင်သော၊ အိပ်ရာသို့ သူတစ်ပါး ချီမ,ပို့ဆောင်အပ်သော လူနာကို မမြင်ခဲ့သလော"

"အရှင်... ကျွန်ုပ် မြင်ခဲ့ပါသည်"

"ထို့ပြင် သင်သည် လူ့ပြည်၌ ထင်ရှားဖြစ်ပေါ်သော တတိယ သေမင်းတမန်ကို မမြင်ခဲ့သလော"

"အရှင် ကျွန်ုပ်မမြင်မိပါ"

"သင်သည် လူ့ပြည်၌ သေ၍ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ရှိပြီဖြစ်သော ဖူးဖူးရောင်နေသော ရုပ်ပျက်ဆင်းပျက် ညိုမဲနေသော ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးနေသော သူသေကို မြင်ဖူးခဲ့

www.burmeseclassic.com



သလော"

"အရှင် ကျွန်ုပ် မြင်ခဲ့ပါသည်"

"သင်သည် သိကြွားလိမ္မာသည် ဖြစ်လျက်၊ အသက်အရွယ် ကြီးရင့်သည်ဖြစ်လျက် ငါသည်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောရှိ၏၊ ထိုသဘောကို မလွန်နိုင်၊ ငါသည် ယခုအခါ ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း၊ ကောင်းမှုကို ပြုအံ့. . . ဟု ဤသို့သော စိတ်အကြံသည် မဖြစ်ခဲ့သလော"

"အရှင် ကျွန်ုပ်သည် မစွမ်းဆောင်နိုင်ခဲ့ပါ"

"သင်သည် မေ့လျော့သောကြောင့် ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ကောင်းမှုကို မပြုခဲ့၊ သင်သည် မေ့လျော့သည့်အတိုင်း သင့်ကို မချွတ် ပြုကြလိမ့်မည်"

ထိုမကောင်းမှုကို သင်၏မိ-ဖ၊ ညီ-အစ်ကို၊ ညီမ-အစ်မ၊ အဆွေ၊ ခင်ပွန်း၊ ဆွေမျိုး၊ သားချင်း၊ နတ်နှင့် သမဏ ပြဟ္မဏာတို့ ပြုကြသည်မဟုတ်၊ စင်စစ် သင်သည်ပင် ထိုမကောင်းမှုကို ပြုခဲ့၏။ ထိုမကောင်းမှု၏အကျိုးကို သင်သည်ပင် ခံစားရလိမ့်မည်"

ရဟန်းတို့ ထိုသူ့ကို ငရဲထိန်းတို့သည် နှောင်ဖွဲ့ခြင်းငါးမျိုး မည်သော ကမ္မကရဏကို ပြုကြ၏။ လောလောပူသော သံစို့ကို လက်နှစ်ဖက်၊ ခြေနှစ်ဖက်နှင့် ရင်လယ်၌ ရိုက်နှက်ကြ၏။

ထို့ပြင် ငရဲထိန်းတို့သည် ထိုသူ့ကို ဆွဲငင်ကုန်၍ ဓားမကြီးတို့ဖြင့် ခုတ်ဖြတ်ကုန်၏။ စောက်ထိုးမိုးမျှော် ဆွဲကိုင်ကြ၍ ပဲခွပ်တို့ဖြင့် ခုတ်ရွှေကုန်၏။ ရထား၌ တပ်၍ ရဲရဲညီအလျှံ တပြောင်ပြောင် လောင်သော မီးတောက်မီးလျှံနှင့်တကွ မြေအပြင်၌ အခေါက်ခေါက်အပြန်ပြန်





မောင်းနှင်ကုန်၏။

မီးတောင်ကြီးသို့လည်း တက်စေ၏။ စောက်ထိုးမိုးမျှော် ဆွဲကိုင်ကြ၍ မီးတောက်မီးလျှံနှင့်တကွ လောလောပူသော သံအိုးကြီး၌ ပစ်ချကုန်၏။ ထိုသူသည် ထိုသံအိုးကြီး၌ အမြှုပ်ထလျက် ကျက်သည် ဖြစ်၍ အထက်သို့ တစ်ကြိမ်ပေါ်၏။ အောက်သို့လည်း တစ်ကြိမ်မြုပ်၏။ ဖီလာသို့လည်း တစ်ကြိမ်မျောသည်။ ထိုသူသည် အဘယ်မျှ ပြင်းထန် ကြမ်းတမ်း၊ နာကျင်လှသော ဝေဒနာတို့ကို ခံစားရစေကာမူ မကောင်းမှု ကံ မကုန်သေးသရွေ့ ထိုငရဲမှ မလွတ်ပေ။

ငရဲထိန်းတို့ ပစ်ချသော ငရဲမှာ အထောင့်လေးခု ရှိ၏။ တံခါး ပေါက်လေးပေါက် ရှိ၏။ ညီညာသော နေရာများဖြင့် ရှိ၏။ သံတံတိုင်း ဖြင့် ကာရံ၏။ သံပြားဖြင့် မိုးထားသည်။

ထိုငရဲ၏မြေပြင်သည် သံမြေပြင်ဖြစ်၏။ မြေပြင်အခင်း အကာ အမိုး စသည်တို့သည် မီးတောက်မီးလျှံတို့ဖြင့် ရဲရဲနီလျက် ရှိနေကြ၏။ မီးတောက်မီးလျှံများက ထက်ဝန်းကျင် ယူဇနာ တစ်ရာတိုင်အောင် ပြန့်နှံ့၍ အမြဲတည်ရှိနေချေ၏။

ငရဲထိန်းက တိုးလုံကို လက်ဆွဲခေါ်သွားကာ ယမမင်း ရှေ့မှောက်သို့ ရောက်သောအခါ တိုးလုံ ပြုခဲ့သော မကောင်းမှုတို့ကို တင်ပြလေသည်။

"မင်း ငရဲနဲ့ ထိုက်တဲ့အလုပ်တွေချည်း လုပ်နေတယ်၊ ဒီအတိုင်း ဆက်လုပ်နေရင် သေတဲ့အခါ ဒီငရဲရောက်လာလိမ့်မယ်၊ ဟိုမှာမြင်လား အကုသိုလ် ဒုစရိုက်မှုတွေ ကျူးလွန်ခဲ့တဲ့လူတွေ အရှင်လတ်လတ် ခံနေ နေကြရတာ. . . မကြောက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။

"ကြောက်လှပါတယ်. . ဒီက ပြန်ရောက်သွားတာနဲ့ မကောင်းမှုတွေကို လုံးဝမလုပ်တော့ပါဘူး၊ ကုသိုလ်ကောင်းမှုတွေပဲ လုပ်ပါတော့မယ်၊ ကျွန်တော့်ကို ပြန်ခွင့်ပေးပါ"

"မင်းလျှောက်ရမယ့်လမ်းနဲ့ လုပ်ရမယ့်အလုပ်တွေက တစ်လမ်းစီ ဖြစ်နေလို့ ခေါ်ပြီးသတိပေးတာပဲ၊ သူ့ကို ပြန်ပို့ပေးလိုက်တော့"

ဟု ယမမင်းက အမိန့်ပေးသဖြင့် ငရဲထိန်းက လက်ကို ဆွဲပြီး မူလဆေးရုံနေရာရောက်အောင် ပြန်ပို့ပေးလေသည်။ မိမိကုတင်ရှိရာသို့ ပြန်ရောက်လာသည်နှင့် ငရဲထိန်းလည်း ပျောက်သွားပြီးနောက် အိပ်မက်မှ လန့်နိုးလာတော့သည်။

ထိုအချိန်၌ ရင်ထဲမှာ ခံစားနေရသော ရောဂါဝေဒနာများ လုံးဝသက်သာပျောက်ကင်းနေသည်ကို သတိပြုမိသည်။ နောက်တစ်နေ့တွင် ရောဂါသက်သာသဖြင့် ဆေးရုံမှ ဆင်းခွင့်ပေးရန် ပြောသောအခါ တိုက်ဖွိုက်ရောဂါ ပြင်းလွန်းသဖြင့် စိတ်ဖောက်ပြန်သွားပြီဟု အားလုံးက ထင်ကြသည်။

ဆေးရုံမှ ဆင်းလာသောအခါ ဆေးရုံမှ လူတစ်ယောက်က စိတ်မချသောကြောင့် နောက်မှ လိုက်ကြည့်လေသည်။ အိမ်သို့ ပြန်ရောက်သောအခါ အစ်ကိုနှင့်မိသားစုများက အံ့သြနေကြသည်။ သူ့ကို ဆေးရုံမှ ပြန်ပြေးလာသည်ဟု ထင်နေကြသည်။ နောက် ဆေးရုံမှ လိုက်လာသူက အကျိုးအကြောင်း ပြောပြတော့မှ နားမလည်သလို ဖြစ်နေကြတော့သည်။

တိုးလုံသည် အိမ်သို့ ပြန်ရောက်သောအခါ ထမင်း၊ ဟင်း





အစရှိသော ဝမ်းပြည့်မည့် အစားအသောက်များကို ရှာဖွေ၍ ဝမ်းပြည့်အောင် စားသောက်နေသည်ကို တွေ့မြင်ရသောအခါ ဆေးရုံ၌ အသက်သေဆုံးသွားပြီး ဖုတ်ဝင်လာသည်ဟု ထင်ကာ များစွာ ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ကြလေသည်။

ထိုအချိန်မှစ၍ တိုးလုံတစ်ယောက် မကောင်းမှုမှန်သမျှ ဘာတစ်ခုမှ မလုပ်ဝံ့တော့ပေ။

ထိုအဖြစ်အပျက်များက တိုးလုံဘဝမှ ဆရာတော် အရိယဝံသဘဝရောက်အောင် ပို့ဆောင်ပေးခဲ့သည့် ဆန်းကြယ်လှသော အဖြစ်အပျက်များပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂)

# ဘဝဟောင်းမှ ဝဋ်ကြွေးများကို မြင်ရလေပြီ

**နောက်**ပိုင်းမှာတော့ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းခံယူကာ မကောင်းမှုများအား လုံးဝစွန့်လွှတ်ရှောင်ကြဉ်ခဲ့ပေသည်။ အချိန်တော်တော်များများ တရားအားထုတ်ခြင်းသာ လုပ်နေရာ လူအတော်များများက သူ့ကို စိတ်မမှန်သူတစ်ယောက်ဟု ထင်မြင်ယူဆကြလေသည်။

သို့သော်လည်း ဂရုမစိုက်ပဲ ကိုယ့်အလုပ်ကိုသာ ဂရုစိုက်၍



www.burmeseclassic.com

www.burmeseclassic.com



လုပ်လေသည်။ ထိုကဲ့သို့ ကျင့်ကြံအားထုတ်မှု များလာသောအခါ တရားအားထုတ်ရင်းဖြင့် အတိတ်ဘဝက ဖြစ်ပျက်ခဲ့သောအကြောင်းများကို ရုပ်ရှင်ပိတ်ကားပေါ်တွင်ဇမြင်နေရသကဲ့သို့ တစ်ခုချင်း ပြန်မြင်ရလေသည်။

(ဆရာတော်မှာ ယခင်ဘဝဟောင်းက ကျင့်ကြံအားထုတ်ခြင်းပြီးမြောက်ကာနီးမှ ပျံလွန်တော်မူ၍ ဘဝကူးခဲ့ရသဖြင့် အခြေခံဓါတ်များပါလာသောကြောင့် ယခုကဲ့သို့ အချိန်တိုတိုနှင့် သမာဓိ ရခြင်းပင် ဖြစ်ပေသည်။)

လူ့ဘဝအမျိုးမျိုးတွင် သေခဲ့ရပုံများ၊

နတ်၊ ပြဟ္မာရောက်ပြီးမှ စုတေခဲ့ရပုံများ၊

တိရစ္ဆာန် အမျိုးမျိုးဘဝ ရောက်ပြီး သေခဲ့ရပုံများ၊

တစ္ဆေ၊ သရဲ၊ မှင်စာ၊ ကျတ်၊ ဖုတ်၊ ပြိတ္တာဘဝ ရောက်ခဲ့ပြီးမှ သေခဲ့ရပုံများ၊

ပိုးမွှားတိရစ္ဆာန်ဘဝနှင့် သေခဲ့ရပုံများအပြင် လူ့ဘဝ ရောက်တော့လည်း ယောကျ်ား၊ မိန်းမ၊ လူကြီး၊ ကလေး အရွယ်မရွေး သေခဲ့ရပုံများမှာ ဘဝပေါင်းများစွာ မရေမတွက်နိုင်အောင် ရှိကြောင်း တွေ့မြင်လာရသည်။

တစ်ဘဝတွင် ကိုယ်က ယောကျ်ားဘဝနှင့် နေခဲ့ရသူကို အခြားဘဝတွင် သူက ယောကျ်ား၊ ကိုယ်က မိန်းမဘဝဖြင့် နေခဲ့ရပုံ၊ အခြားဘဝတွင် ကိုယ်က မိဘဖြစ်ခဲ့ပြီး နောက်တစ်ဘဝတွင် ကိုယ်က သားသမီးဘဝ ရောက်ရပုံလည်း ပါသည်။

တကယ်တော့ ဘဝတစ်ခုဆိုသည်မှာ. . . သံကန္တာရအတွင်းမှ





သံတစ်ပွင့်လောက်မှ မတည်မြဲခဲ့ပေ။

တရားထိုင်နေရင်း မြန်မာပြည်အနှံ့အပြားမှ တန်ခိုးကြီးဘုရားများကို ရောက်ခဲ့ရသည်။

တစ်ကြိမ်တွင် အာရုံက ပုပ္ပားတောင်ကလပ်သို့ ရောက်သွားလေသည်။ တောင်ကလပ် ခြေရင်းတွင် အမျိုးသမီးတစ်ဦး ဘုရားပန်းရောင်းနေသည်။ ဘုရားပန်းအိုးတစ်အိုးလျှင် တစ်ပြားနှင့် ရောင်းနေသည်။ ပန်းသည်မ၏ယောကျ်ားမှာ ပန်းပဲသမားဖြစ်သည်။ ၎င်းတို့တွင် သားသမီး သုံးယောက်ရှိသည်။

ဘုရားလာသူများက ပန်းအိုးကို တစ်ပြားနှင့် ဝယ်ယူပြီး ဘုရားမှာ ကပ်လှူကြသည်။ ၎င်းတို့ ပြန်သွားသောအခါ ပန်းသည်မက ထိုပန်းအိုးကို ပြန်သိမ်းပြီး အခြားဘုရားဖူးလာသူ တစ်ယောက်ကို တစ်ပြားနှင့် ရောင်းပြန်လေသည်။

၎င်းတွင် ဘုရားပန်းအိုး (၁၀)အိုးခန့် ရှိသည်။ ထိုပန်းအိုး ဆယ်လုံးမှာ တစ်သက်လုံး ရောင်းမကုန်သော ပန်းအိုးများ ဖြစ်တော့သည်။

ထိုပန်းသည်မ သေဆုံးသွားသောအခါ ဖျဉ်းမနားနှင့် နီးသော လယ်ဝေးတွင် ယောကျ်ားဘဝ ရလေသည်။ ယောကျ်ားဘဝတွင် ငွေကြေးဥစ္စာ ကြွယ်ဝသော တောသူဌေးတစ်ဦးဘဝ ရလေသည်။ ထိုကုသိုလ်ကံသည် ဘုရားပန်းများ လှူပစေရန် ပြုပြင်ပေးခဲ့သော ကုသိုလ်အကျိုးဆက်ပင် ဖြစ်ပေသည်။ သို့သော်လည်း မစင်ကြယ်ခဲ့သော ကုသိုလ်အကျိုးဆက်ကြောင့် ၎င်း၏ဥစ္စာပစ္စည်းများမှာ ခါးပြတိုက်ခံရ ပါသွားလေတော့သည်။

ခါးပြများက ဦးခေါင်းကို ဓါးနှောင့်နှင့် ထု၍ ကျောသို့ ခါးပြား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရိုက်ပုတ်ခဲ့ကြသည်။ မိမိပစ္စည်းများ အလုအယက် ခံရသောကြောင့် ခါးပြများအပေါ်မှာ အာဃာတ ရန်ငြိုးထားမိလေသည်။

သေကာနီးတွင် အာဃာတတရားဖြင့် လွဲမှားသော ဆုတောင်းကြောင့် နောက်ပိုင်းဘဝများတွင် ခါးပြဘဝချည်း ဖြစ်ရသည်။ (ထိုအကျိုးဆက်များက ယခု ရဟန်းဖြစ်မည့် လူ့ဘဝတွင် ဆင်းရဲခြင်းများစွာတို့နှင့် ကြုံရခြင်းဖြစ်ပေသည်။)

ခါးပြဗိုလ်ဘဝဖြင့် သူဌေးတစ်ယောက်အိမ်ကို ခါးပြတိုက်ရန် သွားကြရာ ထိုအိမ်နားရောက်ကာမှ ခါးပြဗိုလ် လုပ်သူက စိတ်ပြောင်းသွားလေတော့သည်။

"ငါ ခါးပြမတိုက်ချင်တော့ဘူး"

ထိုစကားကြားသောအခါ တပည့်နှစ်ယောက်က မကျေနပ်ကြဘဲ ဒေါသူပုန်ထတော့သည်။

"ခါးပြတိုက်ဖို့လာတာ တိုက်ပြီးမှပြန်မယ်"

တစ်ယောက်က ပြောသည်။

"အဲဒီလိုဆိုရင်လည်း မင်းတို့ချည်း သွားတိုက်ကြ၊ ငါပြန်မယ်"

"ခင်ဗျားမပါလို့ ဘယ်ဖြစ်မလဲ"

"ဒီလိုဆိုရင် မင်းတို့ တစ်ယောက် ငါးရာရရင် ကျေနပ်မလား"

"ဘာမှမရပဲ ပြန်ရတာနဲ့စာရင် ငါးရာရလည်း ကျေနပ်တယ်"

"ကဲ. . . ငါနဲ့ လိုက်ခဲ့ကြ"

ဟု ပြောကာ ခါးပြတိုက်ရန် ရည်စူးထားသော အိမ်ထဲသို့ ဝင်သွားကြလေသည်။ အိမ်ရှင်ကတော့ ၎င်းတို့ကို ခါးပြတိုက်ရန် လာမှန်းရိပ်မိသဖြင့် ထိတ်လန့်ကြောက်ရွံ့နေရှာသည်။





"ဘာမှ မကြောက်ကြပါနဲ့၊ လာတုန်းကတော့ ခင်ဗျားတို့ကို ခါးပြတိုက်ဖို့ လာတာပါပဲ၊ ဒါပေမယ့် ဒီရောက်တော့မှ ခင်ဗျားတို့ကို ခါးပြမတိုက်ချင်တော့ဘူး၊ ဒါပေမယ့် ကျုပ်တပည့်နှစ်ယောက်က ငွေရမှ ပြန်ချင်ကြတယ်"

ထိုအခါ အိမ်ရှင်က ကျေကျေနပ်နပ်နှင့် ငွေနှစ်ထောင် ထုတ်ပေးလေသည်။

"ကျုပ်တို့ကို မနှိပ်စက်လို့ ဒီငွေနှစ်ထောင် ပေးရလည်း ကျေနပ်ပါတယ်"

ဟု ပြောသည်။

"နှစ်ထောင်မယူဘူး. . . တစ်ထောင်ပဲ ယူမယ်၊ သူတို့ကို တစ်ယောက် ငါးရာစီ ပေးနိုင်ရင် ရပါပြီ"

"ကျန်တဲ့ တစ်ထောင်က ခင်ဗျားအတွက် ယူသွားပါ"

"ကျုပ်အတွက်တော့ မယူတော့ပါဘူး"

ထိုအခါ အိမ်ရှင်က လွန်စွာအံ့ဩဝမ်းသာသော အမူအယာဖြင့်. . .

"ခင်ဗျားလို သူတော်ကောင်းစိတ် ရှိတဲ့လူမျိုးက ဘယ်လိုကြောင့်များ ခါးပြဘဝကို ရောက်နေရတာလဲဗျာ၊ မောင်ရင် ခါးပြဘဝက လွတ်မြောက်ပါစေ"

ဟု ဆုတောင်းပေးသည်။

ထိုကဲ့သို့ ပန်းသည်ဘဝမှ မစင်ကြယ်ခဲ့မှုကြောင့် လူ့ဘဝ ဖြစ်ရတော့ ခါးပြတိုက်ခံရရာမှ အာဃာတရန်ငြိုးကြောင့် ခါးပြဘဝ ရောက်ခဲ့ရသူမှာ အခြားမဟုတ်ပဲ ယခု တိုးလုံဘဝ ရောက်နေသော ကျုပ်ကိုယ်တိုင်

www.burmeseclassic.com



ဝင် ဖြစ်ပေတော့သည်။

တရားအားထုတ်နေသော ကာလများတွင် သက်သတ်လွတ် စားခြင်း မစားခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံများစွာတို့လည်း ရခဲ့ပေသည်။

ထိုအကြောင်းနှင့် ပတ်သက်၍လည်း ဆွေးနွေးဖူးလေသည်။ သက်သတ်လွတ်၊ မီးလွတ်၊ ရေဆွမ်း၊ သစ်သီးဆွမ်းသာ ဘုဉ်းပေးပြီး ကျင့်ကြံအားထုတ်ရင်းမှ ပေါက်မြောက်အောင်မြင်သွားသော ပုဂ္ဂိုလ်များလည်း ရှိပေသည်။

ရာသက်ပန် သက်သတ်လွတ်သာ စားသော တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ဆရာတော်ကြီး ကွလာတိုင်း စစ်ကိုင်းတောင်ရိုးရှိ သက်သတ်လွတ်ချောင်သို့ ဝင်ရောက်ကာ တည်းခိုလေသည်။

ထိုသက်သတ်လွတ်ချောင်တွင် အသားငါးစားသောပုဂ္ဂိုလ်များ ညအိပ်ညဉ့်နေ တည်းခိုခြင်း မပြုရဟု တားမြစ်ထားလေသည်။ အကယ်၍ အသားငါး စားသော ပုဂ္ဂိုလ်များ ထိုချောင်တွင် ဝင်ရောက်တည်းခိုခြင်း ပြုပါက နောက်တစ်နေ့ အိပ်ယာထသောအချိန်တွင် ကျောင်းအပြင်ဘက်ရှိ တောချုံအတွင်းသို့ အလိုလို ရောက်နေရသည်ဟုလည်း ကြားရလေသည်။

သို့သော်လည်း တိုးလုံအဖို့ သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်လုပ်ရမှာလား၊

ခါတိုင်းလို စားသောက်ပြီး ကျင့်ကြံအားထုတ်ရမည်လား ဆိုတာ မဝေခွဲတတ်သေးပေ။





သို့သော်လည်း သက်သတ်လွတ် မစားဖြစ်သေးပဲ အဓိဋ္ဌာန် ဝင်တော့ ဆက်လုပ်ဖြစ်သည်။ တစ်ညတော့ အိပ်မက်ထဲတွင် ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရသည်။

“မင်း အဓိဋ္ဌာန်ဝင်တာ အနှောင့်အယှက်တွေ ရှိနေတယ်၊ ကြားသား မြင်သား၊ သိသား မစားနဲ့”

သို့သော်လည်း ၎င်းမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ကာစလည်း ဖြစ်ပြန်၊ ...စကား ဝေါဟာရများကိုလည်း ကောင်းစွာနားမလည်သေးသော ကြောင့် ထိုစကားအဓိပ္ပာယ်ကို သဘောမပေါက်ပေ။ နားမလည်၍ ...ည်ကြံသောအခါ ထိုရဟန်းတော်ကို မတွေ့ရတော့ပေ။

ထိုအချိန်ကာလတွင် တိုးလုံ၏ဦးလေးဖြစ်သူက ဝက်ကလေး တစ်ကောင် မွေးထားသဖြင့် ပုံးဟောင်းတစ်လုံး လာပေးထားသည်။

“မင်းရဲ့စားကြွင်းစားကျန်တွေကို ဒီပုံးထဲမှာ ထည့်ပေးထား နော်”

ဟု ပြောသဖြင့် ပိုလျှံသော စားကြွင်းစားကျန်များကို ထည့်ပေး ထားသည်။ စိတ်ထဲမှာ ဘယ်လို ရည်ရွယ်ချက်မျိုးမှ မရှိပေ။ ဦးလေးဖြစ် သူက သုံးရက်တစ်ကြိမ် လာရောက်ယူသည်။ တိုးလုံသည် တစ်ဖက်မှ အဓိဋ္ဌာန်အမျိုးမျိုး ဝင်နေသလို တဖက်မှလည်း ဝက်စာခံပေးထား သည်။

ဤသို့ဖြင့် (၆)လခန့်ကြာသောအခါ မှိတ်ထားသော မျက်စိထဲ မှာ အလင်းရောင်တစ်ခု ပေါ်လာသည်။ ထိုအလင်းရောင်ထဲမှာ မြင် ကွင်းအချို့ကို မြင်ရသည်။ အခြားမဟုတ်ပေ။

ဦးလေးဖြစ်သူမှာ ဝက်တစ်ကောင်ကို သတ်ဖြတ်ဖျက်ဆီးတော



www.burmeseclassic.com

www.burmeseclassic.com



အသားများတို့ ချိန်ခွင်ဖြင့် ချိန်နေလေသည်။ ဝက်သားချိန်နေသူ မျက်နှာကို ကောင်းစွာမြင်နေရသလို သူချိန်တွယ်နေသော ဝက်သား ပိဿာချိန်ကိုလည်း တွေ့ရင်လေသည်။ ဝက်သားပိဿာချိန်က (၂၇) ပိဿာနှင့် (၇၅)ကျပ်သား ရှိသည်။ ဝက်က အဖြူပေါ်မှာ အနက်ရောင် အစက်အပြောက်များ ရှိသည့်ဝက်ပင် ဖြစ်၏။

နောက်တော့ မြင်ကွင်းများက တဖြည်းဖြည်းနှင့် ဝေဝါးပျောက် တွယ်သွားလေသည်။ နောက်တစ်နေ့ မနက်ပိုင်း(၇)နာရီအချိန်ခန့်တွင် ဦးလေးရောက်လာသည်။ ၎င်းလက်ထဲမှာ ဝက်သားနှစ်တွဲ ပါလာသည်။ တစ်တွဲက အသားတွဲ၊ ကျန်တစ်တွဲက ဝက်ကလီစာအတွဲ ဖြစ်သည်။

"မင်းက ဝက်စာခံပေးတဲ့အတွက် မင်း ချက်စားဖို့ ဝက်ကလီစာ တစ်တွဲ လာပို့ပေးတာ၊ ဒီတစ်တွဲကတော့ ငါ့ကို ရော ်ပေးကွာ"

ဟု ပြောသည်။

"ဦးလေးသတ်တဲ့ဝက်က အဖြူရောင်ပေါ်မှာ အနက်ပြောက် တလေးတွေ ရှိတဲ့ဝက် မဟုတ်လား"

"အေး. . . ဟုတ်တယ်လေ"

"ပိဿာချိန်က (၂၇)ပိဿာနဲ့ (၇၅)ကျပ်သား ထွက်တယ် မဟုတ်လား"

"အေး. . . မှန်တယ်၊ ငါ ဝက်သတ်တော့ မင်း လာကြည့်နေ သလား"

"မကြည့်ပါဘူး"

"ဒါဖြင့် မင်းကို ဘယ်သူလာပြောတာလဲ"

"ဘယ်သူမှ မပြောပါဘူး၊ ခန့်မှန်းပြီး ပြောတာပါ"





"မင်းခန့်မှန်းတာ တယ်မှန်ပါလား၊ မင်း ဝက်ပွဲစား လုပ်ရင် အတော်ဟန်ကျမယ်"

ဟု ပြောဆိုကာ တအံ့တသြနှင့် ပြန်သွားလေသည်။ တိုးလုံမှာ ၎င်းပြောသမျှ ထိုမျှ မှန်ကန်နေခြင်းမှာ အဓိဋ္ဌာန် ဝင်ခြင်းကြောင့် ဖြစ် မည်ဟုတော့ တွေးတောမိသည်။ သို့သော်လည်း ထွေထွေထူးထူး ထပ်မံ မစဉ်းစားတော့ပဲ လာပို့ပေးသော ဝက်ကလီစာကို အစ်ကိုနှင့်အတူ ချက်စားလိုက်ကြသည်။ အစ်ကိုကတော့ ဝက်ကလီစာဟင်းကို တစ် လုတ်ပြီးတစ်လုတ် ထိုင်စားနေသော်လည်း တိုးလုံမှာ ဝက်သားဟင်းခွက် ကို လှမ်းခပ်ယူ၍ မရပေ။

သူ့လက်ကို တစ်စုံတစ်ယောက်က ချုပ်ကိုင်ထားသလို လှုပ်မရ ပေ။ စိတ်က ဝက်သားဟင်းကို လှမ်းခပ်ချင်သော်လည်း လက်ကို ကြိုး နှင့် တုပ်ထားသလို ဖြစ်နေသည်။

ညာလက်က လှုပ်မရသဖြင့် ဘယ်လက်က မြှောက်ပြီး ညာ လက်ကို ကိုင်သည်။ ပြီးမှ ဟင်းပန်းကန်ဆီ ရောက်အောင် ဆွဲယူပြီး ဟင်းခွက်ကို ခပ်သည်။ ခပ်၍ရပြန်တော့ ပါးစပ်ထဲ သွင်းရန် ခက်ခဲနေ ပြန်သည်။ အစ်ကိုက သူ့အမူအယာ ကြည့်ပြီး အံ့သြနေသည်။

"ဘာဖြစ်နေတာလဲ တိုးလုံ"

"ဘယ်လိုဖြစ်နေမှန်း မသိပါဘူး"

"မင်း မဟုတ်တာတွေ လုပ်နေလို့ ဖြစ်မှာပေါ့"

နောက်တော့ ဝက်သားဟင်းဖတ်က ပါးစပ်တွင်း ရောက်သွား သည်။ သို့သော် တစ်ယောက်ယောက်က လည်ပင်းညှစ်ထားသကဲ့သို့ မြို၍ မရပြန်တော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပြန်ထွေးထုတ်လိုက်ပြီး မုန့်ညှင်းဟင်းချိုဖြင့် စားတော့မှ စား၍ရလေသည်။ အစ်ကိုက သူ့ကို ကြည့်ပြီး တအံ့တသြ ဖြစ်နေသလို သူ ကိုယ်တိုင်လည်း နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ထိုညက အဓိဋ္ဌာန်ဝင်ပြီး အိပ်ယာဝင်တော့ အိပ်မက်ထဲမှာ ရဟန်းတစ်ပါးနှင့် ဝတ်ဖြူစင်ကြယ် ဝတ်ထားသော လူသူတော်တစ်ဦးကို တွေ့ရပြန်သည်။

"အဓိဋ္ဌာန်ဝင်နေတဲ့အချိန်မှာ သက်သတ်လွတ် မစားနိုင်ရင်တောင် ကြားသား၊ မြင်သား၊ သိသားတွေကိုတော့ ရှောင်ရမှာပေါ့"

"ကြားသား၊ မြင်သား၊ သိသားဆိုတာ ဘယ်လိုမျိုးတွေလဲ အဘ"

"ကြားသားဆိုတာ သတ္တဝါတစ်ကောင် သတ်ဖြတ်နေတယ်ဆိုတဲ့သတင်း ကြားတာနဲ့ သတ်ဖြတ်နေတုန်း အဲဒီသတ္တဝါ အော်ဟစ်နေတဲ့အသံကို ကြားရင် အဲဒါ 'ကြားသား' လို့ ခေါ်တယ်၊ မစားရဘူး. . . ရှောင်ကြဉ်ရတယ်"

"ဟုတ်ကဲ့ အဘ"

"မြင်သားဆိုတာ သတ္တဝါတစ်ကောင် သတ်ဖြတ်နေတာကို မြင်တွေ့တာကို ခေါ်တယ်၊ အဲဒီ 'မြင်သား' ကို မစားရဘူး. . . ရှောင်ကြဉ်ရတယ်"

"ဟုတ်ကဲ့"

"သိသားဆိုတာ ထိုသတ္တဝါကို သတ်ဖြတ်တာကို သိခြင်းနဲ့ မိမိကို ပေးဖို့ကျွေးဖို့ သတ်တာကို သိရက်နဲ့ မစားရဘူး၊ ရှောင်ကြဉ်ရတယ်၊ အဲဒါ သိသားလို့ ခေါ်တယ်၊ အဲဒီသုံးမျိုးစလုံး ရှောင်ကြဉ်ရတယ်"





"ဟုတ်ကဲ့. . . သိပါပြီ၊ ရှောင်ကြဉ်ပါတော့မယ်"

ထိုအချိန်မှစ၍ နောက်ပိုင်းတွင် ထိုအသားမျိုး မစားတော့ပေ။ နောက်တစ်နေ့ နံနက်စောစော ထပြီး အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေစဉ် မျက်စိအာရုံထဲမှာ ဟင်းခွက်သုံးခွက် ပေါ်လာသည်။ ကြက်တစ်ကောင်ကို သတ်ဖြတ်၍ ဟင်းခွက်များ ပြုလုပ်နေခြင်းဖြစ်၏။

တစ်ခွက်က ကြက်သားကို အာလူးဖြင့် ရောချက်ထားသည်။ နောက်တစ်ခွက်က ကြက်ရိုး၊ ကြက်တောင်ပံ၊ ကြက်ခြေထောက်တို့ဖြင့် ရောနှောချက်ထားသော မုန်လာထုပ်ဟင်းချို၊ ကျန်တစ်ခွက်ကတော့ ကြက်သဲ၊ ကြက်မြစ်တို့ကို ပန်းမုန်လာဖြင့် ရောကြော်ထားသော ဟင်းသုံးခွက် ဖြစ်သည်။

ဘာကြောင့် ထိုဟင်းခွက်များကို မြင်တွေ့ရသည်ကို နောက်တစ်နေ့ရောက်မှ အဖြေပေါ်တော့သည်။ နောက်တစ်နေ့တွင် နှမဝမ်းကွဲ နှစ်ယောက် ရောက်လာပြီး သူတို့ညီအစ်ကိုနှစ်ယောက်စလုံးကို လာခေါ်သည်။

"ငါ့ အိမ်တိုင်ထူဖို့ ရှိတယ်၊ မင်းတို့ညီအစ်ကိုနှစ်ယောက်စလုံး လာခဲ့ကြ"

ဟု ဆိုသဖြင့် လိုက်သွားကြသည်။

ထိုအိမ်သို့ ရောက်ပြီး အလုပ်နား၍ ထမင်းစားသောအခါ ၎င်း တွေ့ရသော ဟင်းခွက်သုံးခွက်ကို ထမင်းစားပွဲပေါ်မှာ တွေ့ရသဖြင့် အံ့သြသွားသည်။

ထိုဟင်းခွက်များ မြင်သောအခါ ဝက်သားဟင်းတုန်းက အတွေ့အကြုံ ရှိသဖြင့် မနှိုက်ဝံ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်များက အတင်းခပ်ထည့်ပေးသော်လည်း မစားဝံ့တော့ပေ။ သ..က်သတ်လွတ် စားပါမည်ဟု အစိဌာန် ပြုမထားသော်လည်း အဓိဋ္ဌာန် ဝင်နေစဉ် မြင်တွေ့ထားပြီးဖြစ်၍ တစ်စက်ကလေးမှ မစားဝံ့တော့ပေ။

ထိုအချိန်မှစ၍ သူ့အတွက် ကျဉ်းကြပ်မှုများ စတင်ဖြစ်ပေါ်လာသည်ဟု ဆိုရပေမည်။





အခန်း(၃)

# မိုးကြိုးသိုက်နှင့် ပရလောကသား

**နောက်**ပိုင်းရက်များမှာတော့ ကိုးလုံတစ်ယောက် ...အတော်များများသို့ သွားရောက်ကာ အဓိဋ္ဌာန် ဝင်ခဲ့လေသည်။ ...များအားဖြင့်တော့ ၎င်းသွားရောက် အဓိဋ္ဌာန်ဝင်သောနေရာများမှာ ...တောင်များ ဖြစ်ပေသည်။

တစ်ကြိမ်မှာတော့ အဓိဋ္ဌာန်ဝင်ရင်း ထိတ်လန့်ဖွယ်ရာတစ်ခုနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရလေသည်။ ထိုနေရာမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အရှေ့ဘက်ကမ်း (ဧရာဝတီမြစ် အရှေ့ဘက်ကမ်း)ပေါ်ရှိ မုတ်ခိုးတောင်ပေါ်၌ ဖြစ်သည်။

မုတ်ခိုးတောင်၌ ရွှေစေတီ ရှိသည်။ ၎င်းရွှေစေတီ၌ (၇)ရက် အဓိဋ္ဌာန်ဝင်ရန် သွားရောက်ခြင်း ဖြစ်ပေသည်။ စေတီတော်နှင့် အနီးတွင် ရှမ်းဘုန်းကြီးကျောင်း ရှိသည်။ သူရောက်သွားတော့ ရှမ်းဘုန်းကြီးကျောင်းမှ ထမင်းဟင်းများ ကျွေးသည်။

ဘုန်းကြီးကျောင်းဆိုတော့ အသားဟင်း၊ ငါးဟင်းများ စုံလင်စွာပါလေသည်။ တိုးလုံက ကြက်သား၊ မြင်သား၊ သိသားများ မစားပါဟု အဓိဋ္ဌာန်ပြုထားသော်လည်း သက်သတ်လွတ် စားသောက်ခြင်း မရှိသဖြင့် ဘုန်းကြီးကျောင်းမှ ကျွေးသမျှ ထမင်းဟင်းများကို တဝတပြဲ စားသောက်ပြီးမှ အဓိဋ္ဌာန်ဝင်မည့်နေရာသို့ သွားလေသည်။

အစားအသောက်များ တနင့်တပိုး စားသောက်ထားသဖြင့် အဓိဋ္ဌာန်ဝင်သောအခါ ကောင်းစွာမလုပ်နိုင်ပဲ ငိုက်မြည်းလာတော့သည်။ နေ့လည်ဘက် (၁၁)နာရီကျော်ကျော်လောက်မှာပင် အဓိဋ္ဌာန် ဆက်မဝင်နိုင်ပဲ အိပ်ချင်လာသည်။

သို့ကြောင့် အလုပ်ကို ရပ်ပြီး သစ်ပင်အောက်မှာ တုံးလုံးလှဲချလိုက်သည်နှင့် မှေးကနဲ အိပ်ပျော်သွားတော့သည်။ ခဏကြာသောအခါ မိမိကိုယ်ပေါ်မှ တစ်စုံတစ်ယောက်က လေးလံသော ကိုယ်လုံးကြီးဖြင့် တက်ဖိထားသလို ရှိသဖြင့် လန့်နိုးလာပြီး မျက်စိဖွင့်ကြည့်သည်။

သို့သော် မျက်စိဖွင့်မရပေ။ နေရာမှ ထရန် ကြိုးစားသော်လည်း အပေါ်မှ ဖိထားသဖြင့် ထမရပေ၊ နှာခေါင်းထဲမှာလည်း ပုတ်အော်





အက်၊ ညှီစို့စို့အနံ့ကြီးက စူးစူးဝါးဝါး နံနေလေသည်။

အတန်ကြာသောအခါ ကောင်းစွာသတိရလာပြီးနောက် အားကုန် ကျုံးထလိုက်ရာ အပေါ်မှ ဖိထားသူက နပန်းလုံးတော့သည်။ တိုးလုံကလည်း မိမိကို တစ်စုံတစ်ယောက်က နှောင့်ယှက်နေသည် သိသဖြင့် အားသွန်ခွန်စိုက် ပြန်လုံးလေသည်။

ထိုသို့ နပန်းလုံးနေစဉ် တဖက်လူ၏ကိုယ်လုံးကိုသော်လည်းကောင်း၊ လက်ကိုသော်လည်းကောင်း ကိုင်တွယ်ရနေသည်။ မျက်စိဖြင့် မမြင်ရသော်လည်း ကြီးမားသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထိတွေ့ကိုင်တွယ်ရသဖြင့် အားရှိသမျှ သုံး၍ နပန်းဖက်လုံးတော့သည်။ နောက်တော့ တိုးလုံက မျက်စိမှိတ်ကာ နပန်းလုံးနေစဉ် တစ်ကိုယ်လုံး ချွေးစေးများ ထွက်လာသည်။

ထိုအခါ သူ့ဘက်က တပန်းသာလာသည်။

ချွေးစေးများဖြင့် ချောလာသောကြောင့် တဖက်လူက သူ့ကိုယ်ကို ကိုင်တွယ်၍ မရတော့ပေ။

ခဏကြာတော့ နပန်းလုံးနေသူထံမှ ရယ်သံကြားလာရသည်။ တိုးလုံ စိတ်ထဲမှာ ဒေါသဖြစ်နေသဖြင့် ရယ်သံကိုလည်း ဂရုမစိုက်ပဲ မနိုင်နိုင်အောင် လုံးမည်ဟု ဆုံးဖြတ်ချက် ချထားလေသည်။

တစ်ကြိမ်မှာတော့ တိုးလုံက အောက်ရောက်သွားပြီး နပန်းလုံးသူက အပေါ်ရောက်လာပြီး ကိုယ်လုံးနှင့် ဖိထားသည်။ လက်နှစ်ဖက်ဖြင့် လည်ပင်းကို ညှစ်သည်။

"အစ် . . ."

မိမိလည်ပင်းကို ညှစ်သော လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



အမွှေးရှည်များကို အရင်စမ်းမိသည်။ လည်ပင်းညှစ်လိုက်ပြီး အသက်ရှူမရတော့မှ မျက်လုံးက ပွင့်လာတော့သည်။ ထိုအခါ သူ့ကိုယ်ပေါ်မှာ ဖိထားသူ၏ကိုယ်လုံးကို မမြင်ရသော်လည်း ဦးခေါင်းပိုင်းကို မြင်ရသည်။

ကြောက်မက်ဖွယ်ကောင်းသော မျက်နှာမျိုးဖြစ်သည်။ မျက်လုံးက ပြူးပြူး၊ ကျယ်ဝန်းလှသော ပါးစပ်အတွင်းမှ အပြင်သို့ ငေါထွက်နေသည့် သွားနှင့်အစွယ်များကို မြင်ရသည်။ နားရွက်က ကားကားနှင့် မျက်နှာတစ်ခုလုံး အမွှေးရှည်များက ဖုံးအုပ်နေသည်။

ထိုအခါမှ သူ့ကိုယ်ပေါ်မှာ တက်ဖိထားသူမှာ သရဲသဘက်တစ်ကောင်မှန်း သိရတော့သည်။ လူတစ်ယောက်အဖို့. . .

ဒေါသထွက်နေချိန် ရဲစိတ်ဝင်နေသည့်အချိန်၊ မခံချင်စိတ်ရှိနေသည့်အချိန်၊ မာန်မာန ပြင်းထန်နေသည့်အချိန်၊ သတ္တိဝင်နေသည့်အချိန်၊ မိုက်စိတ်ဝင်နေသည့်အချိန်၊ ရာဂရမ္မက် ပြင်းထန်နေသောအချိန်များတွင် မည်သူ့ကိုမှလည်း ဂရုမစိုက်၊ ဘယ်အရာကိုမှလည်း မကြောက်၊ တွေ့သမျှအရာနှင့် ရင်ဆိုင်ဝံ့သော သဘောရှိရာ ယခုတိုးလုံမှာလည်း ဒေါသကြီးစွာ ထွက်နေချိန်မို့ ကြောက်မက်ဖွယ်ကောင်းသော သရဲသဘက်ကို မြင်ရသော်လည်း ကြောက်ရွံ့ခြင်း မဖြစ်ပဲ အနိုင်မခံ အရှုံးမပေးစိတ်ဖြင့် ခွန်အားရှိသမျှ သုံးကာ ဆက်လုံးပြန်တော့သည်။

အတန်ကြာလာလေလေ. . . သူ တစ်ကိုယ်လုံး ချွေးစေးများ ရွှဲလာပြီး ချောလာသည်။

ငှင်းလက်ဖြင့် ဆုပ်ကိုင်၍ မရဘဲ ရှိနေရာ တိုးလုံက အပေါ်စီးမှ





ရလာသည်။

အတန်ကြာသောအခါမှ ငှင်းရွတ်ဆိုနေကျ သရဏဂုံ သုံးပါးကို သတိရလာသည်။ တိုးလုံမှာ အတော်မောနေပြီ ဖြစ်သဖြင့် ထို့ထက်အချိန်ကြာလာပါက ဆက်လုံးနိုင်တော့မည် မဟုတ်ပေ။ သို့ကြောင့် သရဏဂုံသုံးပါးကို ရွတ်သည်။

"ဗုဒ္ဓံ. . . ဗုဒ် ဗုဒ်. ဗုဒ်ခံ၊ ဗုဒ်. . ခံ"

မောလွန်းနေသဖြင့် အသံက မဖြောင့်။

"ဗုဒ်. . ဗုဒ္ဓံ သ သရဏံ၊ ဂစ်၊ ဂစ် ဂစ္ဆာမိ"

ထိုသို့ အထစ်ထစ် အငေါ့ငေါ့ ရွတ်သော်လည်း နပန်းသတ်နေသော သဘက်ကြီးက လက်ကို လျှော့ပေးလိုက်သည်။

သို့ကြောင့် မိမိလက်ကို ဆောင့်ရုန်းလိုက်ရာ လွတ်သွားသည်။ ထိုအခါမှ တစ်ကိုယ်လုံး ပေါ်လာပြီး ခါးထောက်ရပ်ကာ မျက်လုံးဖြင့် ပြူးကြည့်နေသည်။

တိုးလုံက ရဲရဲတင်းတင်း ပြန်ကြည့်ပြီး. . .

"ငါ့ဖာသာ နေတာ ဘာကြောင့် နပန်းလာလုံးတာလဲ"

ဟု မေးလိုက်သည်။

"အမိဋ္ဌာန်ဝင်တဲ့လူက ဝက်သား၊ အမဲသား၊ ကြက်သား၊ ငါးတွေ စားလာတယ်၊ မင်းကို နပန်းလုံးလို့ နိုင်ရင် ဗိုက်ထဲမှာ ရှိတဲ့ အဲဒီဝက်သား၊ အမဲသားတွေကို ထုတ်စားလို့ရမယ်၊ နောက်ပြီး မင်းကို သတ်ပြီး တပည့်လို ခိုင်းလို့ရတယ်"

ထိုအခါမှ အမိဋ္ဌာန် မဝင်ခင် ကျောင်းမှ ကျွေးသော အသားဟင်း၊ ငါးဟင်းတွေကို တဝတပြ စားသောက်လာခဲ့သည်ကို သတိရမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီတောင်က အသားငါးစားတာ မကြိုက်ဘူးလား"

"တောတောင်တွေထဲမှာ အမိဌာန်ဝင်ရင် ဘယ်တော ဘယ်တောင်ကမှ အသားငါးစားတာ မနှစ်သက်ဘူး၊ မုဆိုးတစ်ယောက်က အမဲသတ်စားတာ ဘာမှအကြောင်းမဟုတ်ပေမယ့် ဘုရားတရားအလုပ်လုပ်မယ့်သူက အသားငါးတွေ စားလာတော့ ခန္ဓာကိုယ်က ဘယ်သန့်တော့မလဲ၊ ဒါကြောင့် မင်း အမိဌာန် ဆက်ဝင်မရပဲ အိပ်ချင်တာပေါ့။ မင်းအိပ်တော့ ငါက နပန်းဝင်လုံးတာပေါ့"

ဟု အသံသြသြကြီးဖြင့် ပြောသည်။ ထိုအခါမှ တိုးလုံမှာ သူ့အမှားကို သတိရတော့သည်။

"အေး. . . ငါမှားသွားတယ်၊ နောက်နေ့တွေ လာရင် အသားငါးတွေ မစားခဲ့တော့ဘူး၊ မင်းလည်း ငါ့ကို နပန်းလာမလုံးနဲ့တော့"

ထိုသို့ပြောလိုက်သောအခါ မျက်လုံးပြူးပြူး၊ အစွယ်ငေါငေါနှင့် သဘက်ကြီးက ပျောက်သွားတော့သည်။ နောက်ပိုင်းရက်မှစ၍ သက်သတ်လွတ် စားသောက်၍ အမိဌာန်ဝင်ရာ မည်သည့်အနှောင့်အယှက်မှ မတွေ့ရတော့ပေ။ ထိုတောင်သို့ အကြိမ်ကြိမ် အမိဌာန်ဝင်ဖူးခဲ့သည်။

နောက်ပိုင်းမှာတော့ မသွားခင်ကတည်းက သက်သတ်လွတ်ကြိုတင်စားကာ ထိုတောင်ပေါ်မှာ နေသမျှလည်း သက်သတ်လွတ်ပင် စားသဖြင့် အနှောင့်အယှက် မတွေ့ရတော့ခြင်းဖြစ်၏။

ထိုတောင်ပေါ်၌ ရှမ်းဘုန်းကြီးကျောင်းတစ်ကျောင်း ရှိကာ ဘုန်းကြီးတစ်ပါး ရှိလေသည်။ ထိုဘုန်းကြီးက မိန့်ကြားရာတွင်. . .

"ကျုပ်လည်း ဒီတောင်ပေါ် စရောက်ကာစက ဒီလိုပဲ နပန်းလုံး





ခဲ့ရသေးတယ်၊ ကျုပ်ကတော့ နပန်းဖက်မလုံးပါဘူး၊ အနားကပ်လာတာနဲ့ 'ဟေတုပစ္စယော' ဆိုပြီး တောင်ဝှေးနဲ့ ထိုးလိုက်တယ်၊ နောက် ကပ်လာရင် 'အာရမ္မဏပစ္စယော' ဆိုပြီး ရိုက်လိုက်တယ်၊ ဆက်လာရင် 'ပုရေဇာတပစ္စယော' ဆိုရုံပဲ ရှိသေးတယ်၊ သူထွက်ပြေးသွားလိုက်တာ နောက်မလာတော့ဘူး"

ဟု မိန့်ကြားလေသည်။

သက်သတ်လွတ် စားခြင်းကြောင့် အကျိုးရှိပုံကို ယခုမှ သိရပြီး မဟုတ်ပဲ ယခင်အစပိုင်းကာလကတည်းက ကြုံခဲ့ရဖူးလေသည်။ တစ်ခါက တဲတန်းလျားတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ကြရလေသည်။

ထိုတဲတန်းလျားမှာ အခန်း(၇)ခန်း ရှိလေသည်။ ထိုတဲတန်းလျား ဆောက်ထားသောနေရာမှာ တစ်ချိန်က လေယာဉ်ပျံ ပျက်ကျထားပြီး လူအမြောက်အမြား သေဆုံးထားခဲ့သော နေရာမှန်းတော့ မသိကြပေ။

ယခင်က ထိုတဲတန်းလျားများမှာ တစ္ဆေသရဲများ ခြောက်လှန့်သဖြင့် ဘယ်သူမှ ကြာရှည်မနေဝံ့ပေ။ ညအိပ်သည်နှင့် ကုလားသရဲ၊ တရုတ်သရဲများ မျိုးစုံ လာခြောက်လေ့ ရှိသည်။

ပြောင်းကာစက အခြားသူများ ရောက်မလာသေးသဖြင့် တိုးလုံတစ်ယောက်တည်း စတင်နေရလေသည်။ ရောက်စက ညအချိန်ရောက်လာသည်နှင့် တရုတ်၊ ကုလား သရဲတစ္ဆေမျိုးစုံတို့ ရောက်လာပြီး သူ့နံဘေးမှာ ပတ်လည်ဝိုင်းထားကြသည်။

အိပ်မရအောင် နှောင့်ယှက်ကြသည်။ သို့ကြောင့် မိမိ သိသော ပရိတ်များကို ရွတ်၍ မေတ္တာပို့ပေးသည်။ အခြောက်အလှန့် သက်သာ



www.burmeseclassic.com

www.burmeseclassic.com



လာသော်လည်း ညအချိန် အိပ်တော့မည်ကြံလျှင် အိပ်မရအောင် ပုတ်စော်နံလာလေ့ရှိသည်။

သို့ကြောင့် အသားငါးဟင်း မစားတော့ပဲ သက်သတ်လွတ်သာ စားတော့မှ အပုတ်နံ့ ပျောက်သွားပြီး အိပ်၍ရတော့သည်။ နောက်တစ်ရက်နှစ်ရက်ကြာတော့ ပတ်ဝန်းကျင်မှ လူအချို့ ရောက်လာကာ မေးသည်။

"ဒီမှာ နေလို့ရရဲ့လား"

"ရပါတယ်"

"တစ္ဆေသရဲတွေ မခြောက်ဘူးလား"

"ရောက်စကတော့ ခြောက်တယ်၊ အခုတော့ မခြောက်တော့ဘူး"

ထိုစကားကြောင့် တအံ့တသြ ဖြစ်သွားကြသည်။

"အံ့သြစရာပဲ. . . ဒီနေရာက လေယာဉ်ပျံ ပျက်ကြပြီး လူတွေအများကြီး သေခဲ့ဖူးတဲ့နေရာဆိုတော့ တစ္ဆေသရဲ သိပ်ခြောက်တယ်၊ ဘယ်သူမှ တစ်ညပြည့်အောင် မနေဝံ့ကြဘူး၊ နေလို့လည်း မရကြဘူး၊ မင်းကျမှ နေလို့ရတယ်ဆိုတော့ အံ့သြစရာပဲ၊ ဆေးကောင်းရှိပုံရတယ်"

ဟု ပြောကြသည်။

မြစ်ကြီးနားမြို့ အနောက်ပိုင်းတွင် ထူးဆန်းသော ရေတွင်းပျက်တစ်ခု ရှိသည်။

ထိုရေတွင်းပျက်သည် ဘယ်သူမှ မသိသော 'မိုးကြိုးသိုက်' နေရာပင် ဖြစ်သည်။

မိုးကြိုးသိုက်မှာ တစ်မိုးတွင်းလုံး ပစ်သမျှ မိုးကြိုးသွားများ





ထိုတွင်းထဲ၌ လာရောက်စုနေခြင်း ဖြစ်၏။

မိုးတွင်းအခါ မိုးကြိုးပစ်သံ ပေါ်လာပြီး မရှေးမနှောင်းမှာ ထိုတွင်းဟောင်းထဲမှ 'ဂလုံ ဟုံ ဟုံ' ဟူသော လိုဏ်ခေါင်းသံတစ်ခုကို ပတ်ဝန်းကျင်မှ ကြားရလေ့ရှိသည်။

ဘာကြောင့် မြည်မှန်းတော့ မသိရပေ။

ထိုရေတွင်းဟောင်း ရှိသောနေရာမှာ တိုးလုံ နေသော တဲတန်းလျားနှင့် ကိုက်(၂၀)ခန့်မျှသာ ဝေးသည်။ သို့ကြောင့် မိုးကြိုးပစ်ပြီးတိုင်း 'ဂလုံ ဟုံ ဟုံ' ဟူသောအသံကို တဲဆီမှ တစ္ဆေသရဲများ အော်သံဟု ပြောကြသည်။

တစ်နေ့တော့ တိုးလုံ စိတ်ထဲမှာ ထူးခြားသည် ထင်သဖြင့် အဖော်သုံးယောက်ကို ခေါ်ကာ ထိုရေတွင်းပျက်ထဲ ဆင်းကြည့်လေရာ မိုးကြိုးသွား အမြောက်အမြား ရလေသည်။

စုစုပေါင်း (၁၈)ချောင်း ရှိသည်။ မိုးကြိုးသွားများမှာ ရဲဒင်းပုံ၊ ပေါက်ဆိန်ပုံ၊ ပဲကွပ်ပုံ၊ ပေါက်ပြားပုံ၊ တူရွင်းပုံ၊ ဓါးပုံ၊ လှံပုံ၊ သံလျက်ပုံ သည်ဖြင့် အရွယ်အစား ပုံသဏ္ဍာန် စုံလှသည်။

တိုးလုံမှာ မိုးကြိုးသွားများ ရသော်လည်း ဘယ်လိုသုံးရမှန်းလည်းမသိ၊ ဘယ်လောက် တန်ဖိုးရှိမှန်းလည်း မသိပေ။

သို့ကြောင့် တန်ဖိုးသိသူများက လာတောင်းသဖြင့် ပေးလိုက်ရာ နောက်ဆုံး သူ့အတွက် သိမ်းထားသော နှစ်ချောင်းပင် ပါသွားတော့သည်။ ထိုအခါ အဘိုးကြီးတစ်ယောက်က လာပြောသည်။

"ဒါ မိုးကြိုးသိုက်လို့ ခေါ်တယ်၊ ရှိပေမယ့် တော်ရုံလူ မတွေ့နိုင်ဘူး၊ သက်သတ်လွတ်စားပြီး ရှေးဘဝ ပါရမီအခံကောင်းသူ

www.burmeseclassic.com



တွေမှသာ တွေ့နိုင်တယ်"

"သား ငါး စားတဲ့လူတွေ ဘာကြောင့် မတွေ့နိုင်တာလဲ အဘ"

"တကယ်တော့ နိမိလို သိဒ္ဓိရှိတဲ့ပစ္စည်းတွေဆိုတာ နတ် ဗြဟ္မာ၊ ဝိဇ္ဇာတွေ စတဲ့ အထက်ပုဂ္ဂိုလ်တွေ စောင့်ရှောက်မှ တွေ့နိုင်တာမျိုး ကွယ့်၊ အထက်ပုဂ္ဂိုလ် မှန်သမျှ သက်သတ်လွတ်ပဲ မှီဝဲကြတော့ အသား ငါး စားတဲ့လူတွေနဲ့ ဓါတ်ချင်း ဆက်လို့ မရကြဘူး၊ သူတို့က အကူအညီ ပေးချင်ပေမယ့် ဓါတ်ချင်း မဆက်မိတော့ ဘယ်လိုမှ အကူအညီပေးလို့ မရကြဘူး"

"အော်. . . ဒီလိုကြောင့်ကိုး"

"မင်းက ဗုဒ္ဓဘာသာရဲ့အနှစ်သာရကို လေ့လာမယ်ဆိုရင် တတ်နိုင်သမျှ သက်သတ်လွတ် စားပြီး ကျင့်ကြံအားထုတ်ရင် မြင်အပ် သောပုဂ္ဂိုလ်၊ မမြင်အပ်သော ပုဂ္ဂိုလ်တွေရဲ့အကူအညီ စောင့်ရှောက်မှု ကြောင့် ဒီထက် အကျိုးများနိုင်တယ်"

"ဟုတ်ကဲ့. . . ကျွန်တော် ကြိုးစားပါ့မယ် အဘ"

"ဗုဒ္ဓဘာသာရဲ့အနှစ်သာရဟာ ကျယ်ဝန်းလေတော့ ခက်ခက် ခဲခဲ ရှာဖွေမှပဲ ပြည့်စုံမှု ရရှိနိုင်မယ်၊ ဗုဒ္ဓတရားတော်တွေဟာ ခက်ခဲမှု ရှိသလို သိမ်မွေ့နက်နဲတာတွေလည်း အများကြီး ရှိတယ်၊ ဗုဒ္ဓရဲ့အနှစ် သာရကို ပြည့်ပြည့်ဝဝ လေ့လာချင်တယ်၊ ကျင့်ကြံအားထုတ်မှု ပြုချင် တယ်ဆိုရင်တော့ ရဟန်းဘဝက အကောင်းဆုံးပဲကွယ့်"

ဟု ပြောဆိုကာ ပြန်သွားလေသည်။

နောက်ပိုင်းမှာတော့ ရဟန်းဘဝသို့ ကူးပြောင်းကာ ကျင့်ကြံ အားထုတ်မှုများ ပြုခဲ့လေသည်။





(ထိုအကြောင်းများကို ပထမစာအုပ်ဖြစ်သော 'မိစ္ဆာမြေမှ ဘဝ္ဆေ' စာအုပ်၌ အတန်အသင့် ဖော်ပြပြီးခဲ့ပေပြီ။)

ယခု ရှေ့၌ ဖော်ပြမည့် အကြောင်းအရာများမှာ ရဟန်းဘဝနှင့် တွေ့ကြုံရသော ဖြစ်ရပ်ဆန်းကြယ်များပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၄)

# ထူးဆန်းသော ဂမုန်းကိန္နရာပင်များ

ဦး အရိယဝံသ အရှင်မြတ်သည် ရဟန်းဘဝသို့ ရောက်ခဲ့ပြီးနောက် လူအများနှင့် ရောရောနှောနှော နေခြင်းကို ရှောင်ရှား၍ တောတော်ကြီးများအတွင်း၌သော်လည်းကောင်း၊ တောင်တန်းများ၊ ဂူများထဲတွင် တစ်ပါးတည်း သွားရောက်နေထိုင်ကာ တရားကျင့်ကြံမှုများ ပြုလုပ်လေသည်။

ထိုသို့ပြုလုပ်ရာမှာ တစ်ကိုယ်တည်း တရားအားထုတ်ခြင်း ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကောင်းသောအကျိုးတရားများ ရရှိသလို မကြာခဏ ဆိုသလို အနှောင့်အယှက်များနှင့်လည်း တွေ့ကြုံရလေသည်။

ကောင်းသော အကျိုးတရားများမှာ မိမိတစ်ပါးတည်း တရားအားထုတ်နေစဉ်အတွင်း သက်သတ်လွတ် ဆွမ်းများ၊ သစ်သီးဝလံများ လှူမည့်သူများ ရောက်လာလေ့ရှိခြင်း၊ မိမိအနေနှင့် တရားအလုပ်ကို ဆက်လက်အားထုတ်နေစဉ် အချိန်တန်လျှင် လှူမည့်သူက အဆင်သင့် ရောက်နေတော့သည်။

"အရှင်ဘုရားအတွက် သက်သတ်လွတ် ဆွမ်းပါဘုရား"

ဂူထဲမှာ တရားအားထုတ်နေစဉ် ဆွမ်းအုပ်တစ်အုပ် လာကပ်သည်။

"အေး. . . ဒကာမတို့က ဘယ်မှာနေကြတာလဲ"

"တပည့်တော်တို့က ဒီနားတဝိုက်မှာ ရှိတဲ့ ရွာမှာပဲ နေကြတာပါဘုရား"

"ကျုပ် ဒီဂူထဲမှာ ရှိတာ ဘယ်လိုများ သိတာလဲ"

"တပည့်တော်မတို့လည်း တစ်ဆင့်စကားနဲ့ သိတာပါဘုရား"

"အေး. . . သာဓု. . သာဓု. . သာဓု"

"တပည့်တော်တို့ကိုလည်း ရည်စူးပြီး မေတ္တာပို့ အမျှအတမ်း ဝေပေးပါဘုရား"

"အေး. . . အေး"

အရှင်မြတ်က မျက်စိကို မှိတ်၍ မေတ္တာပို့ အမျှဝေပေးလိုက်သည်။ ထိုအခါ ၎င်းရှေ့၌ ရောက်ရှိနေသော ဆွမ်းဒကာမတို့၏မူလရုပ်သွင်ကို မြင်ရလေသည်။





"အော်. . . သူတို့က ပရလောကသားတွေကိုး"

ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

မျက်စိပြန်ဖွင့်ကြည့်လိုက်တော့ မိန်းကလေးသုံးယောက်ကို မတွေ့ရတော့ပေ။

"ဤဆွမ်းဒါနအကျိုးကြောင့် ကောင်းရာသုဂတိ ဘုံဘဝသို့ ကူးပြောင်းရောက်နိုင်ကြပါစေ"

ဟု တိုးတိုးလေး မေတ္တာပို့ပေးလိုက်သည်။ တစ်နေ့တော့ ဂူအတွင်းမှာ တစ်ပါးတည်း တရားအားထုတ်နေစဉ် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ရောက်လာလေသည်။

သူသည် အရပ်အမောင်း မြင့်မားလှပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများပင် ဆွတ်ဆွတ်ဖြူလျက်ရှိသည်။

"အရှင်ဘုရား ဘယ်တရားကို အားထုတ်ပါသလဲ"

"ကမ္မဋ္ဌာန်း တရားပါ"

"ဘယ်အဆင့်ရောက်ပြီလဲ"

"ကျင့်ကြံအားထုတ်ဆဲပဲ ရှိပါသေးတယ်"

"တရားအားထုတ်တော့ ဘယ်လိုထူးခြားမှုတွေ တွေ့ရပါသလဲ"

"သမာဓိ တည်ပြီး စိတ်တည်ငြိမ်လာတဲ့အခါ မိမိခန္ဓာဝန်ကို ထမ်းရတာ ပေါ့သွားသလို ခံစားရပါတယ်"

"အဲဒါကို ဈာန်တရားလို့ ခေါ်ပါသလား"

"ဈာန်တရားမှာ လှည့်စားခြင်းတွေ ရှိတယ်၊ အတုအစစ် ခွဲခြားနိုင်ဖို့ သမာဓိတွေ အများကြီး လိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တရားအားထုတ်တဲ့နေရာမှာ ဘယ်အရာက အရေးကြီးဆုံးပါလဲ ဘုရား"

"အဓိက,ကတော့ အရင်ဘဝက ဘယ်လိုဆုမျိုး တောင်းခဲ့သလဲဆိုတာ သိအောင် ကြိုးစားသင့်တယ်၊ ယခင်ဘဝက ဆုတောင်းနဲ့ ယခုဘဝ ကျင့်ကြံအားထုတ်မှု လွဲနေရင် အခက်အခဲတွေ ရနိုင်ပါတယ်"

ထိုစကားကြောင့် အဘိုးကြီးက များစွာစိတ်ဝင်စားဟန် ရှိလေသည်။

"တပည့်တော် နားမရှင်းလို့ ထပ်ပြီးရှင်းပြပေးပါ ဘုရား"

"ရှင်းအောင် ပြောရရင် ကိုယ်က အရင်ဘဝက ဝိပဿနာလမ်းစဉ်ကို ကျင့်ကြံပါမယ်လို့ ဆုတောင်းလာခဲ့ပြီး ယခုဘဝ ရောက်တော့ ဝိဇ္ဇာလမ်းစဉ်ကို ကျင့်နေလို့ မရဘူး၊

အရင်ဘဝက ဝိဇ္ဇာလမ်းစဉ်ကို ပေါက်မြောက်အောင် ကြိုးစားပါ့မယ်လို့ ဆုတောင်းလာခဲ့ပြီး ဒီဘဝရောက်တော့မှ ဝိပဿနာချည်း ကျင့်ကြံအားထုတ်နေလို့ မရဘူး"

"ရှင်းပါပြီဘုရား. . . သာဓကတစ်ခုလောက် ပြောပြပေးပါ"

ထိုအခါ အရှင်မြတ်က အောက်ပါ သာဓကတစ်ခုကို ပြောပြလေသည်။

စစ်ကိုင်းချောင်ဘက်၌ ဝိပဿနာတရားကို ကြိုးကြိုးစားစား အားထုတ်နေသော သီလရှင်တစ်ပါး ရှိသည်။

၎င်းမှာ တရားအားထုတ်မှုသက်တမ်းအတန်ကြာခဲ့ပြီမို့ အတန်အသင့် ပေါက်မြောက်သောအဆင့်သို့ ရောက်နေချေပြီ။

တစ်နေ့တော့ သီလရှင်ထံကို ဆရာတော်တစ်ပါး ကြွလာပြီး





ဤသို့ မိန့်ကြားလေသည်။

"ဆရာကြီး. . . အရင်ဘဝက ဆုတောင်းခဲ့တာနဲ့ ယခုဘဝ ကျင့်ကြံအားထုတ်နေတာ လွဲနေပြီ"

"တရားအားထုတ်တာပဲ. . . လွဲမှားတယ်လို့ ရှိပါသလား ဘုရား"

"အခုဘဝအတွက်တော့ မလွဲပါဘူး၊ ဒါပေမယ့် ယခင်ဘဝက ဆုတောင်းခဲ့တဲ့ကြွေးက ရှိနေတော့ အောင်မြင်သင့်သလောက် အောင်မြင်မှာ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာ"

"တရားအားထုတ်ရင် နံဘေးနားမှာ ကာကွယ်စောင့်ရှောက်ပေးမယ့် ဆရာကောင်းတော့ ရှိဖို့လိုတယ်"

"တရားအားထုတ်တာ ကောင်းတဲ့အလုပ် လုပ်တာပဲ၊ အကာအရံ အစောင့်အရှောက် လိုသေးလို့လား ဘုရား၊ တပည့်တော်မ တရားအားထုတ်ခဲ့တဲ့ သက်တမ်းတလျှောက်မှာ ဘယ်လိုအနှောင့်အယှက်မျိုးမှ မတွေ့ခဲ့ရပါဘူး ဘုရား"

ထိုအခါ ဆရာတော်က နားလည်သဘောပေါက်အောင် ရှင်းပြသည်။

"ဆရာကြီး. . . သစ်ပင်နိမ့်သေးတဲ့အခါ လေတိုက်ရင် ထိနိုင်ပါ့မလား"

"မထိနိုင်ပါ ဘုရား"

"အပင်မြင့်လာရင်တော့ လေတိုက်တဲ့ဒဏ်ကို ခံရမှာပဲ၊ ဒီလိုပဲ အရင်တုန်းက ဘာမှမဖြစ်ခဲ့ဘူးဆိုတာ ဆရာကြီးအနေနဲ့ ဘာမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သေးလို့ ဘယ်သူကမှ မနှောင့်ယှက်ခဲ့တာပါ။

အခု ဆရာကြီးက တရားလမ်းပေါ် အတန်အသင့် ရောက်လာပြီဆိုတော့ အတားအဆီးတွေ၊ အနှောင့်အယှက်တွေနဲ့ မုချ တွေ့ရမှာပဲ၊ ရှင်းအောင် သာဓကပြရရင် မြတ်စွာဘုရား မဖြစ်ခင်မှာ မာရ်နတ်က လာပြီးမနှောင့်ယှက်ပေမယ့် မြတ်စွာဘုရား ဖြစ်ပြီးတာနဲ့ ချက်ချင်း ရောက်လာပြီး နှောင့်ယှက်သလိုမျိုးပေါ့။

ဆရာကြီးအနေနဲ့ ယခုအခါ ဝိပဿနာလမ်းပေါ်မှာ အတန်အသင့် ပေါက်မြောက်လာပြီဆိုတော့ ရှေးဘဝက ဆုတောင်းခဲ့တာနဲ့ ပတ်သက်ပြီး အနှောင့်အယှက်တွေ ရောက်လာတော့မယ်၊ ကာကွယ်စောင့်ရှောက်ပေးဖို့ ဆရာကောင်း ရှာပေတော့"

ဟု ပြောဆိုမိန့်ကြားကာ ဆရာတော်က ပြန်ကြွသွားလေတော့သည်။

သီလရှင်ကြီးကတော့ ထိုဆရာတော် လာရောက်သတိပေးသည်ကို အလေးအနက် မရှိလှပဲ မိမိလုပ်နေကျ တရားအားထုတ်သော အလုပ်ကိုသာ ဆက်၍လုပ်ကိုင်လေသည်။

ရက်အတန်ငယ်ကြာသောအခါ သီလရှင်ထံသို့ ဝိဇ္ဇာတစ်ပါး ရောက်လာပြီး ဝိဇ္ဇာနိုင်ငံသို့ လိုက်ခဲ့ရန် ခေါ်လေတော့သည်။ ထိုအခါ သီလရှင်က. . .

'ဝိဇ္ဇာလမ်းစဉ်ကို မနှစ်သက်သဖြင့် ဝိဇ္ဇာနိုင်ငံသို့ မလိုက်လိုကြောင်း၊ ကျင့်ကြံအားထုတ်မြဲဖြစ်သော ဝိပဿနာလမ်းစဉ်ကိုပဲ ပြီးမြောက်အောင် ကျင့်ကြံအားထုတ်မှု ပြုလိုကြောင်း' ပြန်လည်ပြောလိုက်သောအခါ ဝိဇ္ဇာက ပြန်သွားလေသည်။





ဤသို့ဖြင့် နောက်ထပ် အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရဘဲ တရားကို ဆက်လက်အားထုတ်နိုင်လေသည်။ သို့သော် နှစ်နှစ်ခန့်ကြာသောအခါ ထိုဝိဇ္ဇာရောက်လာပြီး လာခေါ်ပြန်လေသည်။

"ဒီဘဝမှာ ဝိပဿနာနဲ့ ဘဝကူးလို့ မရဘူး၊ အရင်ဘဝက ဆုတောင်းရှိခဲ့တယ်၊ ဝိဇ္ဇာနိုင်ငံကိုသာ လိုက်ခဲ့ပါ"

"မလိုက်လိုပါ. . . ဝိပဿနာလမ်းစဉ်ကိုပဲ ဆက်လက်ကျင့်ကြံပါမည်"

"သင် ဆုတောင်းခဲ့သည်က ဝိဇ္ဇာလမ်းစဉ်ကို ကျင့်ကြံမည်သာဖြစ်ပြီး ဝိပဿနာဆုတောင်း မပါခဲ့ပေ၊ သို့ကြောင့် ဝိဇ္ဇာနယ်မြေကိုသာ လိုက်ခဲ့ပါတော့"

"ဝိဇ္ဇာလမ်းစဉ်ကို မနှစ်သက်ပေ၊ သို့ကြောင့် မလိုက်လိုတော့ပါ"

ထိုသို့ငြင်းသဖြင့် ဝိဇ္ဇာလည်း ပြန်သွားပြန်လေသည်။ နောက်ထပ် နှစ်နှစ်ခန့် ကြာသောအခါ တစ်ဖန်ရောက်လာပြီး ခေါ်ပြန်ရာ သီလရှင်က မလိုက်လိုကြောင်း ငြင်းပြန်သဖြင့် ဝိဇ္ဇာက သီလရှင်၏ ပါးစပ်ကို ဟအောင်ပြုလုပ်၍ ပါးစပ်ဟသောအခါ အသင့်ယူဆောင်လာသော ဓါတ်လုံးကို ပါးစပ်ထဲသို့ ထည့်ကာ ဝိဇ္ဇာနိုင်ငံသို့ ခေါ်ဆောင်သွားလေတော့သည်။

"အဲဒီသာဓကကို ကြည့်ရင် ကိုယ်ဆုတောင်းခဲ့တာ တခြား ကျင့်ကြံအားထုတ်မှုက တခြားဖြစ်နေရင် အခက်အခဲ ဖြစ်နိုင်တယ်လို့ ပြောတာပေါ့"

အရှင်မြတ်က သာဓကတစ်ခုကို ပြောပြလိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက များစွာသဘောပေါက်သွားလေတော့သည်။

“ဝိဇ္ဇာလမ်းစဉ်မှာလည်း အရိယာဝိဇ္ဇာလမ်းကို ရောက်နိုင်တဲ့ လမ်းစဉ် ရှိရဲ့မဟုတ်လား ဘုရား”

“ရှိပါတယ်. . . သာသနာတော်အတွင်းမှာ တစ်ဆင့်ပြီး တစ်ဆင့် တက်နိုင်တဲ့ ဝိဇ္ဇာလမ်းစဉ်(၄)ရပ် ရှိပါတယ်”

“ပြောပြပါဦး ဘုရား”

“ဝိဇ္ဇာလမ်းစဉ်လေးရပ်မှာ အရိယာဝိဇ္ဇာလမ်း ဖြစ်ပါတယ်”

“မှန်ပါ. . .”

“ဘုရား၊ ရဟန္တာ အရိယာသူတော်ကောင်းတို့ရဲ့လမ်းစဉ်က အရိယာဝိဇ္ဇာလမ်းစဉ် ဖြစ်ပါတယ်၊ ကျန်တဲ့ ပထမံဝိဇ္ဇာလမ်း၊ လောကီဝိဇ္ဇာလမ်းနဲ့ ဂန္ဓာရီဝိဇ္ဇာလမ်း စတဲ့သုံးလမ်းကတော့ လောကီဝိဇ္ဇာလမ်း သက်သက် ဖြစ်ပါတယ်”

“မှန်ပါ. . .”

“ကျန်တဲ့သုံးလမ်းက လောကီဝိဇ္ဇာလမ်းသက်သက် ဖြစ်ပေမယ့် သာသနာတော်အတွင်းမှာ ဖြစ်တာကြောင့် လောကီထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းများ ပြီးမြောက်အောင် ပြင်ပြီးတဲ့နောက်မှာ ဒါနတရား၊ သီလတရား၊ သမထတရား၊ ဝိပဿနာတရားကို ဆက်လက်ပွားများ အားထုတ်ရင် တစ်ဆင့်ပြီးတစ်ဆင့်တက်ပြီး လောကီ ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းမှတဆင့် အရိယာဝိဇ္ဇာလမ်းကို တက်လှမ်းနိုင်ပြီး လောကုတ္တရာ အရိယာဝိဇ္ဇာအဆင့်ကို ရောက်နိုင်ပါတယ်”

“အခုလို ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ် ဘုရား”

ဟု ပြောကာ အရှင်မြတ်ကို ကန်တော့လေသည်။





“ဒကာကြီးက ဘယ်သူလဲ၊ ဘယ်က လာတာလဲ”

“တပည့်တော်က တောင်ပိုင်ကြီးပါဘုရား၊ အရေးကိစ္စရှိရင် တပည့်တော် ကာကွယ်စောင့်ရှောက်ပေးပါ့မယ်၊ အရှင်ဘုရားလည်း ဒီနေရာမှာ နေနိုင်သမျှနေပြီး အမျှအတမ်း ဝေပေးပါဘုရား”

ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။

ဤသို့ဖြင့် ကျောက်ဂူအတွင်း၌ တရားအားထုတ်နေစဉ် ကာလ အတွင်း တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် ကျောက်ဂူနှင့် မဝေးလှ သော စမ်းချောင်းရှိရာသို့ ဆင်းလာစဉ် စမ်းချောင်းရှိရာဘက်မှ လူသံ သူသံများ ကြားရလေသည်။

အရှင်မြတ်က လူသံများနှင့် ဝေးရာသို့ သွားကာ ကိုယ်လက် သန့်စင်မှု ပြုလေသည်။

အတန်ကြာသောအခါ လူသံများ ရပ်တန့်သွားလေသည်။ ထိုအသံများ တိတ်ဆိတ်သွားသောအခါ တောတစ်ခုလုံး ဘာသံမှ မကြားရတော့ပဲ ငြိမ်သက်သွားလေတော့သည်။

အရှင်မြတ်က ကိုယ်လက်သန့်စင်ပြီး ရေစပ်မှ ပြန်တက်လာ သောအခါ တောစပ်၌ လူသံများကို ပြန်ကြားရပြန်သည်။ ဒီတစ်ကြိမ် တော့ ရေစပ်မှ မဟုတ်တော့ပဲ တောစပ်မှ ဖြစ်သည်။ ကြားနေရသော အသံများမှာလည်း သာမန်စကားပြောသံများသာမကတော့ပဲ သီချင်း ဆိုသံကဲ့သို့ အသံမျိုးပါ ကြားလာရသည်။

အရှင်မြတ်က ထိုအသံများ ကြားသောအခါ ထိုနေရာဘက်မှ အပေါ်သို့ ပြန်တက်လာသည်။

စောစောက အသံကြားရသောနေရာသို့ ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အသံများ ငြိမ်သက်သွားပြန်လေသည်။

အရှင်မြတ်က ထိုနေရာတဝိုက်သို့ လိုက်လံကြည့်တော့လည်း လူရိပ်လူခြည် မတွေ့ရပဲ အရွယ်တူ သစ်ပင်အချို့ကိုသာ တွေ့မြင်ရလေသည်။

သစ်ပင်များမှာ အပင်ပုမျိုးဖြစ်ပြီး လူခါးလောက်သာ အမြင့်ရှိသည်။ ပင်စည်မှ အကိုင်းအခက်များ ထွက်နေပြီး အရွက်က ကြက်ဆူရွက်နှင့် ပုံသဏ္ဌာန်တူသည်။

အချို့အပင်များ၏အရွက်က အရွက်ဖျားငါးခု ပါပြီး အရွက်ကလည်း ငါးလက်ပါသည်။ အချို့အပင်များကျတော့ အရွက်ဖျား လေးခု ပါပြီး အရွက်ကလည်း တစ်ပင်လုံးမှာမှ လေးရွက်သာ ရှိလေသည်။

ထူးဆန်းသည့်အချက်က ထိုအပင်များမှ သီးနေသော အသီးများပင် ဖြစ်၏။ အရွက်ငါးရွက် ထွက်သောအပင်မှ သီးသောအသီးမှာ မိန်းမတစ်ယောက်၏အင်္ဂါအစုံအလင် ပါပြီး ခြေလက်၊ ဆံပင်၊ မျက်စိနှာခေါင်း၊ ပါးစပ် စသည်တို့မှာ လူတစ်ယောက်နှင့်မခြား အစုံအလင် ပါလေသည်။

အသီး၏အရွယ်အစားမှာ လမ်းမှီ့သီးခန့်သာရှိလေသည်။ အညှာရင်းမှ ထွက်နေသော အမွေးဖွားများက ဆံပင်များကဲ့သို့ ပါပြီး အောက်သို့ ဖြာကျနေသည်။ အရှင်မြတ် တွေ့သော သစ်ပင်တောမှာ ဂမုန်းကိန္နရာ သူယောင်ပင် ပေါက်သောနေရာပင်ဖြစ်၏။

ထိုအပင်များမှ ပေါက်သော အရွက်နှင့်အသီးများမှာ တစ်မူထူးခြားလှပေသည်။ အသီးများက ယောကျ်ားမိန်းမ ပုံသဏ္ဌာန် ပါရှိပြီး ရုတ်တရက် ကြည့်ပါက လက်ရာမြောက်လှသည့် ပန်းပုရုပ်ကလေးများ





ခိုတ်ဆွဲထားသည်နှင့် ပုံသဏ္ဌာန် တူလေသည်။

အရွက်လေးခွ ရှိသော အပင်မှာ အဖိုပင်ဖြစ်ပြီး အရွက်ငါးခွ ပါရှိသောအပင်မှာ အမပင်ဖြစ်လေသည်။

အဖိုပင်နှင့်အမပင်မှာ ယှဉ်တွဲနေလေ့ရှိသည်။

ဂမုန်းကိန္နရာပင်များမှာ လူသူမနီးသော တောနက်များ၊ တောင်တန်းများပေါ်တွင် ပေါက်လေ့ရှိကြပြီး လူတွေ့မခံကြပေ။ ၎င်းတို့ရှိသောနေရာကို အမှတ်မထင် လူတွေ့သွားပါက ချက်ချင်း အခြားနေရာသို့ ရွှေ့သွားလေ့ရှိသည်။ အကယ်၍ လူမတွေ့စေကာမူ တစ်နေရာထဲမှာ အချိန်အကြာကြီး မနေပဲ တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းနေလေ့ရှိသည်။

၎င်းတို့သည် လသာသော ညအချိန်များတွင် သီချင်းဆိုသံကဲ့သို့ သာယာသောအသံများ သီဆိုကြပြီး ရုပ်သေးရုပ်များက ခုန်သကဲ့သို့ ယိမ်းထိုးလှုပ်ရှားကခုန်မှုလည်း ပြုကြသည်။

ညနေပိုင်းအချိန်နှင့် နံနက်စောစောအချိန်များတွင် စမ်းချောင်းရှိရာသို့ ရေသောက်ဆင်းလေ့ ရှိကြသည်။

တစ်ခါက မုဆိုးတစ်ဦးသည် တောလယ်ရင်းနှင့် ဂမုန်းကိန္နရာပင်များ ရှိသောနေရာသို့ ရောက်သွားလေသည်။

သူသည် သီချင်းဆိုသံများ ကြားသဖြင့် ချုံများကြားမှ ခြေသံမကြားအောင် လျှို့ဝှက်သွားပြီး ချောင်းကြည့်သောအခါ သစ်ပင်မှ သီးနေသော အသီးများမှာ လူကဲ့သို့ ကခုန်လျက်ရှိကြပြီး သီချင်းသံများမှာလည်း ၎င်းတို့ရှိရာမှ ပေါ်ထွက်လာကြောင်း သိရသဖြင့် ပုန်းနေရာမှ အပြင်သို့ ထွက်သွားလေရာ သူ အပြင်ရောက်သည်နှင့် ထိုပြင်နေသော



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံများလည်း တိတ်၊ လှုပ်ရှားနေမှုများမှာလည်း ရုတ်တရက် ရပ်တန့်သွားလေသည်။

ဇင်းက အပင်များကို ကြည့်သော်လည်း ဘာအပင်မှန်း မသိရသဖြင့် သိမှီသူများအား ပြသရန်အတွက် အပင်တစ်ပင်ကို နှုတ်ယူရန် ကြိုးစားလေသည်။

ထိုသို့နှုတ်ယူနေစဉ်မှာ ရုတ်တရက်ဆိုသလို လူအော်သံကဲ့သို့ အသံမျိုး ကြားလိုက်ရသဖြင့် တောတစ်ခုလုံး မည်းမှောင်တက်လာသည်။ ရုတ်တရက် လေပြင်းများလည်း ကျလာသောကြောင့် ထိုနေရာကို မှတ်မိစေရန် တိုင်ငုတ်တစ်ခု စိုက်ကာ ထွက်ပြေးရလေသည်။

ရွာသို့ ပြန်ရောက်လာသောအခါ အသည်းအသန် နေမကောင်း ဖြစ်သောကြောင့် ဆရာကြီးတစ်ယောက်နှင့် ကုသရလေသည်။

ဆရာကြီးက ရောဂါအခြေအနေကို စမ်းကြည့်ပြီး. . .

"မင်း တောထဲမှာ အမှားအယွင်း တစ်ခုခု လုပ်ခဲ့မိပုံရတယ်၊ ဘာမှားခဲ့သလဲ"

ဟု မေးသည်။

"တခြားတော့ ဘာမှ အမှားအယွင်း မရှိပါဘူး၊ လူနဲ့ တူတဲ့ သစ်ပင်တစ်ပင်ကို နှုတ်ယူဖို့ ကြိုးစားတာပဲ ရှိပါတယ်"

မုဆိုးက အကျိုးအကြောင်း ပြန်ပြောပြလိုက်သည်။

"မင်း တကယ်ပဲ တွေ့ခဲ့တာလား"

"တွေ့ခဲ့တယ် ဆရာကြီး၊ အဲဒါဘာပင်တွေလဲ"

"မင်း တွေ့ခဲ့တာ အခြားမဟုတ်ဘူး၊ သိဒ္ဓိရှိတဲ့ ဂမုန်းကိန္နရာ





သူ့ယောင်ပင်လို့ ခေါ်တယ်၊ အဲဒီအပင်မျိုးသာ ရလို့ကတော့ တစ်သက် ဆင်းရဲတော့ဘူး မှတ်ပါ"

"အဲဒီအပင်က ဘယ်လိုစွမ်းသလဲ ဆရာကြီး"

"ပီယသိဒ္ဓိမှာတော့ ထိပ်ပေါ့ကွယ်၊ ဂမုန်းကိန္နရာဆေးကို စီရင်ပြီးရင် ယောကျ်ားဆိုရင်လည်း ကိုယ်ကြိုက်တဲ့မိန်းမကို ရအောင် ယူနိုင်တယ်၊ မိန်းမဆိုရင်လည်း ကိုယ်နှစ်သက်တဲ့ ယောကျ်ားကို ရအောင် ယူနိုင်တယ်၊ ဒီလိုယူနိုင်မှတော့ ချမ်းသာပြီပေါ့ကွယ်"

"ဒီလိုဆိုရင် ဟန်ကျတာပဲ၊ အဲဒီအပင်တွေ ရှိတဲ့နေရာကို အသေအချာ မှတ်ထားခဲ့တယ်၊ နေရာကိုလည်း မှတ်မိတယ်၊ ကျုပ်နေကောင်းတာနဲ့ သွားယူပေးပါ့မယ်"

ထို့နောက် ဆရာကြီးက သူ့ရောဂါအား ဂမုန်းနတ်များအား ဒုဇော်ပသမှုများ ပြုလုပ်၍ ကုသပေးပြီးနောက် နေကောင်းသွားသောအခါ နှစ်ယောက်သား တောတွင်းသို့ တစ်ခေါက်ပြန်သွားကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ ထူးဆန်းသော ဂမုန်းကိန္နရာပင်များအား တစ်ပင်မှ မတွေ့ရတော့ပဲ သူ စိုက်ထားခဲ့သော တိုင်ငုတ်ကလေးများကိုသာ ခြေရာလက်ရာမပျက် တွေ့ရလေတော့သည်။

ထိုအခိုက်မှာပင် တောတွင်းတစ်နေရာဆီမှ. . .

"ငါတို့ ဒီမှာဟေ့. . . ဒီဘက်ကိုလာ"

ဟူသောအသံများကို ကြားရသဖြင့် အသံကြားရာသို့ သွားတာ ထိုနေရာသို့ ရောက်တော့ ဘာမှမတွေ့ရပေ။

အခြားနေရာဘက်မှ နောက်ထပ်အသံများ ကြားရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်မှာဟေ့ . . . ငါတို့ ဒီဘက်မှာ၊ ဒီနေရာကို လာကြ"

သို့ကြောင့် ထိုနေရာသို့ သွားကြပြန်ရာ အခြားသစ်ပင်များကိုသာ တွေ့ရပြီး ဂမုန်းကိန္ဒရာပင်များကိုတော့ တစ်ပင်တစ်လေမှပင် မတွေ့ကြရပေ။

"ငါတို့ကို တောခြောက်နေပြီနဲ့ တူတယ်၊ ဒီနေရာက အမြန်သွားကြရအောင်"

ဟု ဆရာကြီးက သတိပေးသဖြင့် နှစ်ယောက်သား တောနက်အတွင်းမှ ပြန်ထွက်ကြလေသည်။

ထိုအခါ နောက်ဘက်ဆီမှ . . .

"ပြေးပြီဟေ့ . . . လိုက်ကြဟေ့ . . . လိုက်ကြဟ"

ဟူသောအသံများ ကြားရရုံမကပဲ နောက်ဘက်မှ တောတိုးလာသံများကိုပါ ကြားရသဖြင့် နှစ်ယောက်သား ကြောက်လန့်တကြားနှင့် ထွက်ပြေးရလေတော့သည်။

ထိုအခါ သစ်ပင်များနှင့် တိုက်မိခြင်း၊ သစ်ကိုင်းများ၊ ဆူးများဖြင့် ခြစ်မိခြင်း၊ နွယ်များဖြင့် ငြိခြင်း၊ သစ်တုံးသစ်ငုတ်များဖြင့် တိုက်မိကာ မြေပေါ်သို့ လဲကျခြင်းများကြောင့် ဒဏ်ရာဒဏ်ချက်များစွာ ရပြီးမှ ရွာသို့ ပြန်ရောက်ကြလေသည်။

အရှင်မြတ်က ၎င်းရှေ့၌ ရှိနေသော ဂမုန်းကိန္ဒရာပင်များကို ကြည့်နေလေသည်။

ထိုသို့ကြည့်နေစဉ်မှာ ဂမုန်းကိန္ဒရာပင်များ၏ဘေးတစ်ဖက်တစ်ချက်တွင် တွဲလောင်းကျနေသော လက်ကလေးများမှာ တဖြည်းဖြည်းနှင့် လက်အုပ်ချီသကဲ့သို့ ဖြစ်လာကာ ရင်ဘတ်သို့ ရောက်လာ





သည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။

အရှင်မြတ်က အံ့ဩဖွယ်ရာကောင်းသော မြင်ကွင်းများကို တစ်ချက်ကြည့်ပြီးနောက် မိမိဂူရှိရာသို့ ပြန်ကြွလာလေသည်။ ထိုအခါ ဂမုန်းကိန္ဒရာပင်များ၏ဦးခေါင်းများက သူ ကြွသွားရာဘက်သို့ လိုက်လံကြည့်ရှုနေကြသည်ကိုတော့ အရှင်မြတ်အနေနှင့် မမြင်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၅)

# မာယာကျော့ကွင်းများမှ လွတ်မြောက်ခြင်း

**နောက်**တစ်ပတ်ခန့်ကြာ၍ ရေဆိပ်သို့ ဆင်းသောအခါ ယခင်တစ်ခါက တွေ့ခဲ့ရသော ဂမုန်းကိန္ဒရာပင်များကို မတွေ့ရတော့ပေ။ ရေဆိပ်၌ ကိုယ်လက်သန့်စင်ပြီး ပြန်တက်လာသောအခါမှ တောစပ်၌ ရပ်နေသော မိန်းကလေးနှစ်ယောက်ကို တွေ့ရသည်။ ၎င်းတို့လက်ထဲမှာ ဖက်စိမ်းဖြင့် ဆုပ်ထားသော အထုပ်တစ်ထုပ်ကိုလည်း ကိုင်ထားကြသည်။

အရှင်မြတ်က ထိုနေရာနှင့် မလှမ်းမကမ်း ရောက်ပြီး ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ နှစ်ယောက်သား မြေပေါ်သို့ ဒူးတုပ်ထိုင်ကာ ရှိသေစွာ ကန်တော့လိုက်ကြသည်။

"သာဓု . . . သာဓု . . . သာဓု . . . ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ"

ထို့နောက် မိန်းကလေးတစ်ယောက်က ၎င်းလက်ထဲမှ အထုပ်ကို အရှင်မြတ်အား ကပ်လှူလေသည်။

"ဂမုန်းကိန္နရာဥတွေ ဖြစ်ပါတယ် ဘုရား၊ ဒီဥတွေကို ဘုဉ်းပေးရင် အဟာရသိဒ္ဓိ ပြီးမြောက်ပြီး လိုရာဆန္ဒ ပြီးမြောက်စေပါတယ်"

"ဒီလို အဟာရမျိုးက ရဟန်းတွေနဲ့ မအပ်စပ်ပေဘူး"

"တပည့်တော်တို့ကို သနားသဖြင့် ဤအလှူကို လက်ခံပေးတော်မူပါ"

ဟု ပြောပြီး အထုပ်ကို ကပ်မြဲကပ်လှူနေရာ အရှင်မြတ်က လက်ခံလိုက်ရလေသည်။

"အရှင်ဘုရား တပည့်တော်တို့ကို ကယ်တင်စောင့်ရှောက်ပေးပါဘုရား"

"ဘယ်လိုအန္တရာယ်တွေနဲ့ ကြုံနေရလို့လဲ"

"တပည့်တော်တို့က ဟိမဝန္တာက နေရာရွှေ့လာကြတာပါ။ အကယ်၍ အခြားအန္တရာယ်တွေနဲ့ မတွေ့ရဘူးဆိုရင် ဒီနေရာမှာ သုံးနှစ်ပြည့်အောင် နေကြရပါတယ်၊ ဒါပေမယ့် အခု နေခွင့်မရတော့ပါဘူး ဘုရား"

"ဘာကြောင့် မနေရတာလဲ"

"တောပိုင်တောင်ပိုင်နဲ့ သမ္မာဒေဝ နတ်ကြီးတွေက တပည့်တော်တို့တတွေကို အရှင်ဘုရားရှိတဲ့ တောပတ်ဝန်းကျင်မှာ မနေရဘူးလို့ နှင်ထုတ်ကြလို့ ကယ်တင်ပေးပါဦး ဘုရား"

ဟု ငိုယိုကာ တောင်းပန်လျှောက်ထားကြရလေသည်။

"ဘာကြောင့် ဒီပတ်ဝန်းကျင်မှာ နေခွင့်မရတာလဲ"

"တပည့်တော်မတို့ ရှိရင် အရှင်ဘုရား တရားအားထုတ်တာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ အဝေးကို နှင်ထုတ်တာ ဖြစ်ပါတယ် ဘုရား၊ တပည့်တော်မတို့ ဂမုန်းကိန္နရာမျိုးတွေဟာ လရောင်ရှိတဲ့ညတွေမှာ သဘာဝအတိုင်း သီချင်းဆိုပြီး ကခုန်လေ့ ရှိကြပါတယ်၊ ဒီသီချင်းသံတွေ ကြားရင် အရှင်ဘုရား တရားအားထုတ်နေတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ နှင်ထုတ်တာ ဖြစ်ပါတယ်ဘုရား"

"သင်တို့ ဒီနေရာမှာ ရှိနေရုံနဲ့တော့ ကျုပ်အတွက် တရားအားထုတ်တဲ့အလုပ်တွေ အနှောင့်အယှက် မဖြစ်ပါဘူး၊ သင်တို့ သဘာဝအတိုင်းသာ လွတ်လွတ်လပ်လပ် နေကြပါ"

ဟု ပြောဆိုမိန့်ကြားကာ ၎င်းတို့ လှူထားသော ဖက်ရွက်ဖြင့် ထုပ်ထားသော ဂမုန်းကိန္နရာဥများကို ယူ၍ ကျောက်ဂူသို့ ပြန်ခဲ့လေသည်။ မိမိသီတင်းသုံးရာ ကျောက်ဂူသို့ ပြန်ရောက်၍ ညဉ့်ဦးပိုင်းအချိန်သို့ ရောက်သောအခါ တောစောင့်နတ်ကြီး ရောက်လာကာ ဤသို့ပြောသည်။

"အရှင်ဘုရား . . . ဂမုန်းကိန္နရာပင်တွေဟာ လူယောင်ဆောင်လေ့ရှိတဲ့ သူယောင်ပင်တစ်မျိုး ဖြစ်ပါတယ်ဘုရား၊ သူတို့ကို ဒီနေရာတဝိုက်မှာ ထားရင် တစ်နေ့မဟုတ်တစ်နေ့ အန္တရာယ် အနှောင့်အယှက် ဖြစ်လာနိုင်ပါတယ် ဘုရား၊ ဒါကြောင့် အဝေးကို နှင်ထုတ်လိုက်တာပဲ




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်"

"ကျုပ်တို့ သူတော်ကောင်းတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိအတွက်ကြောင့် တဖက်သား ဒုက္ခရောက်မှာကို မလိုလားကြဘူး၊ ကျုပ်အတွက်ကြောင့်တော့ သူတို့ ဒုက္ခမရောက်ကြပါစေနဲ့၊ လွတ်လွတ်လပ်လပ်သာ နေကြပါစေ"

ဟု ပြန်လည်မိန့်ကြားသောအခါ တောစောင့်နတ်ကြီးလည်း ရိုသေစွာ ရှိခိုး၍ ပြန်သွားလေတော့သည်။

အရှင်မြတ်က ၎င်းထံ၌ ရှိသော ဂမုန်းကိန္နရာဥများ ထည့်ထားသည့်အထုပ်ကို အမှတ်တမဲ့ဖြင့် ကျောက်ဂူ၏မြေပေါ် တစ်နေရာ၌ ချထားလိုက်မိသည်။

ဤသို့ဖြင့် ရက်မှလ ကူးခဲ့ပြီး မိုးရာသီအချိန်သို့ ရောက်လာသောအခါ ကျောက်ဂူမြေမှ အစိုဓာတ်ကြောင့် ဖက်ဖြင့် ထုပ်ထားသော ဂမုန်းကိန္နရာဥများမှာ အစို့အညှောင့်များ ထွက်လာလေသည်။

အမြစ်များက မြေသို့ ကုပ်ဝင်ကာ အပင်အမြစ် ရှင်သန်လာကြသည်။ ထိုအခြေအနေကို တရားအားထုတ်နေသော အရှင်မြတ်က သတိမပြုမိပေ။

ရက်လအတန်ကြာသောအခါ ဂမုန်းကိန္နရာပင်များမှာ ရှင်သန်ကြီးထွားလာကြလေသည်။ ၎င်းအပင်များမှ အသီးများ သီးပြန်တော့လည်း မိန်းမအင်္ဂါ အစုံအလင် ပါသော အသီးများကိုသာ သီးလာလေသည်။ ၎င်းတို့သည် အရှင်မြတ် ကျောက်ဂူထဲတွင် တရားအားထုတ်နေစဉ်မှာတော့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေကြပြီး အရှင်မြတ် အပြင်သို့ ကြွသွားသောအချိန်ဆိုလျှင် ဂူအတွင်း၌ လူသဏ္ဌာန်များအသွင်





ပြောင်းလဲကာ သီချင်းဆိုခြင်း၊ ကခုန်ခြင်း အစရှိသော ၎င်းတို့သဘာဝအတိုင်း ပျော်ပါးမှုများ ပြုကြလေသည်။

တစ်နေ့တော့ ထိုသို့ ကခုန်ပျော်ပါးနေစဉ် တောင်စောင့်နတ်ကြီးက ရောက်လာပြီး တားသည်။

"နင်တို့ ကုက္ကိုယမိန္ဒာတွေဟာ သူတော်ကောင်းတွေ တရားအားထုတ်နေတဲ့နေရာမှာ မနေသင့်ဘူး၊ ဒီနေရာက အမြန်သွားကြတော့"

"သင် တားလို့လည်း မရတော့ပြီ၊ ဤနေရာသည် ကျွန်ုပ်တို့နေခွင့်ရသောနေရာ ဖြစ်သဖြင့် ဤနေရာမှာပဲ နေရတော့မည်"

"ဘာကြောင့် ဒီလိုပြောရတာလဲ"

"ကျွန်ုပ်တို့အား ဤနေရာမှာ နေရန် အရှင်မြတ်ကိုယ်တိုင် ထားသဖြင့် နေကြခြင်းဖြစ်သည်၊ သင်မယုံက ဟိုမှာကြည့်လော့"

ဟု ပြောပြီး တစ်နေရာသို့ ညွှန်ပြသဖြင့် ကြည့်လိုက်သောအခါ အရှင်မြတ်ကိုယ်တိုင် ချထားသောအထုပ်မှာ ရက်လကြာသောအခါ ဖက်ရွက်မှာ ခြောက်သွေ့၍ ကွဲထွက်ပြီး ဂမုန်းဥများက ဂူကြမ်းပြင်အနှံ့သို့ ပြန့်ကျဲလျက် ရှိနေကြသည်။

ထိုဂမုန်းဥများမှာ ကြမ်းပြင်ပေါ်မှ ရေအစိုဓာတ်ကြောင့် အစို့အညှောင့်များ ပေါက်လာရာမှ ယခုတော့ အသီးအရွက်များ စုံလင်စွာဖြင့် အရွယ်ရောက်နေပြီဖြစ်သော ဂမုန်းကိန္နရာပင်များဘဝသို့ ရောက်ရှိနေချေပြီ။

"ဤနေရာသည် အရှင်မြတ်ကိုယ်တိုင် ခွင့်ပေးထားသောနေရာဖြစ်သဖြင့် သင့် ပိုင်ဆိုင်သောနေရာ မဟုတ်တော့ပြီ၊ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တားပိုင်ခွင့်လည်း မရှိတော့ပြီ"

ဟု ပြောလေရာ တောင်စောင့်နတ်ကြီးလည်း လက်လျှော့ကာ ပြန်သွားရလေသည်။ ရက်လအတန်ကြာပြီး ဂမုန်းကိန္နရာပင်များမှာ အရွယ်ရသည်ထက် ရလာပြီး အရွယ်ကလည်း ကြီးလာတော့သည်။

အရှင်မြတ်ကတော့ ဂူအတွင်း တစ်နေရာ၌ ဂမုန်းကိန္နရာပင်များ သူ့အလိုလို ပေါက်နေသည်ကို မြင်သောအခါ အမှုမဲ့ အမှတ်မဲ့သာနေရင်း တရားအလုပ်ကိုသာ အာရုံနှစ်၍ ဆက်လက်လုပ်ကိုင်လေသည်။

ဤသို့ဖြင့် သီတင်းကျွတ်လပြည့်ညသို့ ရောက်သောအခါ ဂူအတွင်းမှ သာယာသော သီချင်းသံများ ပေါ်လာလေသည်။ ထိုအသံများကို ကြားသော်လည်း မိမိအလုပ်ကို အပျက်မခံပဲ ဆက်လက်လုပ်နေရာ အတန်ကြာသောအခါ သီချင်းသံများမှာ တဖြည်းဖြည်း နီးလာရုံမက ခြေသံများပါ ကြားလာရသည်။

ဂူအတွင်းပိုင်းမှ လူသဏ္ဌာန် မိန်းမပျိုလေးများ ထွက်လာကြသည်။ ၎င်းတို့မှာ (၁၈)နှစ်ဝန်းကျင်အရွယ်ခန့် ရှိပြီး လှပချောမောသူများ ဖြစ်ကြလေသည်။

မိန်းကလေးများမှာ ငါးယောက်ဖြစ်ပြီး ဆံပင်ရှည်ကြီးများက တစ်ကိုယ်လုံးကို လွှမ်းခြုံထားသကဲ့သို့ ရှိလေသည်။ သို့သော်လည်း ပျော်ရွှင်စွာ ကခုန်လိုက်သည့်အခါ ဆံပင်များက လေထဲမှာ ဝဲပျံ့သွားလေရာ သူမတို့၏ပင်ကိုယ်အလှများက ပေါ်လာလေ၏။ မိန်းကလေးငါးယောက်တို့သည် အရှင်မြတ် ကရားအားထုတ်ရာ နေရာပတ်ဝန်းကျင်၌ လှည့်လည်ကာ သီချင်းဆိုလိုက်၊ ကလိုက်နှင့် တစ်ညလုံး ရှိနေကြပြီး





အရှေ့ဘက်မှ အလင်းရောင်များ ပေါ်လာတော့မှ ၎င်းတို့နေရာသို့ ပြန်သွားကြလေပြီ။

သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ ရောက်သောအခါ ဝါကျွတ်ပြီ ဖြစ်သောကြောင့် အရှင်မြတ်သည် သပိတ်သင်္ကန်း စသည်တို့ကို ပြင်ဆင်ကာ ထိုနေရာမှ ထွက်ခွာရန် ပြင်ဆင်လေတော့သည်။

ထိုအခါ ဂူအတွင်းမှ မိန်းကလေး ငါးယောက် ထွက်လာကာ ငိုယိုလျက် တောင်းပန်ကြလေသည်။

"အရှင်ဘုရား ဒီနေရာက မကြွပါနဲ့ဘုရား၊ အရှင်ဘုရား မရှိရင် တပည့်တော်မတို့ အန္တရာယ် ဖြစ်ကြပါလိမ့်မယ်"

သို့သော်လည်း အရှင်မြတ်က. . .

"သဗ္ဗေသတ္တာ ကမ္မသကာ. . ."

"သဗ္ဗေသတ္တာ ကမ္မသကာ. . ."

"သဗ္ဗေသတ္တာ ကမ္မသကာ. . ."

ဟု ရေရွတ်ရင်းနှင့် ဂူအပြင်သို့ ထွက်ခွာသွားလေတော့သည်။ ထိုအခိုက်မှာပင် ထိုကျောက်ဂူနှင့် မနီးမဝေးရှိ တောအုပ်အတွင်းသို့ တောလိုက်မုဆိုးတသိုက် ရောက်လာကြလေသည်။

၎င်းတို့သည် သစ်ပင်တစ်ပင်အောက်၌ နားနေကြစဉ် အသက်အရွယ် ကြီးလှပြီဖြစ်သော လူကြီးတစ်ယောက် ရောက်လာပြီး သတင်းပေးသည်။

"မင်းတို့ ဂမုန်းကိန္နရာပင်ဆိုတာ ကြားဖူးကြသလား"

"ကြားဖူးတယ် အဘ"

"မြင်ရော မြင်ဖူးကြသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှေးလူကြီးတွေ ပြောပြလို့သာ နာမည်သာ ကြားဖူးတာ၊ တစ်ခါမှတော့ မမြင်ဖူးသေးဘူး"

"ဒါထက် ဂမုန်းကိန္နရာပင် ရရင် မလိုချင်ကြဘူးလား"

ထိုစကားကြားသောအခါ မုဆိုးများမှာ ဝမ်းသာသွားကြလေသည်။

"ရရင်တော့ လိုချင်တာပေါ့ အဘရယ်၊ ဒါထက် ဂမုန်းကိန္နရာပင်က ဘာများ စွမ်းသလဲ အဘ"

မုဆိုးတစ်ယောက်က မေးလိုက်လေသည်။

"ဥကို စားရင် အဟာရသိဒ္ဓိ ပြီးတယ်၊ အပင်ကို ပဥ္စငါးပါး ဆေးစီရင်ပြီး သုံးရင် ပီယသိဒ္ဓိမှာ အဆုံးစွန်အထိ ခရီးရောက်နိုင်တယ်"

"ဟန်ကျတာပေါ့ အဘရယ်၊ ဒါထက် ဂမုန်းကိန္နရာပင် ရဖို့ ကျွန်တော်တို့က ဘယ်နေရာ သွားရှာရမလဲ"

"သိပ်မဝေးပါဘူး. . . ဒီကနေပြီး အရှေ့ဘက်တည့်တည့်ကို သွားရင် ဂူပေါက်တစ်ပေါက် တွေ့ရလိမ့်မယ်၊ အဲဒီဂူပေါက်ထဲကို ဝင်သွားရင် မင်းတို့ လိုချင်တဲ့ ဂမုန်းကိန္နရာပင်တွေ တွေ့လိမ့်မယ်"

ဟု ညွှန်ပြပေးကာ တောတွင်းသို့ ပြန်ဝင်သွားလေသည်။ သို့ကြောင့် မုဆိုးတစ်ဖွဲ့လည်း အဘိုးကြီး ညွှန်ပြပေးရာ လမ်းအတိုင်း သွားကြပြီး ဂူထဲသို့ ရောက်သောအခါ ဂမုန်းကိန္နရာပင်အချို့ကို တွေ့သည်နှင့် ဝမ်းသာအားရ နှုတ်ယူကာ ပြန်သွားကြလေတော့သည်။

အရှင်မြတ်သည် ဂမုန်းကိန္နရာသူယောင်ပင် နှောင့်ယှက်မှုကြောင့် ဝါကျွတ်သောအခါ မူလနေသောဂူကို စွန့်ခွာ၍ အခြားနေရာသို့ ကြွလေသည်။





ယခုရောက်နေသောနေရာမှာ ငယ်စဉ်ဘဝက နေထိုင်ခဲ့သော နေရာနှင့် မဝေးလှပေ။

အမှန်တော့ ထိုနေရာ၌ သီတင်းသုံးရန် အစီအစဉ် မရှိချေ၊ သို့သော် ထိုနေရာသို့ ရောက်ပြီး ခရီးတထောက် နားနေစဉ် အံ့ဩဖွယ်ရာ တွေ့ကြုံမှုကြောင့် ထိုနေရာ၌ သီတင်းသုံးဖြစ်ခဲ့ခြင်း ဖြစ်၏။

မိုးလေဝသ ကင်းစင်၍ ကျောက်တောင်တစ်ခုအနီးတွင် ခရီးနား၍ တရားရှုမှတ်နေစဉ် အမြင်အာရုံထဲတွင် လူအချို့ကို တွေ့ရလေသည်။

၎င်းတို့မှာ အဝတ်ဖြူများ ဝတ်ဆင်ကာ အရှင်မြတ် ရှိရာနှင့် မလှမ်းမကမ်းရောက်အောင် လာကာ ရိုသေစွာ ကန်တော့ကြလေသည်။ ထိုလူများထဲ၌ အမျိုးသမီးတစ်ဦး ပါသဖြင့် ကြည့်လိုက်သောအခါ ထိုအမျိုးသမီးမှာ အခြားမဟုတ်ပဲ သေဆုံးသွားတာ ကြာပြီဖြစ်သော မိခင်ဖြစ်သူပင် ဖြစ်လေသည်။

မိခင်သည် အရှင်မြတ် အသက်(၁၇)နှစ်သားအရွယ်၌ ပြုစားခံရသဖြင့် သေဆုံးသွားခဲ့ခြင်း ဖြစ်လေသည်။ မိခင်ကွယ်လွန်စအချိန်က အဝတ်ဖြူ ဝတ်ဆင်ထားသော လူများနှင့် အတူတကွ နေထိုင်ကြောင်းကြားခဏ အိပ်မက်မြင်မက်ခဲ့ဖူးသည်။ ထိုစဉ်က သူ၏အသက်မှာ (၁၇)နှစ်သာ ရှိသေးပြီး ခရစ်ယန်ဘာသာဝင် တစ်ယောက်ပင် ဖြစ်သေး၏။

အိပ်မက်ထဲ၌ တွေ့သောအခါ မိခင်က. . .

"တိုးလုံ အရက်မသောက်နဲ့၊ ဘိန်းမရှုနဲ့၊ သတ္တဝါတွေကို သတ်နဲ့၊ တရားအလုပ်ကို လုပ်နိုင်အောင် ကြိုးစားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုမှာကြားဖူးသည်။

"အရက်သောက်၊ ဘိန်းရှူပြီး သတ္တဝါတွေရဲ့အသက်ကို သတ်တော့ ဘာဖြစ်သလဲ အမေ"

"သေရင် တစ္ဆေသရဲ ဖြစ်ပြီး ငရဲခံရလိမ့်မယ်"

ထိုစဉ်က ငရဲခံရမှာကို ဘာမှန်းမသိသဖြင့် မကြောက်သော်လည်း တစ္ဆေသရဲ ဖြစ်မှာကိုတော့ ကြောက်ရွံ့မိသည်။

သူငယ်စဉ်က တစ္ဆေသရဲတို့ ခြောက်လှန့်ဖျက်ဆီးမှုကြောင့် လူအများ သေကာ ရွာများ ပျက်စီးခဲ့ရပုံများကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသဖြင့် တစ္ဆေသရဲကိုတော့ ကြောက်ရွံ့မိသည်။

"တရားအလုပ်ဆိုတာ ဘာလဲ အမေ၊ ကျွန်တော်တို့ရဲ့ဘာသာမှာ တရားအလုပ်ဆိုတာ မပါဘူး"

"တရားအားထုတ်တယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေ လုပ်ကြတဲ့အလုပ်ပဲ၊ မင်း နောက်တော့ သိလာလိမ့်မယ်"

ဟု ပြောဆိုမှာကြားကာ ပျောက်သွားလေသည်။

တိုးလုံလည်း အိပ်မက်မှ လန့်နိုးလာလေသည်။ နောက်ပိုင်းရက်များမှာလည်း အမေ့ကို မကြာခဏ အိပ်မက်ထဲမှာ တွေ့ရပြီး တရားအလုပ်,လုပ်ရန် ပြောလေသည်။

တစ်ကြိမ်မှာတော့ မိခင်ဖြစ်သူ စိတ်ချမ်းသာစေရန် အချိန်ကျလျှင် တရားအလုပ် အားထုတ်ပါမည်ဟု ကတိပေးလိုက်လေသည်။

နောက်ပိုင်းမှာတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာပြီး ယခုကဲ့သို့ တရားအားထုတ်သော ရဟန်းဘဝသို့ပင် ရောက်ခဲ့ချေပြီ။

အရှင်မြတ်သည် ယခုတစ်ဖန် မိခင်ဖြစ်သူကို ပြန်တွေ့ရသော





အခါ များစွာအံ့သြဝမ်းသာသွားမိလေသည်။ မိခင်သည် ယခင်အိပ်မက်များထဲ၌ တွေ့ရသည့်အတိုင်း အဝတ်ဖြူ ဝတ်ထားသောလူများနှင့် အတူတကွ ရှိနေသေးသည်။

"အရှင်ဘုရား . . ယခုလို ဒီနေရာ ကြွလာတာ တပည့်တော်မ ဝမ်းသာမိပါတယ် ဘုရား၊ ငယ်စဉ်က ကတိပေးထားခဲ့တဲ့အတိုင်း မိဘတွေရဲ့မွေးကျေးဇူးကို ဆပ်တဲ့အနေနဲ့ တရားအားထုတ်ပါ့မယ်လို့ ကတိအတိုင်း ယခုလိုဘဝနဲ့ တွေ့မြင်ရတာ ဝမ်းသာလှပါတယ် ဘုရား"

ဟု လျှောက်ထားလေသည်။

"ဒကာမကြီးအတွက် ဘာလုပ်ပေးရမလဲ"

"တပည့်တော်မတို့အတွက် ဒီနေရာတဝိုက်မှာ သီတင်းသုံးပြီး တရားအားထုတ်ပေးပါ၊ အမျှအတမ်းများ ဝေပေးပါဘုရား"

"ကောင်းပါပြီ . . သင့်တော်တဲ့နေရာမှာ သီတင်းသုံးပြီး တရားအားထုတ်ရင်း ပရိတ်တရားတော်တွေကို ရွတ်ဖတ်ပူဇော်ပေးပါ့မယ်"

"အရှင်ဘုရားက ဒီနယ်မြေက တရားဘာဝနာ ပွားများသူတွေ တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဖူးသေးတဲ့နေရာဖြစ်ပါတယ်၊ ပရိတ်တော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်တဲ့အခါမှာ ခံနိုင်တဲ့နတ်တွေ ရှိသလို မခံနိုင်တဲ့နတ်တွေ ရှိပါတယ်၊

ပရလောကသား အတော်များများကလည်း ပရိတ်တရားတော်တွေရဲ့တန်ခိုးအာနုဘော်ဒဏ်ကို မခံနိုင်ကြပါဘူးဘုရား"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဒကာမကြီး"

"ဒီတောဒီတောင် ပတ်ဝန်းကျင်မှာ ရှိကြတဲ့ နတ်တွေနဲ့ ပရလောကသားတွေ မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်တွေအားလုံး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထက်ခံတဲ့ ပရိတ်တော်တွေထဲက မေတ္တာသုတ်၊ မင်္ဂလသုတ်နဲ့ ရတန သုတ်တော်တွေကိုပဲ ရွတ်ဖတ်ပေးစေချင်ပါတယ်"

"ကောင်းပါပြီ ဒကာမကြီး"

"အကောင်းဆုံးကတော့ မေတ္တာပို့ အမျှအတမ်း ဝေပေးခြင်းဟာ အားလုံးသော နတ်တွေနဲ့ ပရလောကသားတွေ နှစ်သက်တဲ့ အကြောင်းတရား ဖြစ်ပါတယ်၊ ပရိတ်တော်တွေကို အားလုံးရွတ်ဖတ်မိပါက အဆင့်မြင့်တဲ့ နတ်ကြီးကသာ သဘောကျပြီး ကျန်တဲ့နတ်တွေနဲ့ ပရလောကသားတွေက ပရိတ်တော်ရဲ့တန်ခိုးဒဏ်ကို မခံနိုင်လို့ အဝေးကို ထွက်ပြေးရရင် အရှင်ဘုရားကို ရန်ငြိုးဖွဲ့ နှောင့်ယှက်ခြင်း ပြုကြပါလိမ့်မယ်"

"ကောင်းပါပြီ. . . သင့်တော်တဲ့ ပရိတ်တရားတော်တွေကိုပဲ ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့ အမျှအတန်း ဝေပေးပါ့မယ်"

"ဝမ်းသာလှပါတယ် အရှင်ဘုရား"

ဟု ပြောဆိုကာ ရိုသေစွာ ကန်တော့၍ ပြန်သွားကြလေသည်။ အရှင်မြတ်လည်း ခရီးတထောက် နားနေရင်းမှ ထူးဆန်းသောမြင်ကွင်းကို တွေ့ရပြီးနောက် မိခင်အတွက် စိတ်မကောင်း ဖြစ်နေမိသည်။

လူများသာမက သတ္တဝါများအားလုံးမှာ သံသရာခရီး တလျှောက် ဘဝမျိုးစုံကို အဖုံဖုံ ကျင်လည်ခဲ့ကြရပေသည်။ ထိုသို့ ကျင်လည်ရင်းမှာပင် တရားရ၍ တန်ခိုးသိဒ္ဓိ ရှိသော ပုဂ္ဂိုလ်များ သီလသမာဓိ ရှိသော ပုဂ္ဂိုလ်များ၊ ရဟန်းသံဃာတော်များနှင့် ဆွေမျိုးတော်စပ်ခဲ့ခြင်းမှာ သံသရာခရီးအတွက် ဘဝအထောက်အပံ့ကို ရရှိစေပါသည်။

ထိုကဲ့သို့ ဆုံတွေ့ခဲ့ရခြင်းဖြင့် ထိုပုဂ္ဂိုလ်များနှင့် တစ်ဘဝ မဟုတ်





တစ်ဘဝ၌ ပြန်လည်ဆုံတွေ့ရသောအခါ ကူညီစောင့်ရှောက်မှု လမ်းပြပေးမှုကို ရရှိစေနိုင်ပါသည်။

ယခု သူ၏မိခင်သည်လည်း ထိုအထောက်အပံ့ကို ရရှိခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com






အခန်း(၆)

# အာကူသိုလ်ပဝင္ဂကြေးကို ခံရသူများ

ယခုတစ်ပတ် တရားအားထုတ်သောနေရာမှာ လူ့ဘဝ၌ နေခဲ့သော ရွာဟောင်းနှင့် မဝေးလှပေ။

ရွာဟောင်းနေရာမှာ ယခုတော့ တောများ ဖုံးလွှမ်းနေချေပြီ။ တောင်တန်းပေါ်မှ မျှော်ကြည့်လိုက်သည်။ သစ်ပင်များ ထိုးထိုးထောင်ထောင် ပေါက်သည့်နေရာက ပေါက်၊ ချုံများ ဖုံးနေသည့်နေရာတွင်းခြေတွက်လပ်များ အတိုင်းသား ကျန်သည့်နေရာကကျန်နှင့် ခြောက်ခြားတောင်းတော့ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ယခင်က အိမ်ခြေများဖြင့် စည်ကားခဲ့သောနေရာသည် ယခု တော့ တိုင်ငုတ်ပင် မကျန်တော့ပေ။

တစ်ချိန်က ထိုရွာတွင် နွားသတ်သမားတို့ဖြင့် စည်ကားခဲ့ပုံများ တို အမှတ်ရမိသည်။ တစ်ရွာလုံး နွားမွေးကြသော်လည်း နွားကို လုပ်ငန်းကိစ္စ၌ အသုံးဝင်သဖြင့် ကျေးဇူးရှိသော သတ္တဝါ၊ သနားစရာ သတ္တဝါဟု သဘောမထားကြဘဲ အမဲဟင်းလျာအတွက်သာ သဘော ထားကြလေသည်။

နေ့မရှောင် ညမရှောင် ဟင်းသီးဟင်းရွက်ကဲ့သို့ သဘောထား တာ အမြဲတစေ သတ်ဖြတ်စားသောက်ကြသည်။ ဟင်းလျာလိုသည့် အခါ၊ နတ်ပူဇော်သည့်အခါ၊ မိန်းမတောင်းသည့်အခါ နွားသည် မပါ မဖြစ်သည့် ပစ္စည်းတစ်မျိုး ဖြစ်ခဲ့လေသည်။

လယ်ယာကိုင်းကျွန်းများ ထွန်ယက်ရာတွင် နွားကို သုံးလေ့မရှိ ဘဲ တစ်ကောင်ဆွဲကျွဲနှင့် အသုံးပြုသော ထွန်ယက်ကိုသာ သုံးကြလေ သည်။ နွားကို အဓိက မွေးမြူခြင်းမှာ သတ်စားဖို့အတွက်သာ ဖြစ်သည်။ ထိုအချိန်က မိမိတို့ရွာနှင့် အခြားရွာများမှာ နွားသတ်သမားကောင်းများ အပြိုင်အဆိုင် ပေါ်ထွက်ခဲ့ကြသည်။

ဘယ်နွားသတ်သမားက နွားကို ဘယ်လို လက်နက်မျိုးဖြင့် ဘယ်ပုံဘယ်နည်း သတ်လိုက်သည်။ ဘယ်နွားသတ်သမားက နွားကို မသတ်ခင်ကတည်းက အသားချိန်ကို မှန်ကန်အောင် ခန့်မှန်းနိုင်သည်။ ဘယ်နွားသတ်သမားကတော့ အဖော်မလိုပဲ တစ်ယောက်တည်း နွား သတ်ပြနိုင်သည်။

ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဂုဏ်ပြိုင်ခဲ့ကြရုံသာမက နွား





အကောင်ရေများများ သတ်ဖြတ်နိုင်သူက ပို၍ဂုဏ်ရှိသည်ဟု ထင်နေခဲ့ ကြသည်။ မိမိ၏ဖခင်သည် ထိုရွာ၌ နွားသတ်ရာတွင် ဘွဲ့ထူးဂုဏ်ထူး အစုံ ရထားသော နွားသတ်သမား ဖြစ်သည်။

နွားတစ်ကောင် သတ်လျှင် ဦးလေးဖြစ်သူနှင့် နှစ်ယောက် တည်း သတ်လေ့ရှိသည်။ ၎င်းတို့အား နွားသတ်နည်းပညာ သင်ပေးခဲ့ သူမှာ ဝလူမျိုး ဦးထမ်မွန်းဆိုသူ ဖြစ်သည်။

သေတော့ ဦးလေးဖြစ်သူက အရင်သေသည်။ မသေခင် မစား နိုင် မသောက်နိုင်ဖြစ်ကာ ကျွဲလိုနွားလို အော်နေရသည်။ ၎င်းအား ပြုစုသူများကို တစ္ဆေသရဲပမာ မျက်လုံးပြူး၊ ပါးစပ်ပြဲကာ ခြောက်လှန့်ပြ လေသည်။

"တို့ကိုတော့ မခြောက်လှန့်နဲ့၊ မင်းသွားလိုရာ သွားတော့"

ဟု ခွင့်ပေးမှ ၎င်းအသုံးပြုသော ဓား၊ ဓားမြှောင်၊ ကြိုး၊ ပေါက် ဆိန်၊ နွားချည်ကြိုး၊ အသားချိန်သော အလေးချိန်ခွင်တို့ကို တောင်းလေ သည်။

၎င်းပစ္စည်းများကို ပေးလိုက်သောအခါ ရင်ဘတ်ပေါ် တင်ကာ ပွေ့ဖက်၍ အသက်ထွက်သွားခဲ့ပုံကို ပြန်လည်မြင်ယောင်မိသည်။ ထို အချိန်က ဦးလေးဖြစ်သူ၏မျက်နှာမှာ မသေခင်ကတည်းက မျက်လုံး များက နီရဲလျက် ပါးစပ်ပြဲ လျှာထွက်ကာ တစ္ဆေသရဲပုံပေါ်တာ ကြောက်မက်ဖွယ်အသွင် ဖြစ်နေပုံများကို အမှတ်ရနေသည်။ ဦးလေး သေပြီးနောက် ရှေ့ဆင့်နောက်ဆင့် ဆိုသလို အဖေ သေလေသည်။

အဖေ ဘယ်တုန်းက သေသည်ကို သူတို့မိသားစုဝင် မသိနိုင် ပါ တစ်နေ့လျှင် အမဲသားတစ်အိုး ချက်ခိုင်းပြီး စားသောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ နေ့ဘက်မှာသာမက ညအချိန်မတော် အမဲသားဟင်း နှိုးစားနေသည်ကို အမေ မိသဖြင့် အော်လိုက်သောအခါမှ ခွေလဲကျကာ အသက်ထွက်သွားလေသည်။

ထို့နောက် နွားသတ်ဆရာ ဦးထမ်မွန်း သေပြီး ဖုတ်ဝင်ကာ ဖျတ်ဆီးခဲ့သဖြင့် တစ်ရွာလုံးနီးပါး သေကာ ရွာပျက်ခဲ့ရပုံများကို ပြန်လည်သတိရနေမိသည်။

ယခုအခါမှာတော့ လွတ်မြောက်ရာလမ်းကို ရောက်ခဲ့ပြီမို့ ထို အကြောင်းများကို ပြန်တွေးသောအခါ များစွာသံဝေဂရဖွယ်ရာ ဖြစ်လေ သည်။ ကွယ်လွန်သွားသူများအတွက်လည်း စိတ်မကောင်း ဖြစ်ရလေ သည်။

တစ်ညတွင် တရားအားထုတ်နေခိုက် အပြင်ဘက်မှ ဆူဆူ ညံညံအသံများ ကြားရသဖြင့် အပြင်သို့ ထွက်ကြည့်သောအခါ မနီး မဝေးရှိ တောအုပ်ထဲတွင် မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ရလေ သည်။

ထိုသဏ္ဍာန်များမှာ ပုံပန်းသဏ္ဍာန် အရွယ်အစား အမျိုးမျိုး ရှိကြလေသည်။ ထိုသဏ္ဍာန်များမှာ သူရှိရာသို့ လာလိုဟန် ရှိသော် လည်း လာခွင့်မရပဲ တောစပ်မှာသာ တိုးဝှေ့နေကြခြင်းဖြစ်၏။

ထိုသို့ လှမ်းကြည့်နေစဉ် တောထဲမှ လူကြီးတစ်ယောက် ထွက် လာပြီး ထိုသဏ္ဍာန်များကို လိုက်လံမောင်းထုတ်နေသည်ကို လှမ်းမြင်ရ သည်။ အတန်ကြာသောအခါ ထိုနေရာမှာ ရှိသော မည်းမည်းသဏ္ဍာန် များကို မတွေ့ရတော့ပေ။

သို့ကြောင့် မိမိအလုပ်ကို ပြန်လုပ်နေလေသည်။ နောက်တစ်





နေ့ နေဝင်ရီတရောအချိန် ရောက်သောအခါ တောစပ်ဆီမှ ဆူဆူညံညံ အသံများ ကြားရသဖြင့် ထွက်ကြည့်သောအခါ မလှမ်းမကမ်းရှိ တော စပ်တွင် ပြေးလွှားလှုပ်ရှားနေကြသော မည်းမည်းသဏ္ဍာန်များကို လှမ်း မြင်ရပြန်သည်။

ထိုအခါ လူတစ်ယောက် ထွက်လာပြီး ထိုသဏ္ဍာန်များအား ခြောက်လှန့်မောင်းနှင်နေပြန်သည်။ ဒီတစ်ကြိမ်တော့ ထိုလူအား ခေါ် မေးကြည့်ရသည်။

"အဲဒီတောစပ်က မည်းမည်းသဏ္ဍာန်တွေက ဘာတွေလဲ"

"မကျွတ်မလွတ်သေးတဲ့ နာနာဘာဝတွေပါ ဘုရား"

"သူတို့ ဒီနေရာကို ဘာကြောင့် လာနေကြတာလဲ"

"လူ့ဘဝတုန်းက အရှင်ဘုရားနဲ့ ဆွေမျိုးတော်စပ်ကြတဲ့သူတွေ ပါဘုရား၊ အမျှအတမ်း လိုချင်လို့ လာကြတာပါ"

ထိုစကားကြားသောအခါ အရှင်မြတ်မှာ အတန်ကြာအောင် ငြိမ်သက်သွားလေသည်။

စိတ်ထဲမှာလည်း မကောင်းဖြစ်သွားမိသည်။

ဤမျှ များပြားသော မည်းမည်းသဏ္ဍာန်များထဲတွင် မိမိနှင့် ဆွေမျိုးတော်စပ်သူများ ပါကြောင်း သိရသဖြင့်လည်း စိတ်မကောင်း ဖြစ်မိခြင်း ဖြစ်လေသည်။

"သူတို့လာချင်လာကြပါစေ"

ဟု တိုးညှင်းစွာ မိန့်ကြားလိုက်သည်။

"သူတို့တွေက လူ့ဘဝတုန်းက အကုသိုလ် ပြုလုပ်ခဲ့ သူ များကြလို့ ယခုလို ဘဝမျိုး ရောက်နေတာပါ ဘုရား၊ ဘုရား၏ ငြိမ်သွာ



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေ၊ သရဲ၊ ကျတ်စတဲ့ ပရလောကသားတွေဟာ အမြင်အားဖြင့် ရုပ်ဆင်းအင်္ဂါ မတင့်တယ်ကြပါ ဘုရား၊

အရှင်ဘုရားအနေနဲ့ သူတို့ကို တွေ့မြင်ရရင် စိတ်မချမ်းမြေ့ရုံ ကလွဲလို့ အခြားဘာမှအကျိုးထူးမှာ မဟုတ်ပါဘူး ဘုရား"

ထိုလူက လျှောက်ထားသည်။

"သူတို့ လာကြပါစေ၊ ကျုပ်အတွက် ဘာမှ အနှောင့်အယှက် မဖြစ်ပါဘူး"

ဟု မိန့်ကြားသောအခါ ထိုလူလည်း ပြန်သွားလေသည်။

ယခင်နေ့များအတိုင်း နေဝင်ချိန်ရောက်ပြီး တောစပ်၌ မှောင် ရိပ်ဖုံးတဝါးအချိန် ရောက်သည်နှင့် အပြင်ဘက်၌ ဆူဆူညံညံအသံများ ကြားရလေသည်။

ဒီတစ်ကြိမ်တော့ တရားအားထုတ်ရာ ဂူနှင့် မနီးမဝေးနေရာ အထိ အသံများက ရောက်လာသည်။ အရှင်မြတ်က သက်န်းကို ကောင်းစွာရုံ၍ အပြင်ဘက်သို့ ထွက်ကြည့်လေသည်။

ဂူနှင့် မလှမ်းမကမ်းရှိ အမှောင်ရိပ်ထဲမှာတော့ ပုံသဏ္ဍာန် အမျိုးမျိုးနှင့် ပုပုရွရွ ရှိနေကြသော မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ရ သည်။ သူ ထွက်လာတာ မြင်တော့ မည်းမည်းသဏ္ဍာန်များမှာ နေစရာ မရအောင် ကြောက်လန့်ကာ စုပြုံတိုးဝှေ့နေကြလေသည်။

အမှောင်ရိပ်ကြောင့် ရုပ်ဆင်းအင်္ဂါများကို သဲသဲကွဲကွဲ မမြင်နိုင် သော်လည်း သာမန်လူများနှင့် မတူဘဲ ကြောက်မက်ဖွယ်ရာ ရုပ်ဆင်း အင်္ဂါများ ရှိကြသည်ကိုတော့ ဝိုးတဝါး မြင်ရလေသည်။

ထိုပရလောကသားများထဲတွင် သူ၏ဆွေမျိုးရင်းချာ ဘယ်နှစ်





ယောက် ပါမည်ကို မသိနိုင်သော်လည်း အနည်းနဲ့အများ ပါနေမည်မှာ တော့ သေချာလှပေသည်။

အရှင်မြတ်မှာ ထိုသဏ္ဍာန်များကို ကြည့်ပြီး များစွာစိတ် မကောင်း ဖြစ်မိလေသည်။

သို့ကြောင့်. . .

မျက်စိမှိတ်၍ မေတ္တာပို့ အမျှအတမ်း ဝေပေးလိုက်သည်။

". . . . . ကျွန်ုပ်ပြုပြုသမျှသော ဆောက်တည်ရသော သီလ ကုသိုလ်၊ ပွားများရသော ဘာဝနာကုသိုလ်၊ ပြုလုပ်ခဲ့သော ဒါနကုသိုလ် တို့၏အဖို့ဘာဂ အစုစုတို့ကို သင်တို့အား အမျှအတမ်း ပေးဝေပါ၏၊

ထိုကုသိုလ်ကောင်းမှု အဖို့ဘာဂ အစုစုတို့ကို အားလုံးအမျှရ၍ သာဓုခေါ်နိုင်ကြပါစေ. . .

အားလုံး အမျှ အမျှ အမျှ ရကြစေကုန်သော်. . . သာဓု သာဓု သာဓု. . ."

ထိုသို့ အမျှအတမ်း ပေးဝေပြီး အတန်ကြာအောင် ရှိသော် လည်း တိုးဝှေ့သံများ မကြားရတော့သဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်ရာ အမှောင်ရိပ်ထဲမှာ ဘာမှမရှိတော့ပေ။

စောစောက အမှောင်ရိပ်ထဲ၌ တိုးဝှေ့နေသော မည်းမည်း သဏ္ဍာန်များမှာ တစ်ယောက်မှ မတွေ့ရတော့ပေ။

သို့ကြောင့် စိတ်မကောင်းစွာ သက်ပြင်းချရင်း ဂူအတွင်းသို့ ပြန်ဝင်လာလေသည်။ ထိုညက ဆန်းကြယ်သော မြင်ကွင်းတစ်ခုကို အိပ်မက်ပမာ မြင်တွေ့ရလေသည်။ အိပ်မက်ထဲတွင် ရုပ်ဆင်းအင်္ဂါ တင့်တယ်သော လူကြီးတစ်ယောက် ရောက်လာသည်။ ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသွင်ပြင်မှာ ကြောက်မက်ဖွယ် ဖြစ်သော်လည်း စိတ်ထဲမှာ မြင်ဖူးနေသလို ရှိသဖြင့် မေးလိုက်သည်။

"သင် ဘယ်သူလဲ"

"နွားသတ်သမား ဦးထမ်မွန်းပါ ဘုရား"

"အခု ဘယ်ဘဝ ရောက်နေပြီလဲ"

"လူ့ဘဝက ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံ အကျိုးကြောင့် ဘုတ်ပြိတ္တာဘဝကို ရောက်နေပါတယ်"

"ပေးဝေတဲ့ အမျှအတမ်း ရတယ်မဟုတ်လား"

"ရပါတယ် ဘုရား . . ဒါပေမယ့် တပည့်တော်က လူ့ဘဝတုန်းက အကုသိုလ်ကံ ကြီးခဲ့တော့ အရှင်ဘုရား ပေးတဲ့အမျှကို သာဓုမခေါ်နိုင်ပါဘူး"

"အင်း . . စိတ်မကောင်းစရာပဲ၊ အခု ဘယ်နေရာမှာ နေသလဲ"

"ဒီတောင်ကုန်းနဲ့ မဝေးတဲ့နေရာမှာ ရှိတဲ့ တောတန်းလေးမှာ နေရပါတယ်၊ အဲဒီနေရာမှာ ကျတ်ရွာရှိပါတယ် ဘုရား၊ အဲဒီမှာ နေတဲ့ ကျတ်တွေက မိစ္ဆာတွေ ဖြစ်လို့ လူတွေ လာရင် နည်းအမျိုးမျိုးနဲ့ လှည့်စားပြီး သတ်ဖြတ်စားသောက်ကြပါတယ်"

ဟု ပြောကာ တစ်နေရာသို့ လက်ညှိုးထိုးပြသည်။

"တကယ်လို့ အရှင်ဘုရားဆီကို လူတွေ ရောက်လာခဲ့ရင် အဲဒီနေရာဘက်ကို မသွားမိဖို့ တားမြစ်ပေးပါ ဘုရား"

အရှင်မြတ်က အသာအယာ ခေါင်းညိတ်ပြလိုက်လေသည်။

"ကျုပ်ပေးဝေတဲ့အမျှကို ရပါရက်နဲ့ ဒီဘဝက မကျွတ်နိုင်ဘူးလား"

"တပည့်တော် ပြုခဲ့တဲ့ အကုသိုလ်က များတော့ မကျွတ်နိုင်ပါဘူး ဘုရား၊ အခုလောက် စကားပြောနိုင်တာတောင် အရှင်ဘုရားပေးဝေတဲ့ အမျှပေးသံကို ကြားခွင့်ရလို့ပါ။

အချို့အကုသိုလ် ဝဋ်ကြွေးနည်းတဲ့လူတွေကတော့ အခုလို အမျှအတမ်းဝေသံ ကြားလို့ရှိရင် သာဓုခေါ်နိုင်ကြပါတယ်၊

သာဓုခေါ်နိုင်တဲ့လူတွေကတော့ ဘုတ်၊ တစ္ဆေ၊ သရဲ၊ ကျွတ်၊ ပြိတ္တာဘဝက လွတ်ပြီး အခြားဘုံဘဝကို ရောက်သွားကြတာတွေလည်း အများကြီး ရှိပါတယ်"

ထိုစကားကြောင့် စိတ်ထဲမှာတော့ အနည်းငယ် ချမ်းမြေ့သွားသလို ခံစားလိုက်ရသည်။

"လူ့ဘဝမှာ သာမန် အကုသိုလ်မှုတွေ ပြုခဲ့မိသူတွေက ကောင်းတဲ့ ဘုံဘဝကို ရောက်သော်လည်း သူတော်ကောင်းတွေရဲ့ တရားကိုလည်း နာယူခွင့် ရှိတယ်၊ အမျှအတမ်း ဝေရင်လည်း သာဓုခေါ်နိုင်ကြပါတယ်၊

အဲဒီလို သာဓုခေါ်ခွင့်ရတဲ့အတွက် အခြားဘုံဘဝကို ချက်ချင်းကူးပြောင်းနိုင်ကြပါတယ်၊

တပည့်တော်တို့လို အကုသိုလ်ကြီးမားသူတွေကတော့ သူတော်ကောင်းတွေရဲ့တရားသံကိုလည်း မကြားရပါဘူး၊

အမျှဝေရင်လည်း သာဓုမခေါ်နိုင်ကြပါဘူး၊

တကယ်လို့ ဒီဘဝက လွတ်ရင်လည်း ကောင်းရာ ဘုံဘဝကို ရောက်နိုင်ပဲ အပါယ်ငရဲမှာ အပြစ်ရှိသမျှ ခံကြရဦးမှာဆိုတော့ မျှော်




☺ အောင်မြင်ဓာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လင့်ချက် မရှိနိုင်ကြတော့ပါဘူး ဘုရား"

ဟု ဝမ်းနည်းသော အသံသြသြကြီးနှင့် လျှောက်ထားလေသည်။

"ဒကာကြီးတို့ရဲ့အကုသိုလ် ဝဋ်ကြွေးက ဘယ်လိုနည်းနဲ့မှ လွတ်မြောက်နိုင်ကြမှာလဲ"

"တစ်နည်းပဲ ရှိပါတယ် ဘုရား၊ ကိုယ်ပြုခဲ့တဲ့ အကုသိုလ် ဝဋ်ကြွေးကံကို ကျေအောင်ခံပြီးမှပဲ လွတ်မှာပါ ဘုရား"

ထိုအတွက် မိမိအနေနှင့် ဘာမှမတတ်နိုင်တော့ကြောင်း အရှင်မြတ် စိတ်ထဲမှာ တွေးလိုက်မိသည်။ အကုသိုလ်ကံတို့၏ကြောက်မက်ဖွယ်ကောင်းပုံများမှာ လွတ်မြောက်သွားသည် မရှိပဲ ဝဋ်ကြွေးကံ ရှိသမျှ ကြေအောင် ခံကြရသဖြင့်လည်း သံဝေဂ ရမိလေသည်။

အရှင်မြတ်၏စိတ်ထဲတွင်. . .

မိမိငယ်စဉ်က ဖခင်နှင့်ဦးလေး တော်စပ်သူတို့မှာ နွားသတ်သောအလုပ်ကို အစဉ်တစိုက် လုပ်ခဲ့ကြသည်။ နွားအကောင်ပေါင်းများစွာတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြလေသည်။

ထိုအကုသိုလ်ကံ ဝဋ်ကြွေးများကြောင့် လူ့ဘဝမှာကတည်းက အသေမလှခဲ့ကြပေ။

ဦးလေးဖြစ်သူ သေကာနီးအချိန်က မျက်လုံးနီနီ၊ လျှာတွဲလောင်းနှင့် နွားတစ်ကောင်လို အော်ဟစ်ကာ နွားသတ်သော ကိရိယာများကို မက်မက်မောမော ဖက်တွယ်ပြီးမှ အသက်ထွက်သွားရာ ယခုအခါ မည်သည့်ဘုံဘဝသို့ ရောက်ရှိနေမည်ကို မသိနိုင်တော့ပေ။

ဖခင်ဖြစ်သူမှာလည်း ထိုနည်းအတိုင်းပင် သေဆုံးသွားရာ ယခု





အခါ မည်သည့်ဘုံဘဝသို့ ရောက်နေမည်ကို သိချင်နေသည်။

သို့သော်. . .

မိမိအနေနှင့် သိနိုင်သောစွမ်းအား မရှိသေးပါချေ။ ဖုတ်ပြိတ္တာဘဝသို့ ရောက်နေသော ဦးထမ်မွန်းသည် ၎င်းပြောလိုသည်များကို ပြောကာ ပြန်လည်ပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှ အရှင်မြတ်လည်း အိပ်မက်မှ ပြန်နိုးလာခဲ့လေသည်။

အပြင်လောက၌ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ ထိုတိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်မှာပင် မမြင်ရသော ပရလောကသားတို့ဖြင့် ပြည့်နှက်နေမည်ဟု တွေးလိုက်မိသည်။ ကိုယ်ပြုသည့်ကံကို ကိုယ်သာ ခံရရုံမှတစ်ပါး. .

အခြားမရှိတော့ပါတကား. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

# ပရလောကတို့၏လှည့်စားမှုများ

**တစ်**နေ့သ၌ အောက်နယ်ဘက်မှ တက်လာသော ကုန်သည် အဖွဲ့သည် တောလမ်းအတိုင်း တက်လာရင်းမှ အရှင်မြတ်သိတင်းသုံးရာ ဂူသို့ ရောက်လာကြသည်။

ရင်းတို့မှာ လူငါးယောက်ဖြစ်ပြီး ဦးဆောင်လာသူမှာ ဦးဘိုးထော်ဆိုသူ ဖြစ်သည်။ ဦးဘိုးထော်သည် အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိပြီး ဘာသာရေးကို ယုံကြည်လိုက်စားသူ ဖြစ်၏။ ကျွန်လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်တတော့ လူရွယ်များ ဖြစ်ရုံမက ဘာသာတရား လေ့လာလိုက်စားခြင်းလည်း မရှိရုံမက အသောက်အစား မကင်းကြသူများဖြစ်သည်။

"လမ်းမှာ တွေ့တဲ့ ခရီးသွားတွေက ဒီဂူထဲမှာ ရဟန်းတစ်ပါး သီတင်းသုံးနေတယ်လို့ သတင်းပေးလိုက်တယ်၊ ခရီးကြုံတုန်း ဝင်လိုက်တာရအောင်"

ဟု ဦးဘိုးထော်က ပြောသောအခါ လူငယ်များက စိတ်မပါကြပေ။

"အဘကလည်း အချိန်ကလည်း သိပ်မရှိတော့ဘူး၊ တော်ကြာမိုးချုပ်တော့မှာဗျ၊ မိုးချုပ်ရင် သွားလို့လာလို့ ကောင်းတာ မဟုတ်ဘူး၊ အချိန်ရှိတုန်း ခရီးဆက်ကြတာ ကောင်းမယ် ထင်တယ်"

"ဟုတ်တယ် အဘရဲ့၊ ရှေ့မှာ တောင်ပေါ် ရွာတစ်ရွာ ရှိတယ်၊ မရပ်မနား ခရီးဆက်ရင်တောင် ညဦးပိုင်းအချိန်လောက်မှ ရောက်မှာ၊ မဝင်ပါနဲ့တော့ အဘရယ်"

လူငယ်များက ခရီးတထောက် မနားလိုကြပဲ အချိန်ရှိတုန်း ခရီးဆက်ချင်ကြသော်လည်း ဦးဘိုးထော်က ဘာသာရေးကို ယုံကြည်လိုက်စားသူမို့ ရရှိသည့်အခွင့်အရေးကို လက်လွှတ်ခံလိုဟန် မရှိပေ။

"သိပ်မကြာစေရပါဘူးကွာ. . . ခဏလေး ဝင်ဖူးပြီး ခရီးဆက်ကြတာပေါ့"

ဟု ပြောသဖြင့် မတတ်သာတော့ပဲ အရှင်မြတ် သီတင်းသုံးနေသည့် ဂူအတွင်းသို့ ဝင်လာကြသည်။ အတွင်းသို့ ရောက်သောအခါ တရားရှုမှတ်ရာမှ ခေတ္တနားနေသော အရှင်မြတ်ကို အဆင်သင့် တွေ့ရသဖြင့် ရိုသေစွာ ကန်တော့၍ မိမိတို့၌ ပါလာသော စားသောက်ဖွယ်ရာ





အချို့ကို လှူဒါန်းကြလေသည်။

"ဘယ်အရပ်က လာကြတာလဲ"

"တပည့်တော်တို့ အောက်နယ်ဘက်ကပါ၊ ကုန်အရောင်းအဝယ်အတွက် လာကြတာပါဘုရား"

"ဘယ်အထိ ခရီးဆက်ကြမှာလဲ"

"ရှေ့မှာ ရှိတဲ့ နမ့်လုံရွာအထိ ရောက်အောင် သွားကြမှာပါဘုရား"

"ဒီလမ်းခရီးကို သွားလာဖူးကြရဲ့ မဟုတ်လား"

"တစ်ခေါက်နှစ်ခေါက်တော့ ရောက်ဖူးပါတယ် ဘုရား"

"အချိန်လင့်နေရင် ဒီဂူထဲမှာပဲ ညအိပ်ပြီး မနက်လင်းမှပဲ ခရီးဆက်ကြပါလား"

အရှင်မြတ် ပြောသောစကားကို ဦးဘိုးထော်က သဘောကျသော်လည်း ကျန်လူရွယ်များက သဘောမကျပေ။

ထိုဂူထဲ၌ ညမအိပ်လိုကြပေ။

အဘယ်ကြောင့်ဆိုသော်. . .

ရဟန်းသံဃာ တရားအားထုတ်နေသော ဂူအတွင်း၌ ညအိပ်ပါက လူငယ်တို့သဘာဝ လွတ်လွတ်လပ်လပ် သောက်စား၍ မရနိုင်သောကြောင့်ဖြစ်သည်။

သို့ကြောင့် ဦးဘိုးထော်အား ထိုဂူအတွင်း၌ ညမအိပ်ဖို့ရန် တီးတိုးပြောဆိုကြလေသည်။ ဦးဘိုးထော်လည်း လူငယ်များ၏ဆန္ဒကို မလွန်ဆန်လိုသောကြောင့် ခရီးဆက်ရန်သာ စိတ်ကူးလိုက်သည်။

"ယခုလို မိန့်ကြားတာ ကျေးဇူးတင်ပါတယ်ဘုရား. . . ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်တို့မှာ အရေးကိစ္စလေးတွေ ရှိသေးလို့ နမ့်လုံရွာ ရောက်အောင်ပဲ ခရီးဆက်ပါတော့မယ်”

ထိုစကား ကြားရသောအခါ အရှင်မြတ်က အတန်ကြာအောင် စဉ်းစားနေပြီးနောက်. . .

“အေးလေ. . . အကြောင်းကိစ္စ အရေးကြီးတော့လည်း သွားကြပေဦးတော့၊ ဒါပေမယ့် တစ်ခုတော့ မှာလိုက်ပါရစေ. . . နမ့်လုံရွာကို ရောက်အောင် ခရီးဆက်မယ်ဆိုရင်လည်း အဲဒီရွာ ရောက်အောင်သာ သွားကြပေတော့၊

တကယ်လို့ လမ်းမှာ နားမယ်ဆိုရင်တောင် ဘုရား တရား သံဃာ ရတနာသုံးပါးကို မမေ့လျော့ကြစေနဲ့”

ဟု မှာကြားလေရာ ဦးဘိုးထော်တို့လည်း အရှင်မြတ်အား ရိုသေစွာ ကန်တော့ကြပြီးနောက် ရှေ့သို့ ခရီးဆက်ခဲ့ကြလေသည်။ လူငယ်လေးယောက်ကတော့ ရဟန်းရှိသော ဂူထဲမှာ ညမအိပ်ရသဖြင့် ဝမ်းသာနေကြလေသည်။ သူတို့ ဂူမှ ထွက်လာသောအချိန်ကပင် မှောင်ရီသမ်းစအချိန် ဖြစ်နေလေပြီ။

သို့သော်လည်း လဆန်းရက်လည်းဖြစ်၊ လပြည့်ကာနီးအချိန်လည်း ဖြစ်သောကြောင့် ကောင်းကင်၌ လရောင်က ရှိနေသည်။ နှင်းမှုန်များကြားမှ ထိုးဖောက်ဆင်းလာသော လရောင်ကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်နိုင်လေ၏။ ၎င်းတို့သည် ထိုခရီးလမ်းကို လာခဲ့ဖူးသော်လည်း ယခုကဲ့သို့ မိုးချုပ်စအချိန်မျိုး၌ မသွားဖူး မလာဖူးသောကြောင့် လမ်းကို ကောင်းစွာမမှတ်မိဘဲ ရှိကာ စမ်းတဝါးဝါး ဖြစ်နေတော့သည်။





ဤသို့ဖြင့် မိမိတို့ စိတ်ထဲမှ ထင်သော လမ်းများမှ သွားကြရာ ညဦးပိုင်းအချိန် ရောက်လာသည်အထိ နမ့်လုံရွာ၏အရိပ်အယောင်မျှ မမြင်ရသောကြောင့် ခြေကုန်လက်ပန်း ကျလာကြသည်။

“အဘရေ. . . ဒီတစ်ခါတော့ ကျွန်တော်တို့ လမ်းလွဲနေကြပြီ ထင်တယ်၊ ခါတိုင်း သွားရတာ ဒီလောက် မကြာပဲ ရောက်ပါတယ်၊ အခုတော့ အရိပ်အခြေတောင် မတွေ့ရသေးပါလား”

“အဲဒါကြောင့် မင်းတို့ကို ပြောတာပေါ့၊ တစ်ညတစ်လေ ဘုန်းကြီး ရှိတဲ့ဂူထဲမှာ အိပ်ရတော့ ဘာဖြစ်မှာမို့လဲ၊ အခုတော့ အမှောင်ထဲမှာ လမ်းမမှတ်မိကြတော့ ခက်ပြီ”

“ဘုန်းကြီးရှိတဲ့ဂူထဲမှာတော့ မနေနိုင်ပေါင်ဗျာ၊ တစ်နေကုန် ဝင်ပန်းလာကြတာ၊ အိပ်ကာနီး အရက်ကလေးဘာလေး မသောက်ရလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ ဘုန်းကြီးရှေ့မှာ အရက်သောက်နေလို့ ဖြစ်မတဲ့လားဗျ”

“ဟုတ်တယ် အဘရေ၊ တောထဲမှာ လွတ်လွတ်လပ်လပ်နဲ့ အရက်မူးအောင် သောက်ပြီး အိပ်ရင်လည်း တစ်ညတော့ ပြီးမှာပါပဲ”

“ကဲ. . ကဲ. . စကားရှည်မနေကြနဲ့၊ ရှေ့မှာ တည်းခိုဖို့ ရွာလေးဘာလေး တွေ့လိုတွေ့ငြား ခရီးဆက်ကြဦးစို့ရဲ့”

ဟု ပြောကာ ခရီးဆက်ခဲ့ကြရာ အတန်ကြာသောအခါ ခွေးဟောင်သံများကို အရင်ကြားကြရသည်။ ခွေးရှိလျှင် လူရှိရမည်အထင်နှင့် ထိုနေရာသို့ မှန်း၍သွားကြရာ ခဏကြာတော့ လူသံသူသံများ ကြားရသည်။ ၎င်းတို့မှာ သွားနေကျလမ်းမှ မဟုတ်ပဲ မှန်း၍သွားနေကြသဖြင့် ဘယ်နေရာသို့ ရောက်၍ ရောက်မှန်းမသိ ဘယ်ရွာသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



၍ ရောက်မှန်းမသိအောင် ရှိနေကြသည်။ သို့သော်လည်း တစ်ညတာ တည်းခိုစရာ ရွာတစ်ရွာသို့ ရောက်သဖြင့်တော့ ဝမ်းသာသွားကြသည်။

"အဘရေ. . . ရှေ့မှာ ရွာတစ်ရွာတော့ ရောက်ပြီဗျ၊ အဲဒီရွာမှာပဲ တစ်ညတည်းကြတာပေါ့. . . မကောင်းဘူးလား"

"တည်းတာတော့ ဟုတ်ပါပြီ၊ ငါလည်း ဒီဘက်လမ်းတွေ သွားလာဖူးပါတယ်၊ နမ့်လုံရွာ မရောက်ခင် ကြားထဲမှာ ရွာရှိတယ်လို့ တစ်ခါမှ မတွေ့မိခဲ့ဖူးပါဘူး"

"အဘကလည်းဗျာ. . . ကျုပ်တို့ လာတဲ့လမ်းက သွားနေကျ လမ်းမှ မဟုတ်တာ၊ တခြားရွာတစ်ရွာရွာ ဖြစ်မှာပေါ့"

"ကဲ. . ကဲ. . မင်းတို့ ဒီလောက် ဆန္ဒရှိရင်လည်း သွားကြတာပေါ့၊ ဟိုရောက်တော့မှပဲ အခြေအနေ ကြည့်ပြီး တစ်ညတည်းတန် တည်းကြတာပေါ့"

ဟု ပြောကာ ရှေ့သို့ သွားကြလေသည်။ အတန်ငယ် သွားမိသောအခါ ကုန်းတန်းပေါ်၌ တည်ထားသော ရွာတစ်ရွာကို လှမ်းမြင်ရသည်။ တစ်ရွာလုံး ကညင်ဆီ မီးတိုင်များ ထွန်းထားသဖြင့် မီးရောင်များ လင်းနေလေသည်။

အိမ်များမှာလည်း တောင်ပေါ်ရွာများ၌ တွေ့မြင်နေကျ အိမ်များအတိုင်းပင် တွေ့ရလေသည်။ မီးရောင်အောက်မှာလည်း လူများ သွားလာနေကြသည်။ ရွာထိပ်ဘက်မှာ မီးရောင်တထိန်ထိန်နှင့် လူတစ်စု ရှိနေကြသည်။ ၎င်းတို့သည် တစ်စုံတစ်ခု ပြုလုပ်နေကြဟန် ရှိသည်။ သူတို့ လာတာမြင်တော့ ခွေးများက စူးစူးဝါးဝါး ထိုးဟောင်ကြလေသည်။ ခွေးဟောင်သံများကြောင့် အလုပ်ရှုပ်နေသောလူများထဲမှ





အသက်ကြီးကြီး လူတစ်ယောက်က လှမ်းကြည့်ပြီး သူတို့ လာတာမြင်တော့ အပြင်သို့ ထွက်လာသည်။

"ခရီးသွားဧည့်သည်တွေ မှတ်တယ်"

"မှန်ပါတယ်"

"အချိန်လင့်ပါရောလား. . . ဘယ်အထိ သွားကြမှာလဲ"

"နမ့်လုံရွာအထိ သွားမှာပါ"

"အတော်လေး ဝေးသေးတယ်ဗျ၊ ဒီအချိန်မျိုးမှာ လမ်းခရီး သွားလာလို့ မကောင်းတော့ဘူး၊ ကျုပ်တို့ရွာမှာ တစ်ညတည်းပြီး မနက်လင်းမှ သွားကြပါလား"

ထိုအခါ ဦးဘိုးထော်က အရှင်မြတ် မှာလိုက်သော စကားကို သတိရသဖြင့် မတည်းလိုသော်လည်း ပင်ပန်းနေပြီဖြစ်သော လူငယ်လေးယောက်ကတော့ ရှေ့သို့ ခရီးဆက်လိုဟန် မရှိကြတော့ပေ။

"ဒါထက် ဒီရွာက ဘာရွာလို့ ခေါ်ပါသလဲဗျ"

"မန်ဖာမြောက်ရွာလို့ ခေါ်တယ်၊ ကျုပ်က ဒီရွာရဲ့ရွာလူကြီးပဲ၊ ဦးထမ်မွန်းလို့ ခေါ်တယ်"

(မန်ဖာမြောက်ရွာမှာ ဖုတ်တစ္ဆေများ ဝင်ရောက်ဖမ်းစားသဖြင့် ပျက်သွားခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ခန့် ရှိခဲ့လေပြီ။)

"ဒါထက် ညအချိန်မတော် ခင်ဗျားတို့တတွေ ဘာလုပ်နေကြတာလဲဗျ"

"အမဲပေါ်မလို့ ပြင်နေကြတာလေ၊ ခင်ဗျားတို့ ရောက်လာတာနဲ့ အတော်ပဲ၊ အမဲသားဟင်းနဲ့ ဧည့်ခံရမယ်၊ ကဲဟော့. . . ရွာသင်္ချိုင်းဘက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဦးထမ်မွန်းဆိုသောလူကြီးက သူတို့ကို ပြောရင်း တဆက်တည်း သူ့လူများကို လှမ်းအော်လိုက်လေသည်။ ထိုအခါ ရွာသားများက နွားတစ်ကောင်ကို ကြိုးဖြင့် ဆွဲယူလာသည်။ ပြီးလျှင် ချည်တိုင်မှာ ကြိုးများဖြင့် မလှုပ်သာအောင် တုပ်နှောင်လိုက်ကြသည်။

ဦးထမ်မွန်းဆိုသောလူကြီးက ပေါက်ဆိန်ကြီးတစ်လက်ကို ဆွဲကာ သူတို့ရှိရာဘက်သို့ လှည့်ကာ တစ်ချက်ပြုံးပြသည်။ သူ့အပြုံးမှာ အေးစက်၍ ကြောက်မက်ဖွယ်ကောင်းသော အပြုံးမျိုးဖြစ်သည်။ ပြီးလျှင် နွားရှိရာသို့ သွားကာ နွား၏ဦးခေါင်းကို ပေါက်ဆိန်ဖြင့် ထုချလိုက်သည်။

"ဘဲ. . ."

ဟူသော ကြောက်မက်ဖွယ် အော်သံကြီး ထွက်လာကာ နွားက ရုန်းလေတော့သည်။

ထိုအခါ ပေါက်ဆိန်ဖြင့် နှစ်ချက်သုံးချက်ဆင့် ထုချလိုက်သောအခါ ဦးခေါင်းခွံ ကြေမွသွားကာ နွားမှာ တဖြည်းဖြည်း ငြိမ်သက်သွားလေတော့သည်။

ထိုအချိန်မှာပင် ဦးထမ်မွန်းနှင့် ရွာသားများမှာ အကြောဆွဲနေသေးသောနွားကို ဓါးများဖြင့် လှီးဖြတ်ကာ အမဲဖျက်ကြလေတော့သည်။ ဦးဘိုးထော်မှာ ဘာသာရေး လိုက်စားသူမို့ ထိုကဲ့သို့ သတ္တဝါတစ်ကောင်ကို ရက်ရက်စက်စက် သတ်ဖြတ်နေသည်ကို မကြည့်လိုသောကြောင့် မျက်နှာလွှဲကာ တစ်နေရာသို့ သွားနေလေသည်။

အတန်ကြာတော့ ရွာသားတစ်ယောက် ရောက်လာပြီး သူတို့ကို ခေါ်သွားကာ တဲတစ်လုံးပေါ်မှာ နေရာချပေးသည်။ တဲမှာ အတော်





ကျယ်ဝန်းပြီး လူမရှိသောကြောင့် လွတ်လပ်စွာ တည်းခိုနိုင်လေသည်။ ထိုအချိန်မှာ ရွာသူရွာသားများမှာ အမဲပေါ်ရာသို့ အလုအယက် သွားကြကာ အမဲသား သွားယူနေကြသည်ကို လှမ်းမြင်ရသည်။ အချို့ကလေးများက ပျော်ရွှင်သဖြင့် အော်ဟစ်ကာ ပြေးလွှားနေကြလေသည်။

လူရွယ်လေးယောက်ကတော့ တဲပေါ် ရောက်သည်နှင့် အရက်ပုလင်းများကို ဖွင့်ကာ အရက်သောက်နေကြသည်။ ဦးဘိုးထော်ကတော့ သူတို့နှင့် ဝေးရာ၌ ထိုင်ကာ ဘုရားတရားကို အာရုံပြု၍ ရသမျှ ဂိုဏ်တော်၊ ဂါထာတော်များကို ရွတ်ဆိုနေသည်။ အတန်ကြာတော့ ဦးထမ်မွန်းဆိုသောလူကြီး ရောက်လာသည်။ တစ်ကိုယ်လုံးမှာလည်း သွေးများဖြင့် ရဲရဲနီနေလေသည်။

"မိတ်ဆွေတို့ ညစာမစားကြရသေးဘူးမှတ်တယ်၊ ခဏကလေး စောင့်ကြပါဗျို့၊ အမဲသားဟင်း ပို့ပေးလိုက်မယ်"

ဟု ပြောကာ ပြန်သွားသည်။

"ဟန်ကျတာပဲ. . . ခရီးပင်ပန်းလာတာနဲ့ အတော်ပဲ၊ အမဲသားဟင်းနဲ့အရက် အဝစားသောက်ပြီး အိပ်ကြတာပေါ့"

လူရွယ်များကတော့ သဘောကျနေကြသည်။ ဦးဘိုးထော်ကတော့ တစ်စုံတစ်ခုကို စိုးရိမ်နေမိသဖြင့် ဘုရားစာ တရားစာများကိုသာ တိုးတိုးလေး ရေရွတ်နေသည်။ ညဦးပိုင်းအချိန် ရောက်သောအခါ မိန်းကလေးနှစ်ယောက် ရောက်လာပြီး အငွေ့တထောင်းထောင်းနှင့် မွှေးကြိုင်လှသော အမဲသားဟင်းများ လာပို့ပေးကြသည်။

အမဲသားဟင်းများမှာ ဇလုံဖြင့် အပြည့်အမောက် ထည့်ယူလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အားမနာကြပါနဲ့. . . အဝသာ စားကြပါ။ လိုရင်လည်း အသံသာ ပြုလိုက်ပါ. . . လာပို့ပေးပါဦးမယ်"

ဟု ဖော်ရွေသောအသံဖြင့် ပြောဆိုမှာကြားကာ ပြန်သွားကြသည်။

"အတော်သဘောကောင်းတဲ့ ရွာသားတွေပဲ"

"ဟုတ်ပကွာ. . . ဒီလောက်သဘောကောင်းတဲ့ရွာမျိုး တစ်ခါမှ မကြုံဖူးသေးပါဘူး"

"အမဲသားကလည်း ကောင်းမှကောင်းကွာ. . . ချဉ်နေတာပဲ"

"ကောင်းမှာပေါ့ကွ. . . လောလောဆယ် သတ်ပြီး လတ်လတ်ဆတ်ဆတ် ချက်ထားတာကိုး"

ဟု ပြောဆိုကာ လူလေးယောက်မှာ အရက်သောက်လိုက် အမဲသားဟင်း စားလိုက်နှင့် ခေါင်းမဖော်နိုင်အောင် ရှိတော့သည်။ ဦးဘိုးထော်ကတော့ လွယ်အိတ်အတွင်းမှ ပေါက်ပေါက်ဆုပ် တစ်လုံးနှစ်လုံး စား၍ ရေသောက်ကာ ညစာအတွက် ဝမ်းဖြည့်လိုက်သည်။ အတန်ကြာတော့. . .

"အဘရေ. . . ကျုပ်တို့တော့ အရက်လည်း မူးပြီ၊ ဗိုက်လည်း ဝပြီဆိုတော့ အိပ်တော့မယ်ဗျို့"

ဟု ပြောကာ အသီးသီး လှဲအိပ်သွားကြလေတော့သည်။ ၎င်းတို့ စားသောက်ထားသော ပန်းကန်နှင့် အရက်ပုလင်းများက ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေတော့သည်။

၎င်းတို့ အိပ်သွားသောအခါ ဦးဘိုးထော်က လွယ်အိတ်ထဲမှ





ပုတီးကို ထုတ်၍ ထိုင်ကာ ပုတီးစိပ်နေလေသည်။ ၎င်းရွတ်ဆိုနေသည်မှာ (၂၄)ပစ္စည်း ပဋ္ဌာန်းတရားတော်ကို အနုလုံပဋိလုံ စိပ်သော ပုတီးပင်ဖြစ်၏။

အတန်ငယ် ညဉ့်နက်လာသောအခါ အပြင်ဘက်မှာ မြင်နေရသော မီးရောင်များ ပျောက်သွားပြီး ကြားနေရသော လူသံသူသံများလည်း တိတ်ဆိတ်သွားလေတော့သည်။ ဦးဘိုးထော်က တဲအပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သော်လည်း မှောင်နေသောကြောင့် သဲသဲကွဲကွဲ ဘာမှမမြင်ရပေ။

ထိုသို့ရှိနေစဉ် အပြင်ဘက်မှ ခြေသံကြားရသဖြင့် လှမ်းကြည့်လိုက်တော့ စောစောက အမဲသားဟင်း လာပို့ပေးသော မိန်းကလေးနှစ်ယောက်ကို တွေ့ရသည်။ ၎င်းတို့က တဲပေါ် တက်မလာပဲ အပြင်ဘက်မှာ ရပ်နေကြသည်။

"ဘကြီး. . . ကျွန်မတို့ ပန်းကန်တွေ လာသိမ်းတာပါ"

"အေး. . . လာယူကြလေ"

"ကျွန်မတို့ အထဲဝင်လို့ မရလို့ တဆိတ်လောက် လှမ်းပေးလိုက်ပါ"

"ကျုပ် ပုတီးစိပ်နေလို့ မင်းတို့ပဲ အပေါ်တက်ယူလိုက်ကြပါကွယ်"

ထိုသို့ပြောသော်လည်း မိန်းကလေးနှစ်ယောက်က ရပ်မြဲရပ်နေကြသည်။ ပထမတော့ ဦးဘိုးထော် စိတ်ထဲတွင် ယောကျာ်းလေးများရှိသည့် အပေါ်သို့ အချိန်မတော် မတက်လို၍ ရပ်နေသလားဟု အောက်မေ့လိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် တစ်ချက်လှမ်းကြည့်လိုက်တော့ သူ့ကို မျက်ထောင့်နီကြီးများဖြင့် လှမ်းကြည့်နေကြသည်ကို တွေ့ရသဖြင့် အံ့သြသွားသည်။ ခဏကြာတော့ မိန်းကလေးတစ်ယောက်က လက်တစ်ဖက်ဖြင့် တဲပေါ်မှ ပန်းကန်ကို လှမ်းယူလိုက်သည်ကို မြင်လိုက်ရသည်။

"ဟင်. . ."

ထိုသို့လှမ်းယူစဉ်မှာ သူမ၏လက်မှာ သာမန်မဟုတ်တော့ပဲ တဖြည်းဖြည်းနှင့် ရှည်ထွက်လာရာ တဲပေါ်မှာ ချထားသော ပန်းကန်ဆီသို့ ရောက်လာသည်။ ပန်းကန်ကို ရသည်နှင့် ဆွဲယူကာ ပြန်ထွက်သွားကြလေသည်။

ထိုအခြေအနေကို မြင်သောအခါမှ ဦးဘိုးတော်မှာ မိမိထင်သည့်အတိုင်း မှန်နေသည်ကို သိသဖြင့် များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။ အဖော်လေးယောက်ကို ကြည့်လိုက်တော့လည်း အရက်မူး၍ တခူးခူးနှင့် အိပ်ပျော်နေကြလေပြီ။

ယခုအချိန်ရောက်မှ နှိုးလျှင်လည်း ရတော့မည် မထင်ပေ။ သို့ကြောင့် ဦးဘိုးတော်မှာ ဘုရားစာတရားစာများကို ရွတ်ဆိုရင်း ပဌာန်းတရားတော်ကိုသာ ပုတီးတွင်တွင်စိပ်နေတော့သည်။ ညဉ့်နက်ပိုင်းရောက်တော့ လရောင်က ထွက်လာလေသည်။ သို့ကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်ရလေသည်။

ထိုသို့မြင်ရတော့မှ ပို၍အံ့သြရလေတော့သည်။ အခြားမဟုတ်ပေ။

ညဦးပိုင်းက မြင်ရသော တဲအိမ်နှင့် လူများကို မတွေ့ရတော့ပဲ ကြည့်လေရာတွင် သစ်ပင်ချုံနွယ်များ၊ ချုံပုတ်များသာ တွေ့ရလေသည်။





ထိုအခါ ပိုမိုကြောက်ရွံ့မှု ဖြစ်လာပြီး ပုတီးကိုသာ တွင်တွင်စိပ်နေတော့သည်။ သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ တောထဲမှ ဆူဆူညံညံအသံများ ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ သူတို့ရှိနေရာသို့ လာနေကြသော မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ရသည်။

သစ်ပင်ရိပ်များကြောင့် အမှောင်ရိပ်များ ဖုံးနေသဖြင့် ထိုသဏ္ဍာန်များကို သဲသဲကွဲကွဲ မမြင်ရသော်လည်း လူမဟုတ်ပဲ ကြောက်မက်ဖွယ်ကောင်းသော ပုံပန်းသဏ္ဍာန်များ ဖြစ်သည်ကိုတော့ လှမ်းကြည့်ရုံနှင့် သိနိုင်လေသည်။

သို့ကြောင့်. . .

၎င်းတို့ရှိရာသို့ လှမ်းမကြည့်တော့ပဲ မျက်စိကို မှိတ်ကာ ပုတီးကိုသာ တွင်တွင်စိပ်နေတော့သည်။ ထိုအချိန်မှာ ခြေသံများ၊ စူးစူးဝါးဝါး အော်ဆိုနေသံများ၊ ကြောက်မက်ဖွယ်ရာ မာန်ဖီသံများက တဖြည်းဖြည်း နီးလာသည်။ သူတို့ရှိနေရာ ပတ်ဝန်းကျင်သို့ ရောက်လာသည်။ ဦးဘိုးတော်ကလည်း မျက်စိကို မှိတ်မြဲမှိတ်ထားပြီး ဘုရားတရားကိုသာ အာရုံပြုထားလေသည်။

အကယ်၍ မကောင်းဆိုးဝါးများက မိမိတို့ ရှိရာ တဲပေါ်သို့ တက်လာပါက မည်သို့မှ တတ်နိုင်မည် မဟုတ်သဖြင့် ကံတရားအတိုင်းသာ ရှိစေတော့ဟု သဘောထားလိုက်လေသည်။

သို့သော်. . .

ခြေသံများ၊ စကားပြောသံများက တဲပတ်ဝန်းကျင်သို့ ရောက်လာပြီးနောက် ရှေ့ဆက်မတိုးလာပဲ အပြင်ဘက်မှာသာ တန့်သွားကြသည်။

www.burmeseclassic.com



သို့ကြောင့် ဦးဘိုးထော်လည်း အနည်းငယ် အားရှိလာတော ပဋ္ဌာန်းတရားတော်ကို အသံကျယ်ကျယ်ဖြင့် ရွတ်ဆိုနေတော့သည်။ ထိုသို့ရွတ်နေစဉ် တဲအဖြင်ဘက်မှ အသံသြသြကြီး ထွက်လာသည်။

"တော်တော့. . . ဆက်မရွတ်နဲ့တော့"

ဦးဘိုးထော်က မျက်စိဖွင့်ကြည့်လိုက်သည်။ ထိုအခါ တဲပေါက်ဝနှင့် မလှမ်းမကမ်းနေရာမှာ လူကြီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ ထိုလူကြီးမှာ အခြားမဟုတ်ပေ။

ရွာသို့ ရောက်လာကာစက လာရောက်မိတ်ဖွဲ့သော ဦးထမ်မွန်းပင်ဖြစ်သည်။

သို့စေကာမူ ညဦးက တွေ့သောပုံမျိုး မဟုတ်တော့ဘဲ သခ သဘက်ကြီးကဲ့သို့ ကြောက်မက်ဖွယ်ရာ ပုံသဏ္ဌာန် ဖြစ်နေချေပြီ။ မျက်လုံးကြီးများက အပြင်သို့ ပြူးထွက်နေပြီး နီရဲလျက်ရှိသည်။ ပါးစပ်က ပြဲနေပြီး လျှာက အပြင်သို့ ထွက်နေသည်။ တစ်ကိုယ်လုံးမှာလည်း အဝတ်အစား မရှိပဲ အမွေးရှည်များက ဖုံးထားလေသည်။

"မင်းတို့ ငါ့ပိုင်နက်ထဲ ရောက်နေကြပြီ၊ အားလုံးစားရမယ်"

ထိုသို့ပြောလည်း ဦးဘိုးထော်က ဘာမှပြန်မပြောပဲ ပဋ္ဌာန်းတရားကို ရွတ်မြဲရွတ်နေသည်။

"မင်း အစားမခံချင်ရင် မင်းနဲ့ ပါလာတဲ့လူတွေကို စားဖို့ ပေးမယ်၊ ဒီလူလေးယောက်က ငါတို့ ကျွေးတဲ့အစားတွေကို စားလို့ ငါတို့လူ ဖြစ်သွားပြီ"

ဦးဘိုးထော်က ကြောက်ရွံ့မှု ရှိသော်လည်း အကယ်၍ မိမိအနေနှင့် ဘုရားစာ ရွတ်ဖတ်ခြင်းကို ရပ်တန့်လိုက်ပါက မကောင်းဆိုး





ဝါးများ ရွှေ့တိုးဝင်လာမည်ကို သိသဖြင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ ဆက်ရွတ်နေသည်။

ဦးဘိုးထော်ထံမှ တုန့်ပြန်မှု မရသောအခါ တဲအပြင်ဘက်မှ မကောင်းဆိုးဝါးများမှာ ပိုမိုဒေါသဖြစ်လာကာ တဲအတွင်းသို့ ဝင်ရန် ကြိုးစားကြသော်လည်း ဝင်ခွင့်မရကြသဖြင့် အပြင်ဘက်မှာပင် သောင်းကျန်းနေကြတော့သည်။

၎င်းတို့သည် တဲတိုင်များကို ကိုင်လှုပ်ခြင်း၊ တဲနံရံများကို တဒုံးဒုံး တဖျမ်းဖျမ်းနှင့် ထုရိုက်ခြင်းများ ပြုကြရာ အိပ်ပျော်သူများပင် နိုးလာကြတော့သည်။

"အဘ. . . ဘာဖြစ်တာလဲ၊ ဘာသံတွေလဲ"

လူရွယ်လေးယောက်မှာ အိပ်ချင်မူးတူးနှင့် ထလာကြသည်။

"အသာငြိမ်နေကြ. . . ငါ့အနားကနေ ဘယ်သူမှ အပြင်သွားကြနဲ့"

ဟု ခပ်တိုးတိုး သတိပေးလိုက်ပြီး မိမိရွတ်နေကျအတိုင်း ပဋ္ဌာန်းကို ဆက်ရွတ်နေသည်။ မကောင်းဆိုးဝါးများကလည်း အနားသို့ မကပ်နိုင်သဖြင့် အပြင်ဘက်မှာသာ ဆူညံချင်တိုင်း ဆူညံနေကြတော့သည်။ ထိုအခါမှ လူရွယ်များမှာ အပြင်ဘက်မှ လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို မြင်ကြလေသည်။

"အမယ်လေး. . တစ္ဆေသရဲတွေပါလား၊ ဘယ်ကနေ ဘယ်လိုများ စုပြုံရောက်နေကြတာလဲ"

"ဘယ်သိပါ့မလဲ. . . ရွာက လူတွေလည်း ဘယ်ရောက်ကုန်သလဲ တစ်ယောက်မှ မရှိတော့တာလဲ"



www.burmeseclassic.com

"လူတွေတင် မဟုတ်ဘူး၊ တဲအိမ်တွေပါ မရှိတော့တာဟ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ငါလည်း ဘယ်သိပ့်ါမလဲ"

"ဟော့. . ဟော့. . အခုမှ သိပ်ကြောက်မနေကြနဲ့၊ မကောင်းဆိုး ဝါးတွေ ကြည့်ရတာ အဘ ဘုရားစာတွေ ရွတ်နေလို့ အထဲဝင်လို့ရကြ ဟန် မတူဘူး. . . အသာငြိမ်နေကြဟ"

ဤသို့ဖြင့် တစ်ညလုံးလိုလိုပင် ဦးဘိုးထော်က ဘုရားစာ တရား စာများ တစ်ချိန်လုံး ရွတ်နေရပြီး မကောင်းဆိုးဝါးများကလည်း အပြင် ဘက်မှ တစ်ညလုံး သောင်းကျန်းနေကြလေသည်။

ဒီကြားထဲမှာ ညဦးက အမဲသားဟင်း စားထားသူများမှာ ရူ တရက် ဗိုက်နာလာပြီး ဝမ်းသွားချင်လာသော်လည်း နေရာမှ မထ သောကြောင့် ကြိတ်မှိတ်၍ နေကြရလေသည်။

တစ်ညလုံး သောင်းကျန်းနေကြသော မကောင်းဆိုးဝါးများ အရှေ့ဘက်မှ အာရုဏ်ဦးအလင်းရောင်များ တက်လာသောအခါ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားကြလေသည်။ သို့တိုင်အော နေရာမှ မထဝံ့ကြသေးပဲ အခြေအနေ ကြည့်ကြရသေးသည်။

နောက်ဆုံး အလင်းရောင်များ ကောင်းစွာရလာပြီး အခြေ အနေ မထူးခြားတော့မှ တောစပ်ဝင်၍ ဝမ်းသွားကြရလေသည်။ ထို ဝမ်းသွားသောအခါ အမွှေးအမျှင်များ မဖယ်ရသေးသည့် နွားသား အပိုင်းအစများကိုသာ တွေ့ကြရသည်။

ညက တွေ့ရသော မီးရောင်ထိန်ထိန်နှင့် အိမ်များမှာလည်း တစ်အိမ်မှ မရှိကြတော့ပေ။





ထိုအခါ ဦးဘိုးထော်တို့လူစုမှာ ထိုနေရာ၌ ကြာရှည်မနေဝံ့ကြ တော့ပဲ အထုပ်အပိုးများ ဆွဲကာ ထိုနေရာမှ အမြန်ဆုံး ထွက်ခဲ့ကြလေ သည်။ ပရလောက၏လှည့်စားမှုများက ဆန်းကြယ်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

# ကျတ်ရွာသို့ ရိက္ခာပို့ပေးကြရခြင်း

ရှေး နှစ်ပေါင်းများစွာက ထိုနေရာတဝိုက်တွင် အခြေစိုက် နေထိုင်ကြသော ရွာအများအပြား ရှိခဲ့ကြလေသည်။

သို့သော်လည်း ရွာသူရွာသား အတော်များများမှာ ဗုဒ္ဓဘာသာဝင်များ မဟုတ်ရုံမက ဘုရားတရားလည်း အလေးထားမှုလည်း မရှိကြလေ။

အများအားဖြင့်တော့ ဘိန်းချက်၊ အမဲလိုက်၊ နွားသတ်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



များတိုသာ လုပ်ကိုင်ခဲ့ကြသဖြင့် နေ့စဉ် မကောင်းမှုအလုပ်များဖြင့်သာ ပြည့်နှက်နေတော့သည်။ ကြာတော့ ဘုတ်၊ တစ္ဆေများ ဝင်ရောက်ဖမ်းစားသဖြင့် လူများ သေကြေပျက်စီးကာ ကျန်သည့်လူများမှာလည်း အခြားသို့ ထွက်ပြေးကြရာမှ ရွာပျက်ရလေတော့သည်။

နောက်ပိုင်း လာရောက်နေထိုင်ကြသူများမှာလည်း ဘုတ်၊ တစ္ဆေ၊ ကျတ်များ ဖမ်းစားခြင်း ခံရသဖြင့် လူများ သေကာ ထွက်ပြေးကြရပြန်သည်။ နောက်တော့ နေဝံ့မည့်သူ မရှိတော့ပေ။

ကာလကြာသောအခါ ထိုနေရာတဝိုက်ရှိ ဂူတစ်ဂူအတွင်းသို့ အရှင်မြတ် ကြွလာကာ တရားအလုပ်လုပ်ရင်း သီတင်းသုံး နေထိုင်ရာမှ အချို့လည်း ထိုပတ်ဝန်းကျင်သို့ အရဲစွန့်၍ ပြန်လာကာ နေထိုင်ကြလေသည်။ တစ်ဦးစ နှစ်ဦးစ လာရောက်နေထိုင်ကြရာ မည်သည့်ဘေးအန္တရာယ်မှ မဖြစ်မှန်း သိသောအခါ အခြားသူများကပါ လာရောက်နေထိုင်ကြရာမှ ရွာငယ်ကလေးများ ဖြစ်လာတော့သည်။

ထိုသို့ လာရောက်နေထိုင်ကြသူများမှာ အများအားဖြင့် ကချင်လူမျိုးများ ဖြစ်ကြပြီး အရှင်မြတ် ရှိရာသို့ ရောက်လာသောအခါ ကချင်တစ်ယောက်ဖြစ်မှန်း သိရသောအခါ များစွာအံ့သြကြသည်။ ကချင်တစ်ယောက်က ဗုဒ္ဓဘာသာဝင် ဖြစ်ရုံမက ယခုကဲ့သို့ ဘုန်းကြီးဝတ်နေသည်ကို မြင်သောအခါ ပို၍ အံ့သြကြလေသည်။ အချို့က မယုံကြည်သဖြင့် ကိုယ်တိုင်လာမေးကြသည်။

"ဘာလူမျိုးလဲ"

"ကချင်လူမျိုး"

"ဘာကြောင့် ဘုန်းကြီးဝတ်တာလဲ"





"အေးချမ်းချင်လို့"

"ကချင်လူမျိုးက ဘုန်းကြီးဝတ်လို့ ရသလား"

"ကချင်လူမျိုးမှ မဟုတ်ဘူး၊ ဘယ်သူမဆို ဝတ်လို့ရပါတယ်"

ထိုအခါ လာမေးသော အဘိုးကြီးက. . .

"ကချင်လူမျိုးတစ်ယာက် ဘုန်းကြီးဝတ်သွားတာ သနားစရာလည်းကောင်း၊ နှမြောစရာလည်း ကောင်းတယ်"

ဟု တစ်ကိုယ်တည်း ပြောသလို ရေရွတ်နေလေသည်။ ထိုစကားကြားသောအခါ အရှင်မြတ်က ပြုံးရုံသာပြုံးနေလေသည်။ အချို့ကလည်း ၎င်းတို့အချင်းချင်း ပြောကြသည်။

"သူရှိနေလို့ တို့တွေ အခုလို နေနိုင်တာ မဟုတ်လား၊ ဘာကြောင့် သူ့ကို အပြစ်ပြောရတာလဲ"

"ငါက အပြစ်ပြောတာ မဟုတ်ပါဘူး၊ အရွယ်ကလေး ရှိနေသေးရက်နဲ့ ဘုန်းကြီးဘဝ ရောက်နေတာ သနားလို့ပါ"

"ဘာပဲဖြစ်ဖြစ် သူ့ကို ကျေးဇူးတင်ရမှာပဲ၊ အရင်တုန်းက ဒီနေရာတွေမှာ တစ္ဆေသရဲတွေ ဖမ်းစားလွန်းလို့ ဘယ်သူမှ မနေနိုင်တာမင်းတို့အသိပဲ၊ အခု သူရောက်လာမှ အဲဒီလို အခြောက်အလှန့်တွေငြိမ်ကြတော့လို့ တို့တွေ အခုလို အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်တာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်"

ထိုသို့ပြောဆိုကာ ထိုနေရာတွင် ရွာတည်ထောင်ကြသူများမှာ တဖြည်းဖြည်း များလာကြတော့သည်။ အချို့ကလည်း ဘုန်းကြီးအနေနှင့် လာရောက်လှူဒါန်းသည် မဟုတ်ပဲ မိမိတို့ ကချင်အမျိုးသားချင်း

www.burmeseclassic.com



ယောတ် ဖြစ်နေသည်ကတစ်ကြောင်း၊ တောထဲ၌ ဒုက္ခဆင်းရဲခံ…
လာနေသည်က တစ်ကြောင်းကြောင့် သနားသဖြင့် အစားအသော…
များ လာရောက်ပို့ပေးကြသည်။ ထိုအခါ အရှင်မြတ်က. . .

"ဒီကိုယူလာရင် ခေါင်ရည်မယူလာနဲ့၊ ဘိန်းမယူလာနဲ့၊ အသား…ငါးတွေ မယူလာနဲ့၊ စေတနာရှိလို့ လာပို့ပေးရင် အသီးအနှံပဲ ပို့ပေး…ပါ"

ဟု မှာကြားလေရာ အံ့သြရပြန်သည်။

မည်သို့ပင်ဆိုစေ. . .

ထိုနေရာတဝိုက်တွင် အရှင်မြတ် ရှိနေသောကြောင့် ဘုတ်…တဆွေ၊ သရဲ၊ ကျွတ်၊ ပြိတ္တာတို့၏ ခြောက်လှန့်နှောင့်ယှက်မှု မခံကြ…အေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ကြလေသည်။ ကာလအတန်ကြာ…သောအခါ တဖြည်းဖြည်းနှင့် ရွာကြီးဖြစ်လာလေသည်။ ယခင်က ထို…နေရာ၌ ရှိသော ကျွတ်ရွာများလည်း အခြားနေရာသို့ ရွှေ့ပြောင်းသွား…ကြလေသည်။

တစ်နေ့သ၌ ထိုရွာသို့ ရပ်ဝေးမှ လူရွယ်တစ်ယောက် အလည်…အပတ် ရောက်လာလေသည်။ ထိုလူရွယ်မှာ ဝေးလံလှသော တော…ပေါ် ရွာတစ်ရွာမှ ဖြစ်ပြီး ဘကြီးဖြစ်သူထံ အလည်အပတ် ရောက်လာ…ခြင်း ဖြစ်၏။ ဘကြီးကလည်း ရပ်ဝေးမှ တူတော်မောင် ရောက်လာ…သဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ စိတ်ပျော်သလောက် နေထို…ရန် မှာကြားထားလေသည်။

ထိုလူရွယ်၏အမည်မှာ စိုင်းလုံဖြစ်သည်။ နေ့လည်ဘက်တွင်…ဘကြီးဖြစ်သူနှင့် မိသားစုများက တောင်ယာသို့ သွားကာ အလုပ်လု…





…ကြသဖြင့် စိုင်းလုံမှာ အိမ်၌ တစ်ယောက်တည်း ကျန်ခဲ့လေသည်။

သို့ကြောင့် ပျင်းပျင်းရှိသည်နှင့် ပတ်ဝန်းကျင်ရှိ တောတွင်းသို့ …လည်သွားရာမှ တစ်နေရာသို့ ရောက်သောအခါ ကြီးမားသော သစ်…ပင်ကြီးတစ်ပင်အောက်တွင် သေးငယ်လှသော စပါးကျီငယ်ကလေး…များကို တွေ့ရသဖြင့် အံ့သြသွားလေသည်။ ကြည့်တော့လည်း ထိုစပါး…ကျီများထဲတွင် စပါးများ ရှိကြလေသည်။ စပါးကျီငယ်ကလေးများမှာ …ငါးလုံးခန့် ရှိလေသည်။

"ဒီစပါးကျီကလေးတွေက ဘာလုပ်ထားတာလဲ မသိဘူး၊ နတ်…ထားတာများ ဖြစ်လေမလား"

ဟု တစ်ယောက်တည်း တွေးနေမိစဉ် နောက်ဘက်မှ ခြေသံ…ကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ အသက်နှစ်ဆယ်ခန့် မိန်းမပျို…တစ်ယောက်ကို တွေ့ရလေသည်။

"ရှင် ဘာကြည့်နေတာလဲ"

"ဒါလေးတွေကို ကြည့်နေတာ၊ ဒါ စပါးကျီတွေ မဟုတ်လား"

"ဟုတ်ပါတယ်. . ."

"သေးသေးလေးတွေ ဘာလုပ်တာလဲ"

"ရှင့်အမြင်တော့ သေးတာပေါ့၊ ကြီးတဲ့အခါလည်း ကြီးမှာပေါ့"

"ဟင်. . . ."

ထိုစကားကြောင့် နည်းနည်းတော့ အံ့သြသွားသည်။

"ဒါထက် ရှင်ဘယ်ရွာကလဲ"

"ကျွန်တော်နေတဲ့ရွာက ဟိုးအဝေးကြီးမှာပါ၊ မိုင်းစပ်ရွာကို…လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မသိတာကိုး၊ ရှင်းသိချင်ရင် နောက်တစ်ခါ လာခဲ့ပေါ့။ ကျွန်မ ရှင်းပြပါ့မယ်"

ဟု ပြောကာ တောထဲ ပြန်ဝင်သွားလေသည်။ စိုင်းလုံမှာ ဇဝေဇဝါနှင့် တည်းခိုရာအိမ်သို့ ပြန်လာခဲ့လေသည်။ ဘကြီးဖြစ်သူ ပြန်လာသောအခါ ထိုအကြောင်းကို ပြောပြလိုက်ရာ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။

"မင်း အဲဒီနေရာကို ရောက်သွားတယ် ဟုတ်လား"

"ဟုတ်တယ် ဘကြီး၊ သစ်ပင်ကြီးအောက်မှာ စပါးကျီကလေးတွေလည်း တွေ့ခဲ့တယ်၊ နောက်ပြီး မိန်းမတစ်ယောက်ကိုလည်း တွေ့ခဲ့ရတယ်"

"ဟာ. . . ခက်တော့တာပါပဲကွာ၊ မင်းက ဒီနယ်အကြောင်းတွေကို ဘာမှမသိဘဲနဲ့ နောက်ကို အဲသည်လို လျှောက်မသွားပါနဲ့ငါ့တူရယ်"

ဟု တောင်းပန်လေသည်။

"ဘာဖြစ်လို့လဲ ဘကြီးရဲ့"

"မင်းရောက်ခဲ့တဲ့နေရာက အခြားမဟုတ်ဘူး၊ အရင် ဘကြီးတို့ နေခဲ့တဲ့ ရွာဟောင်းနေရာပဲ၊ အဲဒီနေရာမှာ ကျွတ်တွေ သောင်းကျန်းလွန်းလို့ မနေနိုင်ပဲ ဒီနေရာကို ပြောင်းနေရတာသာ ကြည့်ပေတော့"

"ဒါထက် အဲဒီသစ်ပင်ကြီးအောက်မှာ တွေ့ခဲ့တဲ့ စပါးကျီလေးတွေကရော ဘာလုပ်ကြတာလဲ"

"တခြားဟုတ်ပါရိုးလားကွယ်၊ ရွာမှာ နေတဲ့ လယ်ရှင်တွေက အဲဒီကျွတ်တွေကို နှစ်စဉ် ရိက္ခာထောက်ပံ့ပေးရတဲ့ စပါးကျီတွေပေါ့"





"အလိုလေး. . . အဆန်းပါလား၊ ကျွန်တော့်တစ်သက်မှာ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြားမိပါဘူး၊ လူက ကျွတ်တွေကို ရိက္ခာထောက်ပေးရတယ် ဟုတ်လား ဘကြီး"

"ဟုတ်ပါ့ကွယ်. . . အဲဒီကျွတ်ရွာမှာ အကြီးအကဲ ဖြစ်နေတာကလည်း တခြားဟုတ်ပါရိုးလား၊ အဲဒီရွာက သေပြီး ဘဝပြောင်းသွားတဲ့ ရွှေမောင်ဆိုတဲ့လူပဲ"

"သူက ဘယ်လိုဖြစ်သွားတာလဲ ဘကြီး"

"လူ့ဘဝကနေ ကျွတ်သူမနဲ့ ညားပြီး ဘဝပြောင်းသွားရတာပေါ့ကွယ်"

"သူ့အကြောင်းကို ပြောပြစမ်းပါ ဘကြီး၊ နားထောင်ချင်လို့ပါ"

စိုင်းလုံက ပူဆာသဖြင့် ဘကြီးဖြစ်သူက အောက်ပါအဖြစ်အပျက်များကို ပြောပြလေသည်။ တစ်ချိန်က ထိုသစ်ပင်ကြီးနှင့် မနီးမဝေး၌ စည်ကားသော ရွာကြီးတစ်ရွာ ရှိလေသည်။ ထိုရွာမှ လူများသည် ထိုအထိကရ သစ်ပင်ကြီးအောက်သို့ တစ်ယောက်တည်း သွားမိပါက ကျွတ်တို့၏လှည့်စားမှုကို ခံရကာ အသက်သေဆုံးကြရလေ၏။ နောက်ပိုင်းတွင် တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားလာဝံ့ကြတော့ပေ။

ရွှေမောင်သည် အသက်(၂၅)နှစ်ခန့် ရှိကာ လူပျိုလူလွတ် တစ်ယောက်ဖြစ်သည်။ သူသည် ပရလောကသားများကို အယုံအကြည်ရှိသလို အကြောက်အလန့်လည်း မရှိလှပေ။

တစ်နေ့တော့ အခြားရွာတစ်ရွာမှ သူကြီးသားတစ်ယောက်နှင့်လာဆောင်၌ တောအရပ် ဇာတ်ပွဲတစ်ခုဖြင့် ညည့်ခံရာ အနီးအပါး



www.burmeseclassic.com

www.burmeseclassic.com



တောင်ရှိ ရွာများမှ သွားရောက်ကြည့်ရှုကြလေသည်။ ရွှေမောင်မှာ အလုပ်မှ အပြန်နောက်ကျသဖြင့် ညဦးပိုင်းအချိန်လောက်မှ ထိုဇာတ်ပွဲသို့ တစ်ယောက်တည်း သွားလေသည်။

လမ်းရောက်သောအခါ တစ်ယောက်တည်း သွားနေသော မိန်းမပျိုတစ်ယောက်ကို လှမ်းမြင်ရသဖြင့် အခြားရွာမှ မိန်းကလေး တစ်ဦး အဖော်မပါပဲ သွားလာနေသည်ဟု ထင်မိလေသည်။

သူ့နောက်မှ လိုက်လာသောခြေသံကို ကြားသဖြင့် မိန်းကလေးက တစ်ချက်လှည့်ကြည့်ကာ ရပ်စောင့်နေလေသည်။

“မိုးကြီးချုပ်မှ အဖော်မပါပဲ တစ်ယောက်တည်း ဘယ်သွားမလို့လဲ”

“တစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊ အဖော်တွေက ရှေ့က သွားနှင့်ကြလို့ပါ၊ ပွဲသွားမယ့်သူပါရှင်”

“ဒါထက် အရင်က ခင်ဗျားကို တစ်ခါမှ မမြင်မိပါဘူး၊ ဘယ်ရွာကလဲဟင်”

“ကျွန်မက မိုးခိုရွာကပါရှင်၊ ဒီဘက်ရွာတွေမှာ စပါးဝယ်ဖို့ ရောက်လာတဲ့သူတွေပါ၊ စပါးဝယ်တာ ပြည့်စုံအောင် ရမှ ပြန်ကြမှာပါ”

“ဒါထက် ဘယ်ရွာမှာ တည်းကြသလဲ”

“ကျွန်မတို့က ရွာမှာ မတည်းပါဘူး၊ တောထဲမှာ လှည်းဝိုင်းဖွဲ့နဲ့ စခန်းချပြီး နေကြတာပါ”

ဟု စကားပြောရင်း လာကြရာ အငြိမ့်ပွဲထည့်သော ရွာအနီးသို့ ရောက်သောအခါ မိန်းကလေးက ရွှေမောင်ကို နှုတ်ဆက်ကာ အဖော်များ ရှာရန် ထွက်သွားလေသည်။





ရွှေမောင်မှာ အဖော်မရှာပဲ လူပျိုကြီးဘဝနှင့် နေလာခဲ့ပြီးမှ ယခုကဲ့သို့ လှပချောမောသော တစ်ရွာသူ မိန်းမပျိုကို အမှတ်မထင် တွေ့ဆုံရာမှ နေမထိ ထိုင်မသာ ဖြစ်နေလေတော့သည်။

ပွဲခင်းထဲ ရောက်၍ ပွဲစထွက်သော်လည်း ရွှေမောင်တစ်ယောက် ပွဲကိုပင် ဖြောင့်အောင်မကြည့်နိုင်ပဲ လူအုပ်ကြားထဲသို့ မျက်စိဝေ့ကြည့်ကာ မိန်းမပျိုကို လိုက်လံရှာဖွေကြည့်သော်လည်း အရိပ်အယောင်မျှပင် မတွေ့ရပေ။

ပွဲသိမ်း၍ လူအများမှာ နေရာမှ ထ၍ အသီးသီး ပြန်ကြသော်လည်း ရွှေမောင်မှာ မပြန်နိုင်သေးပဲ မယောင်မလည်နှင့် လျှောက်ကာ မိန်းကလေးကို လိုက်လံရှာဖွေနေမိသည်။

တစ်နေရာ ရောက်သောအခါ အဖော်မပါပဲ တစ်ယောက်တည်း ရပ်နေသော မိန်းမပျိုကို ပြန်တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

“အဖော်တွေနဲ့ မတွေ့သေးဘူးလား”

“ဟုတ်တယ်. . . ကျွန်မ အဖော်တွေနဲ့ အခုအချိန်အထိ ပြန်မတွေ့ရသေးလို့ ပြန်ဖို့ ခက်နေတယ်”

“မခက်ပါဘူးလေ. . . ကျွန်တော် လိုက်ပို့ပေးပါ့မယ်”

“ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်”

ထိုသို့ပြောကာ နှစ်ယောက်သား ထွက်လာကြလေသည်။

“ဒါထက် အစ်ကို့နာမည် ဘယ်လိုခေါ်ပါသလဲ”

“ရွှေမောင်လို့ ခေါ်ပါတယ်၊ ဒါထက် မင်းနာမည်ကရော ဘယ်လိုခေါ်သလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မလှချစ်လို့ ခေါ်ပါတယ်"

"နာမည်နဲ့လူနဲ့ကတော့ လိုက်ပါပေတယ်"

"ဘယ်လို လိုက်တာလဲ အစ်ကိုရဲ့"

"အော်. . . တခြားမဟုတ်ပါဘူး၊ လူလည်းလှ၊ ချစ်ဖို့လည်းကောင်းလို့ မလှချစ်ဆိုတဲ့နာမည်နဲ့ လိုက်တယ်လို့ ပြောတာပါ"

"အို. . . အစ်ကိုကလည်း မြှောက်နေပြန်ပါပြီ၊ ဒီမှာ အနေရခက်တော့မှာပဲ"

ရွှေမောင်မှာ မိမိအနေနှင့် အရဲစွန့်ကာ ပြောလိုက်သောစကားကို မိန်းကလေးက စိတ်မဆိုးသည့်အပြင် ပြုံးတုံ့တုံ့ အမူအယာနှင့် ကန့်ကလျ ပြောလိုက်သည်ကို အားတက်သွားလေသည်။

ထိုသို့ စကားပြောရင်းနှင့် လျှောက်လာရာ သစ်ပင်မြင့်ကြီးရှိသောနေရာနှင့် မလှမ်းမကမ်း ရောက်သောအခါ မီးရောင်တထိန်ထိန်နှင့် စခန်းချနေသော လှည်းဝိုင်းကြီးကို လှမ်းမြင်ရသည်။

"ဟိုရှေ့က မြင်နေရတဲ့ မီးရောင်ဟာ ကျွန်မတို့ စခန်းချတဲ့ လှည်းဝိုင်းနေရာပဲ၊ အခုလို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"ရပါတယ်ဗျာ. . . ဒါထက် မလှချစ်တို့ စပါးဝယ်တာ အတော်ရကြပြီလား"

"မရသေးပါဘူး အစ်ကိုရယ်၊ လိုတဲ့စပါး ရဖို့ဆိုရင် နောက်ထပ်ရက်အတော်ကြာအောင် နေရဦးမယ် ထင်ပါရဲ့"

ထိုစကား ကြားသောအခါ ရွှေမောင်မှာ ကြိတ်၍ဝမ်းသာသွားလေသည်။





"ကျွန်မတို့က ဒီနယ်မှာ ဧည့်သည်တွေဆိုတော့ အသိအကျွမ်းမရှိဘူး၊ အခုလို ကိုရွှေမောင်နဲ့ အသိအကျွမ်း ဖြစ်ရတာ ဝမ်းသာပါတယ်၊ အစ်ကိုအားတဲ့အခါ ကျွန်မတို့ လှည်းဝိုင်းကို လာလည်ပေါ့"

"ကျွန်တော်က နေ့ဘက်ဆိုရင် အလုပ်လုပ်နေရတော့ မအားပါဘူး၊ ညဘက်ရောက်မှသာ အားတာပါ"

"ညဘက်လည်း လာလည်ပေါ့ အစ်ကိုရဲ့၊ ရွာနဲ့ ဝေးတာမှမဟုတ်တာ"

"ဒီလိုဆိုရင်လည်း လာခဲ့ပါ့မယ်"

ဟု ပြောဆိုကာ မလှချစ်ကို နှုတ်ဆက်၍ ပြန်ခဲ့လေသည်။ ရွာသို့ ပြန်ရောက်သောအခါ တစ်ညလုံး အိပ်မပျော်ဘဲ မလှချစ်အကြောင်းကိုသာ တွေးနေမိသည်။

"ဒီလောက်ချောလှပြီး သဘောမနောကောင်းတဲ့ တစ်ရွာသူလေးကို ငါနဲ့ တွေ့ပေးတာ တစ်ယောက်နဲ့တစ်ယောက် ရေစက်ပါလို့ပဲ ဖြစ်ရမယ်"

ဟု တွေးကာ ပီတိဖြစ်နေလေသည်။

နောက်တစ်နေ့ ညနေဘက် အလုပ်သိမ်း၍ မလှချစ်တို့ လှည်းဝိုင်းရှိရာသို့ သွားလေရာ မှောင်စပျိုးသောအချိန်၌ ရောက်သွားလေသည်။ သူလာတာ မြင်တော့ မလှချစ်က အပြင်ထွက်လာပြီး ခရီးဦးကြိုပြုကာ အပြစ်တင်စကား ပြောလေသည်။

"ကိုရွှေမောင်ကလည်း အခုမှပဲ ပေါ်လာတော့တယ်၊ ကျွန်မဖြင့် ညနေပိုင်းကတည်းက လာမယ်ထင်လို့ မျှော်လိုက်ရတာ အမောပဲ"

ထိုစကား ကြားသောအခါ ရင်ထဲမှာ ဝမ်းသာပီတိ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်၊

"ကျွန်တော်လည်း အလုပ်ပြီးကတည်းက လာဖို့ပါပဲ၊ လာကာ နီးမှ အခြားအလုပ်ကလေးတွေ ပေါ်လာတာနဲ့ နောက်ကျရတာပါ"

"အင်းလေ. . . တစ်ရွာသားကို ခင်မိတော့လည်း ဒီလောက် တော့ မျှော်ရမှာပေါ့လေ၊ တစ်ယောက်အကြောင်း တစ်ယောက်သိရ တာမှ မဟုတ်တော့. . ."

"ကျွန်တော့်အတွက်တော့ စိတ်ချစမ်းပါ၊ ဘာမှ အနှောင်အဖွဲ့ မရှိတဲ့ လွတ်လပ်သူတစ်ယောက်ပါ"

"ကျွန်မကလည်း ယောကျ်ားဆိုလို့ အခုမှပဲ အစ်ကိုနဲ့ တွေ့ပြီး ခင်ခင်မင်မင် စပြီးဆက်ဆံရတာဆိုတော့ ရင်ထဲမှာ စိုးရိမ်မိတာပေါ့"

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့၊ ကျွန်တော်လည်း မြင်မြင်ချင်း မလှချစ်အပေါ်မှာ ချစ်ခင်နှစ်သက်နေပြီမို့ ကျွန်တော်တို့ချင်း သဘော တူမျှရင် လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ယူပါ့မယ်"

"အို. . . ခုမြင်ခုကြိုက် ပြောတာကို ကျွန်မက ဘယ်လိုယုံရ မလဲ"

"ယုံပါဗျာ. . . ယုံပါ၊ ရင်ထဲက ရှိတဲ့အတိုင်း ပြောရတာပါ မလှချစ်ရဲ့သဘောကိုလည်း ပြောပါဦး"

"အို. . . မိန်းကလေးတစ်ယောက်ကို အခုချက်ချင်း ချစ်ခွင့် ပန်၊ အခုချက်ချင်း အဖြေတောင်းလို့ ဖြစ်ပါ့မလား၊ တစ်ပတ်တန်သည် နှစ်ပတ်တန်သည် အချိန်ယူပြီးတော့ စဉ်းစားရဦးမှာပေါ့"

ဟု ကန့်ကလျ အမူအယာဖြင့် ပြောရာ ရွှေမောင်မှာ အကြော နပ်ကြီး ကျေနပ်သွားလေတော့သည်။





နောက်ပိုင်းရက်များမှာလည်း ရွှေမောင်တစ်ယောက် ညတိုင်း လိုလို မလှချစ် ရှိရာသို့ သွားကာ ချစ်သူတို့သဘာဝ တွေ့ဆုံရာမှ မခွဲနိုင် မခွာရက်သော အခြေအနေသို့ ရောက်လေတော့သည်။

"အစ်ကို. . . ကျွန်မတို့ ဒီလိုနေလို့တော့ မဖြစ်တော့ဘူး၊ ကျွန်မတို့နဲ့ အတူတူ လာနေမှ ဖြစ်တော့မယ်"

"ဒီလိုလာနေရင် ချစ်ရဲ့မိဘတွေက ကြည်ဖြူပါ့မလား"

"ကျွန်မမိဘတွေကို အားလုံး ဖွင့်ပြောပြီးသားပါ၊ သူတို့က ကျွန်မ သဘောကျတာကို မကန့်ကွက်ကြပါဘူး၊ အစ်ကိုသာ ကျွန်မတို့နဲ့ လာနေမယ် မနေဘူးဆိုတာ ကတိပေးပါ"

ထိုအခါ ရွှေမောင်မှာလည်း မလှချစ်ကို မခွဲနိုင်သော အခြေ အနေသို့ ရောက်နေပြီဖြစ်သောကြောင့်. . .

"ချစ်ရဲ့မိဘတွေက သဘောတူကြည်ဖြူရင် အစ်ကို လာနေပါ့ မယ်ဗျာ. . . လာနေပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

"အစ်ကို တကယ်လာနေမှာနော်"

"တကယ်ပါဗျာ. . . လာနေပါ့မယ်"

"ဒီလိုဖြင့် ကျွန်မ ဒီမှာ အားလုံးနဲ့ တိုင်ပင်ပြီးတော့ ကျွန်မကိုယ် တိုင် လာခေါ်ပါ့မယ်"

ဟု ပြောသဖြင့် ရွှေမောင်လည်း ဝမ်းသာအားရနှင့် အိမ်သို့ ပြန်လာလေသည်။ နောက်တစ်နေ့ညတွင် ရွှေမောင်တစ်ယောက် ထူး ဆန်းသော မြင်ကွင်းတစ်ခုကို အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် လှပစွာ ဝတ်ဆင်ထားသော မလှချစ်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ သူ့နောက်မှာလည်း လူနှစ်ယောက် ပါလာလေသည်။

"ဟင်. . . ချစ် မင်းရောက်လာပြီလား"

"ဟုတ်တယ်လေ. . . အစ်ကိုက လာခေါ်ပါဆိုလို့ အခု လာခေါ်ကြတာပဲ"

"အခု လိုက်ခဲ့ရမှာလား"

"ဟုတ်တယ်"

"မင်းနဲ့ကိုယ်နဲ့မှ လက်မထပ်ရသေးတာ၊ ချက်ချင်း လိုက်လို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . ဟိုမှာ အားလုံးစီစဉ်ထားပါတယ်"

"ဒီလို လိုက်လို့တော့ ဖြစ်မယ်မထင်ဘူး၊ မိဘတွေကို အသိပေးရဦးမယ်"

"သူတို့ကို အသိပေးမနေပါနဲ့တော့ အစ်ကိုရယ်၊ တော်ကြာသူတို့သိသွားရင် ကျွန်မတို့ ချစ်ခြင်းကို ဖျက်နေကြပါဦးမယ်၊ နောက်ပြီး ကျွန်မတို့လည်း ရှေ့ကို ခရီးဆက်ကြရတော့မယ်၊ နောက်ဆိုရင် ကျွန်မတို့နှစ်ယောက် တွေ့ဖို့ မလွယ်တော့ဘူး၊ အခုသာ လိုက်ခဲ့ပါတော့"

ရွှေမောင်မှာ ထိုကဲ့သို့ အတင်းအဓမ္မ လာခေါ်နေသဖြင့် ကြောက်လည်းကြောက်၊ စိုးရိမ်စိတ်လည်း ဝင်လာသည်။

"ကိုယ် အခုညတော့ မလိုက်သေးဘူး၊ မနက်လင်းတော့မှ မိဘတွေကို ဖွင့်ပြောပြီး မင်းတို့ဆီကို လာခဲ့ပါ့မယ်"

"မရဘူး. . . အခုချက်ချင်းသာ လိုက်ခဲ့ပါ"

"အခုတော့ မလိုက်သေးဘူးကွာ"

"လိုက်မလား. . . မလိုက်ဘူးလား"





ထိုအသံမှာ မလှချစ်ဆီမှ ထွက်လာသော်လည်း စောစောက ပြောနေသောအသံမျိုး မဟုတ်တော့ပဲ အသံဩဩနှင့် ကြောက်မက်ဖွယ် အသံမျိုးကြီး ဖြစ်လာလေသည်။

"ဟင်. . ."

ရွှေမောင်မှာ အလန့်တကြားဖြင့် မလှချစ်ကို ကြည့်လိုက်သောအခါ စောစောက လှပချောမောသော ပုံပန်းသဏ္ဍာန်မှာ ပြေဖြည်းဖြည်းပြောင်းလဲလာပြီး ဆံပင်များက ကျိုးတိုးကျဲတဲ ဖြစ်လာပြီး အသားအရေများမှာ ရွတ်တွကျလာသည်။

ခေါင်းက အဆမတန် ကြီးလာပြီး မျက်လုံးနှစ်လုံးက ပြူးထွက်လာသည်။ ထို့အတူ ပါးစပ်က ပိုကျယ်လာကာ အတွင်းမှ ကျိုးတိုးကျဲတဲသွားများ ပေါ်လာကာ ပါးစပ်ထဲမှ လျှာက အပြင်သို့ ထွက်ကျလာသည်။ မျက်လုံးက သေးသေးလေး ဖြစ်သွားပြီး နားရွက်ကြီးနှစ်ဖက်က အပြင်သို့ ထွက်လာပြီး တဗတ်ဗတ်နှင့် လှုပ်ယမ်းနေလေသည်။ ထိုမြင်ကွင်းကြောင့် ရွှေမောင်မှာ ကြောက်လန့်တကြားနှင့် ထွက်ပြေးလေတော့သည်။

"ရှင် ထွက်ပြေးလို့ မလွတ်နိုင်ပါဘူး"

ဟု ပြောသံနှင့်အတူ နောက်ဘက်မှ လက်တံကြီးက ရှည်ထွက်လာကာ သူ့လည်ဂုတ်ကို နောက်မှ ဖမ်းဆွဲထားလိုက်လေသည်။

"အမယ်လေး. . . လုပ်ကြပါဦးဗျို့၊ သရဲကြီး ဆွဲထားပြီဗျို့၊ သရဲကြီး ဆွဲထားလို့ လုပ်ကြပါဦး"

ဟု အသံကုန် အော်လိုက်ရင်း အိပ်ယာမှ လန့်နိုးလာသည်။

"ရွှေမောင်. . . ရွှေမောင် ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အော်သံကြောင့် အဖေနှင့်အမေပါ လန့်နိုးလာကာ အနား ရောက်လာကြသည်။

“ဘာဖြစ်တာလဲ”

“အိပ်မက်. . အိပ်မက် မက်နေလို့ပါ အမေ”

ထိုအခါ မိဘနှစ်ပါးမှာ ၎င်းတို့နေရာသို့ ပြန်သွားကြလေသည်။ နောက်ရက်မှာတော့ ရွှေမောင်တစ်ယောက် မလှချစ် ရှိရာသို့ မသွား တော့ပေ။

ထိုသို့မသွားသောအခါ ညဉ့်နက်ပိုင်း ရောက်လာသည်နှင့် အိမ်ကို လာလှုပ်ခြင်း၊ နံရံများကို တဘုန်းဘုန်းနှင့် လာပုတ်ခြင်း စသော ခြောက်လှန့်မှုများ ပြုလေရာ ကောင်းစွာမအိပ်ဝံ့ကြတော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် ရွှေမောင်တစ် ယောက် နေမကောင်းဖြစ်ကာ အသည်းအသန် ဖြစ်လေတော့သည်။ ကယောင်ကတမ်းနှင့်. . .

“ဟိုမှာ သရဲကြီးက လာခေါ်နေပြီ၊ အတင်းလာခေါ်နေပြီ. . . လုပ်ကြပါဦးဗျ”

ဟု အော်ရင်းနှင့်ပင် သေဆုံးသွားလေတော့သည်။

ရွှေမောင်တစ်ယောက် သေဆုံးသွားပြီး နှစ်ပတ်ခန့် ကြာသော အခါ ရွာထဲမှ ကျွဲနွားများ၊ လူများ အသေအပျောက် များလာသဖြင့် နတ်ဆရာတစ်ယောက်ကို ခေါ်၍ မေးမြန်းကြည့်သောအခါ နတ်ဆရာ က ဝိညာဉ်များကို ခေါ်၍ မေးမြန်းကြည့်ရာ အောက်ပါအတိုင်း ဆို လေသည်။

“ရွှေမောင်က ကျုတ်ရွာကို ရောက်သွားပြီး ကျုတ်သူမနဲ့ ညား





ကျုတ်သူကြီးဖြစ်နေပြီ၊

ဒီရွာမှာ လူတွေ တိရစ္ဆာန်တွေ သေတာ သူနှောင့်ယှက်နေတာ ကြောင့် သေတာလို့ ပြောတယ်”

ထိုစကားကြားသောအခါ ရွာသူရွာသားများမှာ အထိတ် တလန့် ဖြစ်ကြလေသည်။

“ဒါဖြင့် ဘယ်လိုလုပ်ရမလဲဆိုတာ တဆိတ်လောက် မေးပေးပါ ဦးဆရာရယ်”

ထိုအခါ နတ်ဆရာက ဆက်လက်မေးမြန်းပြီးလျှင်. . .

“သူ နှောင့်ယှက်တာကို မခံချင်ရင် လယ်ယာလုပ်တဲ့လူ မှန် သမျှ တောင်ကုန်းပေါ်က သစ်ပင်ကြီးအောက်မှာ စပါးတစ်ကျီ ဆောက်ပေးရမယ်တဲ့”

ဟု ပြောသည်။

“စပါးကျီဆိုတော့ ဘယ်လောက်ကြီးတဲ့ကျီမျိုးလဲ နတ်ဆရာ ရယ်”

“ဂဏန်းအခွံနဲ့ ချင်တွယ်ရင် စပါးခွက်ငါးဆယ် ဆန့်တဲ့ကျီမျိုး ပေါ့”

ထိုစကား ကြားသောအခါမှ ရွာသူရွာသားများမှာ စိတ်သက် သာရာ ရသွားကြတော့သည်။ ဂဏန်းအခွံနဲ့ အခွက်ငါးဆယ် ဆံ့ လောက်သောကျီမှာ စာကလေးအိမ်မျှသာ အရွယ်ရှိသဖြင့် အပင်ပန်း ကြီးလှပေ။

“အဲဒီလို လုပ်ဖို့ ပျက်ကွက်တဲ့လူကို တစ်အိမ်လုံး သေအောင် သတ်သွားမယ်လို့ ပြောတယ်”



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပေးပါ့မယ်လို့သာ ပြောလိုက်ပါ နတ်ဆရာရယ်"

နောက်ပိုင်းမှာတော့ လယ်ယာလုပ်သူများက စပါးကျီသဏ္ဌာန် အိမ်ငယ်ကလေးများ ဆောက်ပြီး ဂဏန်းအခွံနှင့် အခွက်ငါးဆယ် ခွင် ထည့်ပေးကြရာ သစ်ပင်ကြီးအောက်၌ စပါးကျီငယ်ကလေးများ အများ အပြား ရှိနေလေတော့သည်။

နောက်ပိုင်းမှာတော့ ရွာသူရွာသားများမှာ ကျွတ်များ ဖမ်းစား ခြင်းမှ ကင်းလွတ်၍ အေးချမ်းစွာ လုပ်ကိုင်ကြရတော့သည်။

ဘကြီးဖြစ်သူ စကားဆုံးသောအခါ စိုင်းလုံမှာ များစွာကြောက် ရွံ့မိလေသည်။

သူနှင့် တွေ့ခဲ့ရသော မိန်းကလေးမှာလည်း မုချ လူယောင် ဆောင်ထားသော ပရလောကသားတစ်ယောက်ဖြစ်ကာ ရွှေမောင် ကဲ့သို့ သူ့ကို လာခေါ်မည်ကို စိုးရိမ်ထိတ်လန့်နေတော့သည်။

ဂှင်းနှင့်ပင် သေဆုံးသွားလေ





အခန်း(၄)

# သံသရာခရီး မဆုံးသရွေ့

ထိုရက်မှစ၍ စိုင်းလုံတစ်ယောက်မှာ နေ့တထိတ် ညတ ထိတ်ဖြစ်ကာ စိုးရိမ်သောက ရောက်နေသည်ကို မြင်ရသဖြင့် ဘကြီးဖြစ် သူက စိတ်မချမ်းသာသောကြောင့် ဤသို့ပြောသည်။

"မင်းတွေ့ခဲ့တဲ့ မိန်းကလေးက နာနာဘာဝလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ လူအစစ်လည်း ဖြစ်နိုင်တာပဲ မဟုတ်လား၊ မင်း ဒီလောက် စိတ်သောက ရောက်နေရင် ကျွတ်၊ တစ္ဆေ၊ သရဲတွေကို နိုင်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝါးရှိတယ်၊ သူ့ဆီကို သွားကြရအောင်"

ဟု ပြောဆိုကာ အရှင်မြတ် သီတင်းသုံးရန် ဂူသို့ သွားကြလေသည်။ သူတို့နှစ်ယောက် ရောက်သွားတော့ သူတို့အရင် ရောက်နှင့်နေသည့် အဘိုးကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ကို လှမ်းမြင်ရသည်။

ကျောခိုင်းနေသောကြောင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိရသေးပေ၊ အနားသို့ သွားကာ အရှင်မြတ်ကို ကန်တော့လိုက်တော့မှ အဘိုးကြီးက လှည့်ကြည့်သည်။

"ဟော့. . . မင်း ဘန်ဆိုင်း မဟုတ်လားကွယ်"

"ဟာ. . . ဗန်ကောင်းပါလား၊ ဘာလာလုပ်ကြတာလဲ"

"ဘုန်းကြီးကို စားစရာ လာလှူတာပါ"

"မင်းနဲ့ငါနဲ့ အခုလို ပြန်တွေ့ရတာ ဝမ်းသာသကွာ"

စိုင်းလုံ၏ဘကြီး ဦးဘန်ဆိုင်းနှင့် ဦးဗန်ကောင်းဆိုသော လူကြီးတို့မှာ မိတ်ဆွေရင်းချာများ ဖြစ်ကြလေသည်။ ထိုအခါမှ စိုင်းလုံက အဘိုးကြီးနံဘေးမှာ ထိုင်နေသော မိန်းကလေးကို လှမ်းကြည့်လိုက်သည်။

"ဟင်. . . သူ. . . သူ. . ."

ဟု အထိတ်တလန့် ရေရွတ်လိုက်သည်။

မိန်းကလေးကလည်း လှည့်ကြည့်ပြီး သူ့ကို မြင်တော့ မှတ်မိသွားဟန် ရှိလေသည်။

"ဘာဖြစ်တာလဲ စိုင်းလုံ"

စိုင်းလုံက ဘကြီးဖြစ်သူ အနီးသို့ ကပ်ကာ အကြောင်းစုံ ပြောပြ





လိုက်သည်။

"သစ်ပင်အောက်မှာ တွေ့ခဲ့ရတဲ့ မိန်းကလေးက သူပဲ ဘကြီး"

ထိုအခါ ဘကြီးဖြစ်သူက သဘောကျစွာ ရယ်လေသည်။ ဦးဗန်ကောင်းနှင့် မိန်းကလေးကလည်း ဇဝေဇဝါနှင့် ကြည့်နေကြသဖြင့် ဦးဘန်ဆိုင်းက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရလေသည်။ ထိုအခါ ဦးဗန်ကောင်းက. . .

"ငါ့မြေးက တစ္ဆေသရဲ မဟုတ်ပါဘူးကွာ. . . လူအစစ်ပါ၊ သူ့နာမည်က မာလာလို့ ခေါ်တယ်၊ မိဘတွေ မရှိတော့လို့ ငါက စောင့်ရှောက်ထားရတာပါ၊ ဟိုတစ်လောက မင်းနဲ့ တွေ့တာ စပါးကျီထဲကို စပါးလာထည့်ရင်းနဲ့ တွေ့တာဖြစ်မှာပါ"

ဟု ပြောပြလေသည်။

ထိုအခါမှ စိုင်းလုံမှာ ရယ်ရမလို ငိုရမလိုဖြစ်ကာ စိတ်သက်သာရာ ရသွားလေတော့သည်။

"တော်သေးတာပေါ့ဗျာ. . ."

ထို့နောက် အရှင်မြတ်ကို လှူဖွယ်ပစ္စည်းများ လှူ၍ ကန်တော့ကြပြီး ဂူအပြင်သို့ ပြန်ထွက်ခဲ့ကြလေသည်။ ဦးဘန်ဆိုင်းက မိတ်ဆွေရင်း မတွေ့ရတာ ကြာပြီဖြစ်သောကြောင့် ဦးဗန်ကောင်းတို့ မြေးအဖိုးအား ရွာသို့ ခေါ်လာခဲ့လေသည်။ ရွာသို့ ရောက်သောအခါ လူကြီးနှစ်ယောက်က စကားလက်ဆုံ ပြောမကုန်အောင် ရှိနေကြသလို လူငယ်နှစ်ယောက်ကလည်း လွတ်လွတ်လပ်လပ် စကားပြောခွင့် ရကြလေသည်။

"ဒါဖြင့် အစ်ကိုက ကျွန်မကို တစ္ဆေသရဲမှတ်ပြီး ဘကြီးဆီကို



www.burmeseclassic.com

www.burmeseclassic.com



လာတာပေါ့ ဟုတ်လား"

ထိုအခါ စိုင်းလုံက ရယ်ကျဲကျဲ အမူအယာဖြင့်. . .

"ရွာမှာလည်း အဲဒီလို အဖြစ်အပျက်မျိုးက ရှိခဲ့ဖူးတော့ အစက တော့ အဲဒီလိုပဲ ထင်ခဲ့မိတာ တောင်းပန်ပါတယ်"

ဟု တောင်းပန်လိုက်သည်။

"ကျွန်မရုပ်ရည်က တစ္ဆေသရဲနဲ့ တူရလောက်အောင် ရုပ်ဆိုး နေလို့လား"

"မာလာက . ရုပ်မဆိုးပါဘူး၊ တကယ်လို့ တစ္ဆေသရဲက လူ ယောင်ဆောင်ထားရင်တောင် တွေ့တဲ့လူက ကြိုက်မိမှာပဲ"

"အပြောကတော့ အတော်ကောင်းတယ်"

"အပြောကောင်းတာ မဟုတ်ပါဘူး၊ စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတာပါ။ အခုလို မာလာရဲ့ဘဝမှန်ကို သိရပြီးတဲ့နောက်မှာ ပြောစရာ တွေတောင် ရှိနေသေးတယ်"

"ဘာပြောမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး မာလာကို ချစ်ခွင့်ပန်ပြီး မာလာရဲ့ သဘောထားကို မေးရရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"ဟင်. . . စဉ်းစားနေတာ ဟုတ်လား၊ အခုပြောနေတဲ့စကား က ကျွန်မကို ရည်းစားစကား ပြောနေတာ မဟုတ်ဘူးလား"

မာလာက တောင်ပေါ်သူပီပီ ပွင့်လင်းလှသည်။

"ဟုတ်. . ဟုတ်ပါတယ်၊ အဲဒါ မာလာသဘော သိပါရစေ"

"ချက်ချင်းကြီးတော့ အဖြေပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ရှင် တကယ်နှစ်သက်တယ်ဆိုရင် တစ်နှစ်တစ်ဝါ စောင့်ပြီးတော့ မိသား





သားပီပီ လာတောင်းလှည့်ပေါ့"

"ဟင်. . . တကယ်ပြောတာလားဟင်"

"ဒါက ဟန်ဆောင်ပြောရမယ့် စကားမျိုးမှ မဟုတ်တာ၊ ကျွန်မ စိတ်ထဲ ရှိတဲ့အတိုင်း ပြောတာပေါ့"

"ဝမ်းသာလိုက်တာ မာလာရယ်၊ ဒီလိုဖြင့် နောင်နှစ် နွေလ သီတင်းကျွတ်ရင် ကိုယ်မိဘတွေကို ဖွင့်ပြောပြီး မာလာတို့ရွာကို လာခဲ့ ယ်နော်"

ထိုအခါ မာလာဆိုသော မိန်းကလေးက အပြုံးဖြင့် ခေါင်း ညိတ်ပြလိုက်လေသည်။

နောင်တစ်နှစ်ကျော်ခန့် ကြာသောအခါ စိုင်းလုံနှင့်မာလာတို့ သည် အကြောင်းသင့်ကာ ပေါင်းဖက်မိကြပြီး ဘကြီးဖြစ်သူ ဦးဘန် ဆိုင်းတို့ရွာ၌ လာရောက်နေထိုင်ကြသည်။ ထိုရွာမှာလည်း လာရောက် နေထိုင်သူများ တစ်စတစ်စ များပြားလာသောကြောင့် စည်ကား တိုးတက်လာခဲ့ချေပြီ။

တစ်နေ့တော့ စိုင်းလုံနှင့် မာလာတို့သည် အရှင်မြတ် သီတင်း သုံးနေရာ ဂူသို့ သွားကြသောအခါ တစ်နေရာသို့ ကြွရန် ပြင်ဆင်နေ သော အရှင်မြတ်ကို တွေ့ရသဖြင့်. . .

"အရှင်ဘုရား ဘယ်နေရာ ကြွမှာလဲ ဘုရား"

ဟု မေးမြန်းလိုက်သည်။

"ဒီနေရာက မိစ္ဆာတွေရဲ့ကျော့ကွင်းက လွတ်မြောက်ခဲ့ပြီ အခြားနေရာကို ကြွရပေဦးမယ်"

"ဒီနေရာမှာ အမြဲနေမှာ မဟုတ်ဘူးလား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"သာသနာပြုတယ်ဆိုတာ လိုအပ်တဲ့နေရာကို သွားရတာ ဆိုတော့ အခြားနေရာတွေကိုလည်း အလှည့်ပေးရဦးမယ်၊ ဒီနေရာ တဝိုက်မှာ ရှိနေကြတဲ့ ဘုတ်၊ ပြိတ္တာ၊ ကျွတ်၊ တစ္ဆေသရဲတွေလည်း ကျွတ်တန်သလောက် ကျွတ်သွားကြပြီဆိုတော့ နောက်ဆိုရင် ရွာတွေ တို့ အနှောင့်အယှက် ပေးကြတော့မယ် မဟုတ်ပါဘူး"

"အရှင်ဘုရား ဒီမှာရှိနေတာ အားကိုးတစ်ခု ရှိနေသလိုပါပဲ၊ အရှင်ဘုရား မရှိတော့ရင် အားငယ်သွားသလိုပါပဲ ဘုရား"

"သံသရာခရီးကို လျှောက်ကြတဲ့နေရာမှာ အဖော်မလိုပါဘူး ဒကာ၊ မိမိကိုယ်ကိုသာ အားကိုးအားထားပြုပြီး မမေ့မလျော့တဲ့သတိနဲ့ လျှောက်ကြရတယ်၊

ဘယ်ဘဝပဲ ရောက်နေနေ၊ ဘယ်လိုနေရာမျိုးမှာပဲနေနေ ကိုယ့်ကိုယ်ကို အားကိုးအားထားပြုနေရင် အခြားအဖော် မရှိလည်း ရပါတယ်၊

အဓိက,ကတော့ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး သီလ လုံခြုံဖို့သာ အရေးကြီးပါတယ်၊

သီလ လုံခြုံရင် ဘယ်လိုရန်သူမျိုးကမှ မိမိကို အန္တရာယ် မပြုနိုင်ပါဘူး၊ ဒကာတို့နဲ့ ဒီဘဝမှာ တွေ့ကြပြီး ဒီဘဝမှာ ခွဲရပေမယ့် သံသရာက မလွတ်မချင်း ဘဝပေါင်းများစွာမှာ ပြန်တွေ့နိုင်ပါတယ်၊ တတ်နိုင်သမျှ ကိုယ်ကျင့်တရား ကောင်းအောင်သာ ကြိုးစားကြပါကွယ်"

ဟု ပြောဆိုမိန့်ကြားသည်။

စိုင်းလုံနှင့်မာလာတို့က များစွာစိတ်မကောင်းသော မျက်နှာဖြင့်





တန်တော့လိုက်ကြလေသည်။ အရှင်မြတ်က သာခုခေါ်ပြီး သပိတ်၊ သင်္ကန်း၊ တောင်ဝှေးတို့ကို ယူဆောင်ကာ အပြင်ဘက်သို့ ကြွသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၀)

# ကြောက်မက်ဖွယ်ကောင်းသော ဂရုပ်ပျက်ကြီး

**အခ**ရှင်မြတ်သည် တောင်ပေါ်လမ်းအတိုင်း ကြွလာရာ လမ်းတလျှောက်လုံး ပရိတ်ရွတ်လာသည်။

ဖုန်းဟုန်ရွာသို့ ရောက်ရန် (၁၅)မိုင်ခန့် ဝေးသေးသည်။ သို့သော်လည်း တောတောင်ရှုခင်းများကို ကြည့်လိုက်၊ ပရိတ်ရွတ်လိုက်နှင့် ဆက်ကြွလာရာ ငါးမိုင်ခန့် ခရီးပေါက်သောအခါ ကားသမားများ များနေသော စခန်းဈေးဆိုင်သို့ ရောက်သဖြင့် ခရီးတထောက် ဝင်နားသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းဒကာတစ်ဦးက ရှမ်းဘာသာဖြင့် နှုတ်ဆက်ကာ ခေါက်ဆွဲ ဝယ်တပ်သည်။ ၎င်းဒကာမှာ မန်ဂျယ်ရွာက ဖြစ်သည်။ ခေါက်ဆွဲ ဘုဉ်းပေးပြီးတော့ ထိုနယ်သူနယ်သားများ နှစ်သက်သဘောကျသော အာဋာနာဋိယသုတ်၏နောက်ဆုံးနှစ်ပိုဒ်ကို ရွတ်ပေးရလေသည်။ ထိုရှမ်းဒကာက သာဓုကို ပီအောင် မခေါ်ပဲ. . .

"ဆာထု. . ဆာထု. . ဆာထု"

ဟု ခေါ်သည်။

မနီးမဝေးမှာ အခြားခရီးသွားအချို့လည်း ရှိနေကြသည်။ ထိုလူများထဲမှ ကချင်လူမျိုးတစ်ယောက်က ထလာပြီး အရှင်မြတ်ကို အသေအချာ ကြည့်သည်။ သူ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေဟန်ရှိသည်။

"ကျွန်တော့်ဦးလေးတစ်ယောက်လည်း ဘုန်းကြီးဝတ်နေတယ် မတွေ့ရတာ အတော်ကြာပြီ"

ဟု ပြောသည်။

"မင်းဦးလေး ဘုန်းကြီးရဲ့လူနာမည်ကို ပြောပါဦး"

သူက အရှင်မြတ်၏ကချင်နာမည်ကို ပြောသည်။

"ဒူးဝါးထူးလုံ"

"ငါ့ကို သေသေချာချာ ကြည့်စမ်း"

ဒီတော့မှ အသေအချာ ကြည့်ပြီး မှတ်မိသွားတော့သည်။

"ဟာ. . . ဝါးလုံး"

(ဝါးလုံးဟူသော အဓိပ္ပာယ်မှာ ဦးလေးဖြစ်၏)

ထိုအခါ သူက ရွာမှာ ကျန်ရစ်သော ဆွေမျိုးများက မျှော်နေ သဖြင့် ရွာသို့ ပြန်သင့်ကြောင်း ပြောသည်။





"ငါ မကြွတော့ဘူး"

"ဒါဖြင့် ဘယ်တော့ ပြန်လာမလဲ"

"ခရီးသင့်ရင်တော့ ရောက်မှာပေါ့"

"ဒီအတိုင်း လမ်းလျှောက်နေရင် ပင်ပန်းမှာပေါ့၊ ဘယ့်သွားမှာလဲ. . . ကားစီးသွားပါ"

ဟု ပြောကာ တရုတ်ငွေ ယွမ်နှစ်ရာ ထုတ်ပေးသည်။

"တရုတ်ငွေ ယွမ်နှစ်ရာဆိုရင် ဗမာငွေတစ်ထောင်နီးပါးပဲ၊ ငါ တရုတ်ငွေ မလိုချင်ဘူး၊ ဗမာငွေပဲ လှူပါ"

ထိုအခါ တူဖြစ်သူက ဗမာငွေတစ်ထောင် ထုတ်လှူလေသည်။ ထိုသို့ငွေလှူသည်ကို အခြားသူများကလည်း လှမ်းမြင်လေသည်။ ထို့နောက် ၎င်းကို ဆုပေးပြီး ခရီးဆက်ခဲ့လေသည်။ ညအချိန်ရောက်သောအခါ လမ်း၌ တွေ့ရသော လူအချို့ကို မေးမြန်းရသည်။

"ဒီနေရာမှာ တည်းခိုဖို့နေရာများ မရှိဘူးလား"

"ဟိုရှေ့မှာ ဇရပ်ပျက်ကြီး တစ်ဆောင်တော့ ရှိတယ်၊ ဒါပေမယ့် အဲဒီမှာ မတည်းနဲ့. . . ဒုက္ခများလိမ့်မယ်"

"ဘာကြောင့်လဲ"

၎င်းတို့က ဘာမှပြန်မပြောပဲ ခပ်သုတ်သုတ် သွားကြလေသည်။ ၎င်းတို့အမူအယာမှာ ထိုအကြောင်းကို ပြောရမည်ကိုပင် ကြောက်ရွံ့ထိတ်လန့်နေဟန် ရှိကြသည်။

ရှေ့၌ တွေ့ရသည့် ဇရပ်ပျက်ကြီးမှာ ရာဇဝင် ရှိသဖြင့် တစ်နယ်လုံးက ကြောက်ရွံ့ကြရပေသည်။ အခြားတစ်နယ်တစ်ကျေးမှ ရောက်လာသော ခရီးသွား ဧည့်သည်အချို့သာ မသိသဖြင့် ဝင်အောင်း



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုတတ်ကြပေသည်။ ထိုသူတို့မှာလည်း တစ်ညပြည့်အောင်ပင် မတည်းကြရပဲ ညတွင်းချင်း ထွက်ပြေးကြရသည်။

တစ်ခါက ထိုဇရပ်ဟောင်းကြီးနှင့် ပတ်သက်၍ ထင်ရှားသော အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးလေသည်။

ကချင်နယ်ဘက်တွင် ဘိန်းချသော လုပ်ငန်းများ ရှိသည်။ ‌ေ အခါက ထိုအလုပ်သည် လူအတော်များများ လုပ်ကိုင်ကြသည်။ တစ်နေ့တော့ အင်စပက်တော် ထွန်းအောင်နှင့် အင်စပက်တော် ရွှေဆိုင်တို့နှစ်ဦး ခေါင်းဆောင်သော ပုလိပ်အဖွဲ့တစ်ဖွဲ့ ရောက်လာ သည်။ ၎င်းတို့နောက်တွင် လက်နက်ကိုင်ပုလိပ်များ (၁၀)ယောက်ခ ပါပြီး ခြောက်ယောက်မှာ ကချင်လူမျိုးများဖြစ်ကာ ကျန်လေးယော မှာ မြန်မာလူမျိုး ဖြစ်သည်။ ၎င်းတို့အဖွဲ့သည် ထိုနယ်တဝိုက်တွ ရှိသော ဘိန်းရောင်းဝယ်သူများကို ဖမ်းဆီးရန် ရောက်လာကြခြင်းဖြ သည်။

(၎င်းတို့၏လျှို့ဝှက်သော ဘိန်းချနည်းများစွာ ရှိသော်လည် မသင့်လျော်သဖြင့် မဖော်ပြတော့ပေ။)

၎င်းတို့သည် တောင်စခန်းတစ်ခုတွင် စခန်းချကာ နောက်တ နေ့ ပြုလုပ်ကြမည့် အစီအစဉ်များကို လျှို့ဝှက်စွာ တိုင်ပင်ကြလေသည် ၎င်းတို့နှင့်အတူ ဘိန်းဖမ်းဆီးရာတွင် အနံ့ခံ ကောင်းလှသော ခွေးကြီ နှစ်ကောင်လည်း ပါလာသည်။

၎င်းခွေးကြီးနှစ်ကောင်မှာ ဘိန်းရှာဖွေ အနံ့ခံရာတွင် လူထ ပင် ပိုမိုအားကိုးရလေသည်။ နောက်တစ်နေ့ နံနက်လင်းသောအခ နံနက်စာများ ချက်ပြုတ်စားသောက်ပြီးနောက် ခရီးဆက်ရမည့် အ





အစဉ်များကို တိုင်ပင်ကြလေသည်။

အင်စပက်တော် ထွန်းအောင်က ခေါင်းဆောင်ဖြစ်သဖြင့် အစီ အစဉ်များကို ပြောပြသည်။

“ငါနဲ့ အဖော်တစ်ယောက်နဲ့က ဟိုဘက်တောင်ကြားဘက်ကို သွားမယ်၊ မင်းတို့က နှစ်ဖွဲ့ခွဲပြီး တက်လာခဲ့ကြ၊ စုရပ်ကတော့ ညနေပိုင်း မှာ တောင်ထိပ်မှာ ပြန်ဆုံကြမယ်”

ဟု ပြောကာ မိမိနောက်မှ လိုက်ရန် ကချင်ပုလိပ်တစ်ယောက် ကို ခေါ်ရာ ၎င်းမှာ မျက်နှာပျက်သွားကာ မလိုက်ချင်သည့် အမူအယာ ပေါ်နေသည်။ အခြားကချင်များကလည်း အချင်းချင်း တီးတိုးပြောဆို နေကြလေသည်။ ထိုအခြေအနေကို ရိပ်မိသော အင်စပက်တော် ထွန်း အောင်က. . .

“မင်းတို့ ဘယ်လိုဖြစ်နေကြတာလဲ၊ ခါတိုင်း ဒီလိုမဟုတ်ပါဘူး၊ ငါနဲ့ လိုက်မယ့် ကချင်ကြီးကလည်း ဘာဖြစ်လို့ ဒီလောက်ကြောက်နေ တာလဲ”

ဟု မေးလိုက်သည်။

“ကျွန်တော် ဒီခရီးကို မလိုက်ပါရစေနဲ့”

“ဟေ. . . ဘာဖြစ်လို့လဲကွ”

“ဆရာ သွားမယ့် ခရီးလမ်းမှာ ကြောက်စရာကောင်းတဲ့ ဇရပ် ကြီးတစ်ဆောင် ရှိတယ်၊ အဲဒီဇရပ်ပျက်ကြီးကို ဝင်တဲ့လူတိုင်း သေ တယ်”

“ဟေ. . . ဘာကြောင့် သေတာလဲ၊ လူဆိုးမြေပြတွေ ရှိလို့ လား”



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးခါးပြသာဆိုရင် ကျွန်တော် ဘယ်ကြောက်ပါ့မလဲ၊ အခု ဟာက လူဆိုးခါးပြထက် ပိုပြီးကြောက်စရာကောင်းတာတွေ ရှိတယ်"

ဟု ထူးထူးဆန်းဆန်း ပြောလေသည်။ မေးပြန်တော့လည်း တိတိကျကျ မပြောနိုင်ကြပေ။

အင်စပက်တော် ထွန်းအောင်မှာ ပရလောကနှင့် ပတ်သက်၍ ကြားဖူးနား၀ ရှိသော်လည်း အယုံအကြည်ရှိသူ မဟုတ်ပေ၊ သို့ဖြင့် သူနှင့်အတူသွားမည့် ကချင်ကြီးကို အတင်းအဓမ္မ ကြိမ်းမောင်းကာ ခေါ်၍ မြင်းတစ်ယောက်တစ်စီးဖြင့် ခရီးထွက်သွားကြလေတော့သည်။

ကျန်ခဲ့သော ကချင်များမှာ ကြောက်ရွံ့ထိတ်လန့်သော အမူ အယာဖြင့် မျက်စိမျက်နှာပျက်နေကြတော့သည်။ ထို့နောက် အင်စပက် တော် ရွှေဆိုင်နှင့် အဖွဲ့သားများမှာ နှစ်ဖွဲ့ခွဲလျက် တောင်ကြားလမ်းများ အတိုင်း တက်သွားကြလေသည်။ လမ်းခရီး တစ်လျှောက်လုံးမှာတော့ ဘိန်းရောင်း၀ယ်သူများအား မတွေ့ခဲ့ရပေ။

ညနေစောင်းအချိန်လောက်တွင် အင်စပက်တော် ထွန်း အောင်နှင့် အချိန်းအချက် ပြုထားသော တောင်ကုန်းပေါ်သို့ ရောက် သွားကြသည်။

သူတို့နှင့် မရှေးမနှောင်းမှာပင် အခြားအဖွဲ့လည်း ရောက်လာ သဖြင့် သင့်တော်သောနေရာတွင် စခန်းချလေသည်။ ထိုအချိန်အထိ အင်စပက်တော် ထွန်းအောင်တို့ နှစ်ယောက်ကိုမူ အရိပ်အယောင်မျှ ပင် မတွေ့ရသေးပေ။

ထိုနေရာ၌ စခန်းချပြီး ညစာစားသောက်ရန် ချက်ပြုတ်နေကြ စဉ်မှာပင် ကချင်အမှုထမ်းများမှာ မျက်နှာမကောင်းလှပေ၊ ၎င်းတို့သည်





ဘာမှမပြောသော်လည်း အင်စပက်တော် ထွန်းအောင်နှင့် ပါသွားသည့် ၎င်းတို့အဖော်အတွက် စိတ်ပူနေကြဟန် ရှိလေသည်။

ညဉ့်နက်ပိုင်း ရောက်လာသောအခါ အအေးဓါတ် များလာ သဖြင့် ကျန်အဖွဲ့သားများက မီးပုံနံဘေး၌ အိပ်ကြသော်လည်း အင် စပက်တော် ရွှေဆိုင်တစ်ယောက်မှာသာ စီးကရက်များကို တစ်လိပ်ပြီး တစ်လိပ် သောက်ကာ အင်စပက်တော် ထွန်းအောင် အလာကို စောင့် မျှော်နေမိသည်။

ညဉ့်နက်ပိုင်း ရောက်လာသောအခါ လရောင်က လင်းလာ သည်။ သို့စေကာမူ နှင်းမှုန်နှင်းစက်များ အုံ့ဆိုင်းနေသဖြင့် ၀ေ့၀ေ့၀ါး၀ါး ဖြစ်နေသည်။ ၎င်းမှာ နာနာဘာ၀နှင့် ပရလောကသားများအကြောင်း ကို အတန်အသင့် သိသော်လည်း လူများ သေကြေပျက်စီးသည်အထိ တော့ မတွေ့ဖူးသေးပေ။

သို့ကြောင့် မနက်ပိုင်းက ဇရပ်ပျက်ကြီး၌ တစ္ဆေသရဲများနှင့် တွေ့ရသည့်တိုင်အောင် လူ့အသက်တော့ မသေနိုင်ဟု တထစ်ချ ယူထားလေသည်။

သူသည် မအိပ်ချင်သေးသဖြင့် လရောင်ရှိသော တောင်စွန်း ထိုင်နေရာ၌ ရပ်ကာ အင်စပက်တော် ထွန်းအောင်တို့ ပြန်လာမည့် ဘက်သို့ လှမ်းမျှော်ကြည့်နေလေသည်။

ထိုအခိုက်မှာပင် နားထဲ၌ မြင်းခွာသံလိုလို ကြားလာရသည်။

"ဟော. . . သူတို့ပြန်လာပြီ ထင်တယ်"

၀မ်းသာအားရ တွေးလိုက်သည်။ မြင်းခွာသံက တဖြည်းဖြည်း နီးလာပြီး ကျောက်တုံးကျောက်ခဲများ အပေါ်မှ နင်းလာသောအသံတို



www.burmeseclassic.com

www.burmeseclassic.com



ပင် ကြားလာရသည်။ နောက်ဆုံးတော့ မြင်းတစ်စီးနှင့် လူတစ်ယောက်သာ တောင်တက်လမ်းအတိုင်း တက်လာသည်ကို လှမ်းမြင်ရသည်။

"ဟင်. . . မြင်းတစ်စီးထဲပါလား"

နှင်းများ ပိတ်ဆီးနေသဖြင့် သဲသဲကွဲကွဲ မမြင်ရသဖြင့် လှမ်းအော်မေးလိုက်သည်။

"ကိုထွန်းအောင်တို့လားဟေ့"

သူ့အော်သံကြောင့် အိပ်ပျော်နေသူများပင် နိုးကာ ထလာကြသည်။ ခဏကြာတော့ မြင်းက အနီးရောက်လာသဖြင့် ဖက်ကြိုးကို ဖမ်းဆွဲထားပေးလိုက်ရသည်။ ထိုအခါ မြင်းပေါ်မှာ ပါလာသော ကချင်ကြီးမှာ မြေပေါ်သို့ 'ဘုန်း'ကနဲ ပြုတ်ကျလာတော့သည်။

"ဟာ. . ."

"ဘယ်လိုဖြစ်တာလဲဟ"

အင်စပက်တော် ရွှေဆိုင်နှင့် အဖွဲ့သားများမှာ တစ်ယောက်တည်း ပြန်လာပြီး သတိမေ့ကာ လဲကျနေသော ကချင်ကြီးကို ဝိုင်းဝန်းပြုစုကြသည်။ အရက်များကို ပါးစပ်တွင်းသို့ လောင်းထည့်တော့မှ ဝူးဝူးဝါးဝါး အော်ပြီး သတိရလာတော့သည်။

"ကချင်ကြီး ဘယ်လိုဖြစ်တာလဲ ပြောပါဦး၊ ကိုထွန်းအောင်ရော ဘယ်မှာ ကျန်ခဲ့ပြီလဲ"

ကချင်ကြီးက တောင်ကြားလမ်းဘက်သို့ လက်ညှိုးထိုးပြကာ ထစ်ထစ်ငေါ့ငေါ့လေသံဖြင့် ပြောသည်။

"ဆရာတော့ သေရှာပြီ"

"ဟင်. . . ဘယ်လိုသေတာလဲ၊ ဘာကြောင့် သေတာလဲ





ရန်သူတွေ သတ်လို့ သေတာလား"

"မဟုတ်ဘူး. . . သရဲသတ်လို့ သေတာ"

ကချင်ကြီးက ဒါပဲ ပြောနိုင်ပြီး နောက်ထပ် ဘာမှ ဆက်မေးလို့မရနိုင်တော့ပဲ ပြူးကြောင်ကြောင် ဖြစ်နေလေသည်။ သို့ကြောင့် ဆက်မမေးတော့ပဲ ထားလိုက်ရသည်။ ထိုညက အင်စပက်တော် ရွှေဆိုင်မှာ တစ်ညလုံး အိပ်မပျော်ပဲ ကိုထွန်းအောင်အကြောင်းကိုသာ တွေးတောနေမိလေသည်။ ကိုထွန်းအောင်ကို သရဲသတ်၍သေသည်ကို မယုံနိုင်အောင် ရှိနေသည်။

ရန်သူတစ်ယောက်ယောက်က ချောင်းမြောင်းလုပ်ကြံသဖြင့်သာ သေရသည်ဟု ထင်နေသည်။ ၎င်းတို့ ဘိန်းဖမ်းသောအဖွဲ့များမှာ ရန်သူများလှသည်။ အဖမ်းအဆီး ခံရသူများမှ မကျေနပ်သဖြင့် ချောင်းမြောင်းလုပ်ကြံမှုများနှင့် မကြာခဏ ကြုံတွေ့ရသည်။ ယခုလည်း ကိုထွန်းအောင် သေရသည်မှာ ထိုကဲ့သို့ ချောင်းမြောင်းလုပ်ကြံခံရသဖြင့် သေဆုံးရသည်ဟု တထစ်ချ ထင်ထားလေသည်။ သို့ကြောင့် နောက်တစ်နေ့ မနက်ပိုင်းတွင် ထိုတောင်ကြားလမ်းသို့ သွားရောက်စုံစမ်းမည်ဟု ပြောသောအခါ ကချင်အမှုထမ်းများက တစ်ယောက်မှ မလိုက်လိုကြောင်း ပြောကြသည်။

"ဆရာ မကျေနပ်ရင် ကျုပ်တို့ကို သေနတ်နဲ့သာ ပစ်သတ်လိုက်၊ အသေခံဝံ့တယ်. . . အဲဒီနေရာကိုတော့ ဘယ်နည်းနဲ့မှ မလိုက်ရဲဘူး"

ဟု ခါးခါးသီးသီး ငြင်းပယ်ကြသည်။

အင်စပက်တော် ရွှေဆိုင်က ခြောက်တစ်ခါ ချော့တစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောသော်လည်း မရတော့သည့်အဆုံး ဗမာအမှုထမ်းနှစ်ယောက်ကို ခေါ်၍ ခရီးထွက်ရန် ပြင်လေသည်။ ထိုနှစ်ယောက်ကလည်း ကချင်အမှုထမ်းများ၏ထိတ်လန့်ကြောက်ရွံ့နေသော အမူအယာကို ကြည့်ပြီး မလိုက်ချင်ကြသော်လည်း အင်စပက်တော် ရွှေဆိုင်က အတင်းအဓမ္မ ဖွတ်ခေါ်သဖြင့်သာ လိုက်ကြရသည်။

ထိုအခါ အင်စပက်တော် ရွှေဆိုင်က မှာသည်။

"ငါတို့ ထွက်သွားပြီးရင် မင်းတို့တတွေက ဒီနားတဝိုက်က အနီးဆုံးရွာကို သွားပြီး ရွာသားတွေကို ခေါ်ပြီး လိုက်လာခဲ့ကြ"

ဟု ပြောဆိုမှာကြားကာ ဆရာတပည့်သုံးယောက် မြင်းကိုယ်စီဖြင့် ခရီးထွက်လာကြလေသည်။

ရင်းတို့နှင့်အတူ အင်းခွေးကြီးနှစ်ကောင်ကိုပါ တပါတည်း ခေါ်သွားကြသည်။ နောက်မှာ ကျန်ခဲ့သူများလည်း ရွာရှိရာသို့ ချက်ချင်း ထွက်သွားကြလေတော့သည်။ ခရီးအတော်ပေါက်လာမှ အင်စပက်တော် ရွှေဆိုင်၏စိတ်ထဲမှာ တမျိုးတမည် ဖြစ်လာသည်။

ကျောထဲမှ စိမ့်လာသလိုလို၊ အသည်းနှလုံးကို လက်အေးကြီးဖြင့် ဖျစ်ညှစ်ဆုပ်နယ်နေသကဲ့သို့ ခံစားနေရလေသည်။ ကချင်ကြီးနှင့် ကျန်ခဲ့သောလူများ၏ကြောက်လန့်နေသော အမူအယာများက စိတ်ကို ခြောက်လှန့်နေသကဲ့သို့ ရှိနေသည်။ သို့သော်လည်း မိမိနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးအတွက် အရဲစွန့်ကာ သွားရပေမည်။

ရင်းတို့သုံးယောက်သည် မတ်စောက်သော တောင်ကြားလမ်းတစ်ခုကို ကျော်ဖြတ်ခဲ့ပြီး မြေပြန့်တစ်ခုသို့ ရောက်ကြသည်။ မြေပြန့်ဟုသာ ဆိုသော်လည်း နွယ်ပင် သစ်ပင်ကြီးများဖြင့် ရှုပ်ထွေးလှသော





တောနက်တစ်ခုသာ ဖြစ်လေသည်။

တောတွင်းသို့ ရောက်သောအခါ ထူးခြားမှုတစ်ခုကို သတိပြုမိကြသည်။ ထိုတောသည် အခြားတောများနှင့် လုံးဝမတူပဲ ငှက်သံအပါအဝင် တောတိရစ္ဆာန်များ၏အော်သံများ လုံးဝမကြားရသဲ့ တောတိရစ္ဆာန်များကိုလည်း တစ်ကောင်တစ်လေမှ မတွေ့ရပေ၊ တောမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

"ဆရာ. . . ဒီတောက ကြောက်စရာကောင်းလှပါလား၊ တောတိရစ္ဆာန်တွေလည်း တစ်ကောင်မှ မတွေ့ရဘူး"

ထိုတော၏ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေပုံကို ကြည့်ပြီး တစ်ယောက်က ပြောသည်။

အင်စပက်တော် ရွှေဆိုင်ကတော့ ဘာမှပြန်မပြောပေ။

လူမဆိုထားနှင့်၊ အတူပါလာသော ခွေးနှစ်ကောင်ကပင် ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသော တော၏အခြေအနေကို ကြည့်ပြီး မသက်မသာဖြစ်နေကြဟန် ရှိသည်။

တောထဲမှ အတန်ကြာအောင် ခရီးဆက်သွားကြသောအခါ အတန်ငယ် ကျယ်ဝန်းသော လမ်းကျယ်တစ်ခုသို့ ရောက်သွားကြသည်။ လမ်းမှာ လှည်းတစ်စီး မောင်းနှင်လောက်အောင် ကျယ်ဝန်းလှသည်။ သို့သော်လည်း လူသွားလူလာ မရှိခဲ့သည်မှာ ကြာမြင့်ခဲ့ဟန်ဖြင့် လမ်းဘေးတဖက်တချက်၌ သစ်ပင်ချုံနွယ်များက လမ်းမပေါ်သို့ အုပ်နေသည်။

လမ်းတဝက်ခန့် ရောက်သောအခါ ခြေလှမ်းမှန်မှန်ဖြင့် သွား



www.burmeseclassic.com

www.burmeseclassic.com



နေသော မြင်းများမှာ တံ့ကနဲ ရပ်တန့်သွားကာ ဦးခေါင်းထောင်ကာ တရှူးရှူး တရှဲရှဲ ဖြစ်နေသလို ခွေးနှစ်ကောင်မှာလည်း တစ်ခုခုကို တွေ့မြင်ရသကဲ့သို့ လမ်းမပေါ်သို့ ကြည့်ကာ စူးစူးဝါးဝါး ထိုးဟောင်လိုက်သည်။

ထိုအခြေအနေကြောင့် နောက်မှ ပါလာသော အမှုထမ်း နှစ်ယောက်တို့၏မျက်နှာမှာ သွေးမရှိတော့သကဲ့သို့ ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ထိုနေရာမှာ လမ်းကွေ့ချိုးတစ်ခု ဖြစ်သဖြင့် မမြင်ရသော ကွေ့ချိုးနေရာမှာ တစ်စုံတစ်ခုများ ရှိလေသလားဟု သံသယ ဝင်မိလေသည်။

ထို့နောက် တဖြည်းဖြည်းနှင့် ရှေ့ဘက် တိုးသွားရာ နွယ်ပင် သစ်ပင်တို့ ရှုပ်ထွေးလှသော လမ်းချိုးနေရာသို့ ရောက်သွားကြသည်။ အင်စပက်တော် ရွှေဆိုင်ကတော့ အရေးအကြောင်းရှိလျှင် အဆင်သင့် သုံးနိုင်ရန် သေနတ်ကို ကိုင်ထားသည်။ သတိကြီးစွာ ထား၍ တဖြည်းဖြည်းနှင့် သွားကြရာ လမ်းချိုးကွေ့ကို လွန်သည်နှင့် သူတို့ရှေ့တွင် မားမားကြီး ရှိနေသော ဇရပ်ပျက်ကြီးတစ်ဆောင်ကို လှမ်းမြင်ရသည်။

“ဟင်. . .”

သုံးယောက်သား များစွာအံ့သြသွားကြလေသည်။

ဇရပ်ပျက်ကြီးမှာ ဟောင်းနွမ်းလျက်ရှိသော သစ်သား ဝင်းထရံများ ကာရံထားသည်။ ဇရပ်ဟုသာ ဆိုသော်လည်း လေးဘက်လေးတန်မှာ ဟာလာဟင်းလင်း မဟုတ်ဘဲ အိမ်တစ်ဆောင်ကဲ့သို့ အကာအရံများ ကာရံထားသည်။ ထိုနေရာ ရောက်သောအခါ မြင်းများမှာ ရှေ့ဆက်မသွားတော့ပဲ ပဒပ်ရပ်နေသဖြင့် အောက်သို့ဆင်းကြရသည်။





ခွေးနှစ်ကောင်ကလည်း တအီအီနှင့် ငြီးငြူကာ လူနား ကပ်နေတော့သည်။ အင်စပက်တော် ရွှေဆိုင် စိတ်ထဲမှာတော့ ထိုဇရပ်ကြီးသည် ကချင်အမှုထမ်း ပြောသည့် ၎င်းတို့ များစွာကြောက်ရွံ့ကြသော ဇရပ်ကြီး ဖြစ်ရမည်ဟု မှတ်ချက်ချမိသည်။

ပတ်ဝန်းကျင်မှာ သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ရှိနေပြီး ဇရပ်တစ်ဆောင်လုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

“ကဲ. . . အချိန်ရှိတုန်း အထဲဝင်ကြည့်ကြရအောင်၊ ကိုထွန်းအောင် အလောင်းက ဒီဇရပ်ထဲမှာ ရှိမယ်ထင်တယ်”

ထိုသို့ ပြောသည်နှင့် နောက်မှ ပါလာသော အမှုထမ်း နှစ်ယောက်က ခါးခါးသီးသီး ငြင်းကြလေသည်။

“အထဲတော့ မလိုက်ဝံ့ဘူး ဆရာ၊ အပြင်ကပဲ စောင့်နေမယ်”

“မင်းတို့ မလိုက်လို့ ဖြစ်မလားကွ”

“ကျွန်တော်တို့နှစ်ယောက်က တခြားလူတွေ မလာဝံ့တဲ့ ဒီနေရာအထိ ရောက်အောင် လိုက်လာပေးပြီးမှပဲ၊ အထဲတော့ မလိုက်ဝံ့ဘူး”

၎င်းတို့ ကြည့်ရသည်မှာ ဘယ်လိုခေါ်ခေါ် ရမည့်ပုံ မရှိပဲ အခြေအနေ မကောင်းပါက နောက်ကြောင်းပြန်လှည့်ပြေးရန်လည်း ပြင်ထားကြဟန် ရှိသည်။

“အင်း. . . တကယ်လို့ ဇရပ်ထဲမှာ အရေးအကြောင်းပေါ်ခဲ့ရင်တောင် ဒီကောင်တွေတော့ အားကိုးရမယ် မထင်ဘူး”

ဟု စိတ်ထဲမှ တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မွန်းလွဲချိန် ရောက်ချေပြီ။

တောတောင်များ အတွင်း၌ နေမွန်းတည့်ချိန်လောက်သာ အလင်းရောင် ရရှိပြီး ထိုမှ ကျော်ပါက အမှောင်ရိပ်များက လာတော့မည်။

တောင်တန်းကြီးများ အနောက်သို့ နေရောင်ခြည် ရောက်သွားပါက ပိုမိုမှောင်လာတော့မည်။

ထို့နောက်တွင် အဖော်နှစ်ယောက်အား သင့်တော်သော နေရာတွင် စောင့်နေကြရန် မှာကြားပြီးနောက် ခွေးနှစ်ကောင်ကို ခေါ်၍ ဇရပ်တွင်း ဝင်ကြည့်ရန် ပြင်သည်။

သို့တိုင်အောင် အင်းခွေးနှစ်ကောင်ကပင် သူ့နောက်သို့ မလိုက်လို့ ပေကန်ကန် ရှိနေကြရာ မနည်းကြီးကို ချော့မော့ခေါ်မှ လိုက်လာကြသည်။

ခွေးနှစ်ကောင်နှင့်အတူ ဇရပ်ပေါ်သို့ တက်သွားသော အင်စပက်တော် ရွှေဆိုင်သည် တံခါးမကြီးရှေ့သို့ ရောက်သောအခါ တွန်းဖွင့်လိုက်သည်။

"ကျွီ. . . ကျွီ"

ဟူသောမြည်သံနှင့်အတူ တံခါးချပ်များက တဖြည်းဖြည်း ပွင့်သွားသည်။

ပြတင်းပေါက် တံခါးများ အားလုံးပိတ်ထားသောကြောင့် အတွင်း၌ မှောင်မည်းလျက်ရှိလေသည်။ သို့သော်လည်း ဝင်ပေါက် တံခါးပွင့်သွားသဖြင့် အတွင်းမှ အရာဝတ္ထုအချို့ကိုတော့ ဝိုးတဝါး လှမ်းမြင်ရသည်။





ရွှေဆိုင် လှမ်းမြင်ရသော အခြေအနေမှာ ဇရပ်ကြီးအတွင်း၌ လူနေသည့် လက္ခဏာအချို့ကို တွေ့ရသဖြင့် တစ်မျိုးတွေးလိုက်မိသည်။

"တန်တော့ ဇရပ်ကြီးဟာ ဘိန်းမှောင်ခိုချတဲ့လူတွေ စခန်းချတဲ့ လျှို့ဝှက်နေရာပဲ ဖြစ်ရမယ်၊ တခြားလူတွေ အနားမလာဝံ့အောင် သရဲခြောက်တယ်လို့ သတင်းလွှင့်ထားတာလည်း ဖြစ်နိုင်တယ်"

ဟု တွေးကာ ခွေးနှစ်ကောင်ကို ခေါ်၍ အတွင်းသို့ ဝင်သွားရာ မြင်ထားသော ထမင်းပွဲကို တွေ့ရသည်။

ထမင်းဝိုင်းမှာ စားလက်စ တန်းလန်းမှ ကမန်းကတန်း ထွက်သွားကြဟန် ရှိသဖြင့် မိမိအတွေး မှန်လောက်သည်ဟု ယူဆမိပြန်သည်။

ထမင်းဝိုင်းကို အသေအချာ ငုံ့ကြည့်တော့မှ ထမင်းဟင်းများမှာ သွေ့ခြောက်နေပြီး ဖုန်အလိမ်းလိမ်း တက်နေသည်ကို မြင်တော့မှ ရှေးကတည်းက ရှိနေသော ထမင်းဝိုင်းဖြစ်မှန်း သိရတော့သည်။

ထမင်းဝိုင်း အခြေအနေမှာ ထမင်းစားနေသော လူတို့မှာ တစ်စုံတစ်ခုကြောင့် ကမန်းကတန်း ထွက်ပြေးသွားကြဟန် ရှိလေသည်။ တစ်နေရာမှာတော့ ကုတင်တစ်လုံး တွေ့ရပြီး အသုံးအဆောင် ပစ္စည်းတို့မှာ အထက်တန်းကျသူတို့ အသုံးပြုသော ပစ္စည်းကောင်းများ ဖြစ်သည်ကို တွေ့ရသည်။

ရွှေဆိုင်သည် ခွေးနှစ်ကောင်နှင့်အတူ ဇရပ်အတွင်းသို့ လိုက်ကြည့်နေရာ အမှောင်ရိပ် တစ်နေရာသို့ ရောက်သောအခါ လူတစ်ယောက် နံရံမှာ မှီထိုင်နေသည်ကို လှမ်းမြင်ရသဖြင့် သေနတ်ကို အသင့်ကိုင်ကာ ထိုနေရာသို့ လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်မှ ထိုသူမှာ အခြားမဟုတ်ပဲ ကိုထွန်းအောင်မှန်း သိရလေသည်။

"ဟင်. . . ကိုထွန်းအောင်"

အနီးသို့ ထိုင်ကြည့်သောအခါ ကိုထွန်းအောင်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အသက်ပျောက်နေချေပြီ၊ ကိုထွန်းအောင် လက်ထဲမှာ သေနတ်ကို ဆုပ်ကိုင်ထားသဖြင့် မသေမီ ရန်သူကို တိုက်ခိုက်ခဲ့ဟန်ရှိသည်။

ကိုထွန်းအောင်မှာ မျက်လုံးက အဆမတန် ပြူးထွက်နေပြီး ပါးစပ်က ပွင့်ကာ လျှာအပြင်သို့ တွဲကျနေသည်။ ရွှေဆိုင်က ကိုယ်ပေါ်မှာ ဒဏ်ရာရှိမရှိ ရှာကြည့်တော့လည်း မတွေ့ရပေ။ ကိုထွန်းအောင်သည် တံခါးပေါက်ဝဘက်သို့ မျက်နှာမူထားသဖြင့် ထိုနေရာသို့ ကြည့်လိုက်သောအခါ နံရံပေါ်မှာ ကျည်ဆန်အပေါက်ရာများ တွေ့ရသည်။

ကိုထွန်းအောင် ပစ်ခဲ့သော ကျည်ဆန်ရာများပင် ဖြစ်ဟန်ရှိသည်။ ရွှေဆိုင်သည် ကိုထွန်းအောင် အလောင်းတွေ့သောအခါ ဇရပ်အတွင်း၌ အခြားရန်သူများ ခိုအောင်းနေလေသလား အထင်နှင့် လိုက်လံကြည့်ရှုပြန်ရာ အခန်းတစ်ခန်းထဲသို့ ရောက်သောအခါ ကြမ်းပြင်ပေါ်မှာ ချထားသော ခေါင်းတလားတစ်လုံးကို တွေ့ရသည်။

ရန်သူရှိပါက ပုန်းအောင်းစရာ ဒီတစ်နေရာသာ ရှိသဖြင့် သေနတ်ဖြင့် ချိန်ကာ ခေါင်းအဖုံးကို မ,ဖွင့်လိုက်သည်။

"ဟာ. . ."

ခေါင်းတလားအတွင်းမှာ သေဆုံးနေတာ ကြာပြီဖြစ်သော အရိုးစုတစ်ခု ရှိလေသည်။ ခေါင်းထဲမှ အရိုးစုက သူ့ကို သွားဖြဲပြနေ





သလို ရှိသည်။ ရွှေဆိုင်က ခေါင်းတလားအဖုံးကို ပြန်ပိတ်ပြီး အခန်းတွင်းမှ လှည့်ထွက်တော့ နောက်ဘက်မှ ရယ်သံလိုလို ကြားရသည်။

သူနှင့် ပါလာသော ခွေးနှစ်ကောင်မှာလည်း တစ်ကောင်နှင့်တစ်ကောင် ပူးကပ်ကာ အမြီးကုပ်နေကြသည်။ ဇရပ်တွင်းမှာလည်း တဖြည်းဖြည်းနှင့် မှောင်လာပြီဖြစ်သဖြင့် ရွှေဆိုင်မှာ အပြင်မှာ ကျန်နေသော မိမိလူနှစ်ယောက်တို့အား အခြေအနေ ထွက်ကြည့်ရာ မတွေ့ရတော့ပေ။

မိမိအတွက် မြင်းတစ်ကောင်သာ ချန်ထားခဲ့သည်ကို လှမ်းမြင်ရသည်။ ရွှေဆိုင်မှာ ဘယ်လိုဆုံးဖြတ်ရမှန်း မသိအောင် ဖြစ်သွားသည်။ ယခုအချိန်မှ အပြင်ပြန်ထွက်လို့ကလည်း မသင့်တော့။

ရွှေဆိုင်စိတ်ထဲမှာ ရွာသားများ သွားခေါ်နေသူများ မကြာခင် ရောက်လာမည်ဟု ထင်နေမိသည်။ တဖြည်းဖြည်းနှင့် အမှောင်ရိပ်များကလည်း ပိုများလာရာ ဇရပ်အတွင်း၌ ပိုမှောင်လာသည်။

ပထမတော့ ရွှေဆိုင်မှာ ခွေးနှစ်ကောင်ကို ပြန်ခေါ်၍ အပြင်သို့ ထွက်ကာ သင့်တော်သည့်နေရာ၌ စောင့်ဆိုင်းနေရန် စိတ်ကူးကြည့်သေးသည်။ ထိုသို့ စိတ်ကူးလိုက်စဉ်မှာ အရှေ့ဘက်မှ ဂငင်းဖွင့်ထားခဲ့သော တံခါးမှာ 'ကျွီ' ကနဲ ပြန်ပိတ်သွားသဖြင့် အတွင်းမှာ ပိုမိုမှောင်သွားတော့သည်။

ရွှေဆိုင်က တံခါးရှိရာသို့ သွားကာ တွန်းဖွင့်ကြည့်သော်လည်း အပြင်ဘက်မှ ချက်ချထားသကဲ့သို့ ရှိကာ ဖွင့်မရတော့ပေ။

ဇရပ်အတွင်းမှာတော့ လူနှင့်အတူ ခွေးနှစ်ကောင်တို့အပြင် အသက်ကင်းမဲ့နေသော ကိုထွန်းအောင် အလောင်းနှင့် အနီးမှ ထည့်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ခေါင်းတလားတစ်လုံးသာ ရှိလေသည်။ အတွင်းမှာ ဆက်နေလျှင် ဒုက္ခများတော့မည်ကို သိသဖြင့် ထွက်ပေါက်လိုက်ကြည့်သော်လည်း ဝင်ပေါက်တစ်ခုသာ ရှိပြီး တခြားတံခါးပေါက်များက ဖွင့်မရပေ။

ထိုအခိုက်မှာပင် ခေါင်းတလား ရှိနေသော အခန်းထဲမှ 'တဂွီကွီ' နှင့် အဖုံးဖွင့်သံ ပေါ်လာသည်။

ခွေးနှစ်ကောင်မှာလည်း ကြောက်လွန်းသဖြင့် တအီအီနှင့် အမြီးကုပ်ကာ လူနားကပ်လာကြသည်။ ရွှေဆိုင်မှာ ဆောက်တည်ရာ မရအောင် ကြောက်လန့်လာသဖြင့် တံခါးကို ကိုယ်နှင့် တိုက်ကာ တွန်းဖွင့်သော်လည်း တော်တော်နှင့် မရပေ။

အတန်ကြာသောအခါ နံဘေးနားမှာ ရှိနေသော ခွေးနှစ်ကောင်တို့မှာ အတွင်းဘက်သို့ ကြည့်ကာ တဂီးဂီး တဂဲဂဲနှင့် ရှိနေသဖြင့် လှည့်ကြည့်လိုက်ရာ ခေါင်းတလား ထားသော အခန်းပေါက်ဝ၌ ကြောက်မက်ဖွယ်ကောင်းသော သင်္ချိုင်းတစ်ခု မားမားကြီး ရပ်နေသည်ကို တွေ့ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ လက်ထဲမှာ ရှိသော သေနတ်ဖြင့် နှစ်ချက်သုံးချက် ဆင့်ကာ ပစ်ချလိုက်သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ထိုကဲ့သို့ ပစ်လိုက်ရာ နံရံ၌ ကျည်ဆံအပေါက်ရာများ ပေါ်သွားသော်လည်း မည်းမည်းသင်္ချိုင်းကြီးကတော့ နည်းနည်းမှ မဖြုံပဲ ရှေ့သို့ပင် တိုးလာချေပြီ။

ရွှေဆိုင်မှာ ထိုအခါမှ ကိုထွန်းအောင်၏အဖြစ်ကို သဘောပေါက်သွားကာ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ တံခါးဂျက်ရှိသောနေရာသို့ မှန်းကာ သေနတ်ဖြင့် ပစ်ပြီး ကိုယ်လုံးဖြင့် ဆောင့်





တိုက်လိုက်ရာ 'ဝုန်း' ကနဲ ပွင့်သွားလေတော့သည်။

ထိုအခါ အပြင်သို့ ပြေးထွက်ရန် ကြိုးစားသော်လည်း နောက်ဘက်မှ တစ်စုံတစ်ခုက ဆွဲထားသကဲ့သို့ ရှိသဖြင့် ထွက်မရပဲ ရှိလေသည်။

ခွေးနှစ်ကောင်တို့မှာလည်း သခင်ဖြစ်သူ ထွက်ပြေးသည်ကို လှမ်းမြင်သောအခါ ၎င်းတို့ကလည်း ပြေးလိုက်ရန် ကြိုးစားကြသော်လည်း ၎င်းတို့လည်း နောက်မှ ကြိုးဖြင့် ဆွဲထားသကဲ့သို့ ပြေး၍မရပဲ ရှိလေသည်။

နောက်မှ ဆွဲထားသော အင်အားတစ်ခုမှာ ခွေးနှစ်ကောင်နောက်ဆီသို့ ရောက်သွားဟန်ဖြင့် ရွှေဆိုင်ရှိရာဘက်မှာ လျော့သွားသဖြင့် အားစိုက်၍ ရုန်းထွက်လိုက်ရာ အပြင်ဘက်သို့ ရောက်သွားတော့သည်။

အပြင်သို့ ရောက်သောအခါ ထွက်ပြေးရန် ခြေလှမ်းဖြင့် လိုက်ချိန်မှာပင် နောက်ဖက်မှ ခွေးနှစ်ကောင်အော်သံ ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။ တံခါးပေါက်ဝနား ရောက်နေပြီ ဖြစ်သော ခွေးနှစ်ကောင်တို့မှာ တကိန်ကိန် အော်မြည်လျက် ရှေ့သို့ ပြေးထွက်ရန် ကြိုးစားကြသော်လည်း တစ်စုံတစ်ယောက်က လှမ်းဆွဲထားသကဲ့သို့ ဖြစ်ကာ ရှေ့တိုးမရဘဲ ရှိနေပြီး အတန်ကြာသောအခါ မျက်လုံးပြူးထွက်ကာ ဝရံတာနား၌ လဲကျသွားသည်ကို လှမ်းမြင်လိုက်ရတော့သည်။

ရွှေဆိုင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ မြင်းရှိရာသို့ သွားကာ မြင်းပေါ် တက်ပြီး ထွက်ပြေးရာ လမ်း၌ အမှုထမ်းများနှင့်



www.burmeseclassic.com

တွေ့ရသည်။ ၎င်းတို့သည် ရွာသားများပါ ခေါ်လာသဖြင့် လူအင်အား အတော်များလေသည်။ သို့ကြောင့် စိတ်အားတက်သွားကာ ဇရပ်ရှိရာသို့ တကျော့ပြန်သွားကြသည်။

အချိန်ကလည်း မှောင်ရီပျိုးစအချိန် ရောက်နေချေပြီ။ ရွာသားများ၌ မီးတုတ်များ ပါလာသဖြင့် မီးညှိကာ ဇရပ်ပေါ်သို့ ရဲဝံ့စွာ တက်သွားကြသည်။ ဝရံတာမှာတော့ အသက်ပျောက်နေပြီ ဖြစ်သော ခွေးနှစ်ကောင်ကို တွေ့ရသဖြင့် ရွှေဆိုင်မှာ စိတ်မကောင်း ဖြစ်ရလေသည်။

ဇရပ်အတွင်းမှာတော့ မည်းမှောင်နေပြီး ဝိုးတဝါး အရိုင်းသဏ္ဍာန်အချို့ကို တွေ့ကြရသည်။ သူတို့သည် လူအင်အား ကောင်းသဖြင့် ကိုထွန်းအောင် အလောင်းရှိရာသို့ သွားကာ အလောင်းကို သယ်ယူရန် ပြင်နေကြစဉ် ခေါင်းတလား ရှိသော အခန်းတွင်းမှ ကြောက်မက်ဖွယ်ကောင်းသော အသံနက်ကြီးကို ကြားရသဖြင့် ရပ်တန့်ကာ လှည့်ကြည့်လိုက်ကြသည်။


ထိုအခန်းမှာ တကျွိကျွိနှင့် ပွင့်သွားပြီး အခန်းတွင်း မည်းမည်းသဏ္ဍာန်ကြီး ထွက်လာလေတော့သည်။ ၎င်းမှာ ကိုယ်လုံးက သာမန်သာ ဖြစ်သော်လည်း အမွေးရှည်များက တစ်ကိုယ်လုံး ဖုံးအုပ်ထားသည်။ ခေါင်းက အဆမတန် ကြီးပြီး နားရွက်နှစ်ချပ်သာ ကြမ်းပြင်အထိ ရောက်နေသည်။

ပါးစပ်မရှိပဲ ဖြူဖွေးသော သွားနှင့် အစွယ်ရှည်များသာ ရှိသောသည်။ ထူးခြားသည်မှာ မျက်လုံးဖြစ်သည်။ မျက်စိနှစ်လုံးမှာ ရွှေရောင်သာ ရှိပြီး ၎င်းမျက်လုံးထဲမှ အစိမ်းရောင်၊ အနီရောင်များ ဖြာထွက်နေသကဲ့သို့ ရှိကာ ထိုအရောင်ဖြင့် လူများကို လှမ်းထိုးထားလေသည်။



## အခန်း(၁၁)

# ဂန္ဓာရီလမ်းမှ ဖြစ်ရပ်ဆန်းများ





အခန်း(၁၁)

# ဂန္ဓာရီလမ်းမှ ဖြစ်ရပ်ဆန်းများ

**လမ်း**ခရီး၌ တွေ့သောသူများကတော့ ထိုဇရပ်ပျက်ကြီးမှာ ဝင်ရောက်မတည်းရန် ပြောကြသည်။

သို့သော်လည်း အချိန်က တဖြည်းဖြည်း မှောင်လာချေပြီ။ တောထဲမှာ နေရတာနှင့်စာလျှင် အမိုးအကာ ရှိသော ဇရပ်ပေါ်မှာ တည်းရတာ ပိုကောင်းမည်ဟု တွေး၍ တက်ကြွလာရာ မှောင်ရီသမ်းစ အချိန်တွင် ထိုဇရပ်ကြီး ရှိရာသို့ ရောက်လာလေသည်။ ဇရပ်ပျက်ကြီးမှာ အမှောင်ရိပ်အောက်မှာ ထီးထီးကြီး ရှိနေလေသည်။ အရှင်မြတ်က

www.burmeseclassic.com



ပရိတ်တော်များ ရွတ်ပြီး ဇရပ်ပေါ် တက်သွားသည်။

သူတက်သွားတော့ တံခါးပွင့်သွားပြီး အပေါ်မှ အလုအယက် တိုးဝှေ့ကာ ပြေးဆင်းလာသော မည်းမည်းသဏ္ဌာန်များကို တွေ့ရသည်။ ပုံသဏ္ဌာန်အမျိုးမျိုး ရှိသော ထိုသဏ္ဌာန်များမှာ အရှင်မြတ် တက်လာသောကြောင့် ဆင်းပြေးကြခြင်းဖြစ်သည်။

အပေါ်ရောက်တော့ ဘာမှမတွေ့ရပေ။

အတွင်းရောက်၍ ကြည့်လိုက်သောအခါ နံရံမှာ မှီလျက်သား ရှိနေသော အရိုးစုတစ်ခုကို တွေ့ရသည်။ အရှင်မြတ်သည် ပတ်ဝန်းကျင်မှာ ရှိသော မြင်အပ် မမြင်အပ် သတ္တဝါအပေါင်းတို့အား မေတ္တာပို့ အမျှအတန်း ဝေပေးပြီး သင့်တော်သော နေရာမှာ ထိုင်၍ ပရိတ်တော်များ ရွတ်ကာ အဓိဋ္ဌာန်ဝင်လေသည်။ အချိန်မည်မျှကြာသွားသည် မသိပေ။

ဦးစွာ နောက်ဖက်မှ တံခါးတွန်းဖွင့်လိုက်သံ ကြားရသည်။

"ကျွီ. . ."

နောက်တော့ တရှပ်ရှပ်နှင့် လျှောက်လာသော ခြေသံကြားရသည်။ မနီးမဝေးမှာ ရပ်နေဟန်ဖြင့် နားရွက်ခတ်သံ တဖျပ်ဖျပ် ကြားနေရသည်။

သို့သော်လည်း ဂရုမထားပဲ ပရိတ်တော်များ ဆက်ရွတ်ရန် ပြင်သည်။

"ခဏနေပါဦး ဘုရား"

နောက်မှ အသံကြားရသည်။

"ဘယ်သူလဲ. . ."





"ဇရပ်စောင့် သဘက်ကြီးပါ ဘုရား"

"ဘာကြောင့် လူတွေကို နှောင့်ယှက်နေတာလဲ"

"နှောင့်ယှက်တာ မဟုတ်ပါဘူး၊ အမျှလိုချင်လို့ပါ ဘုရား"

"ကောင်းပြီ. . . ကျုပ်ပြန်ကြွတဲ့အခါမှာ အမျှအတန်း ဝေပေးခဲ့ပါ့မယ်"

ဟု ပြောဆိုကာ မိမိလုပ်စရာရှိသော အဓိဋ္ဌာန်ကို ဆက်လုပ်နေလေသည်။ ထိုသို့ဆက်လုပ်နေစဉ် အာရုံထဲမှာ မြင်ကွင်းအချို့ ပေါ်လာသည်။

ထိုဇရပ်ကြီးမှာ တချိန်က ရှမ်းပြည်နယ်ဘက်မှ ပြေးလွှားလာသော စော်ဘွားမိသားစုများ ဆောက်လုပ်နေထိုင်ခဲ့သောနေရာ ဖြစ်သည်။ တစ်နေ့တော့ စော်ဘွားကြီး သေဆုံးသွားသဖြင့် အလောင်းကို ကျွန်းခေါင်းအတွင်း ထည့်၍ သဂြိုဟ်ရန် ပြင်ဆင်နေကြစဉ်မှာ ရန်သူများ လိုက်လာသောကြောင့် ကိုယ်လွတ်ထွက်ပြေးကြရသည်။ စော်ဘွားအလောင်းမှာ ကျွန်းခေါင်းအတွင်းမှာပင် ဒီအတိုင်း ထားခဲ့ကြရလေသည်။

ရန်သူများ ရောက်လာပြီးနောက်ဝယ် စော်ဘွား၏အလောင်းကို တွေ့သဖြင့် ပြန်သွားကြလေသည်။

နောက်ပိုင်းမှာတော့ ဇရပ်ပေါ်သို့ ရောက်လာသော ခရီးသွားများမှာ သဘက်ကြီးတစ်ကောင် ခြောက်လှန့်သဖြင့် ထွက်ပြေးကြရသည်။

အချို့လည်း သေကြေပျက်စီးကြရသည်။

နောက်ပိုင်းမှာတော့ ထိုဇရပ်ပျက်ကြီးသတင်းမှာ အပြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ပျံ့နှံ့လာပြီး လာရောက်တည်းခိုဝံ့သူ မရှိတော့ပေ။

တစ်နေ့တော့ ထိုဇရပ်သို့ အင်စပက်တော် တစ်ယောက်နှင့် တပည့်တစ်ယောက်တို့ ရောက်လာကြရာ သဘက်ကြီးကို တွေ့မြင်သွားသဖြင့် အင်စပက်တော်မှာ သေဆုံးသွားကာ တပည့်မှာလည်း ထွက်ပြေးသွားခဲ့ရလေသည်။ နောက်မှ လိုက်လာသော အဖွဲ့သားများမှာလည်း ထိုကဲ့သို့ပင် ထွက်ပြေးသွားကြရသည်။

အရှင်မြတ်မှာ အဓိဋ္ဌာန် ဝင်နေရင်း အာရုံထဲတွင် ထိုမြင်ကွင်းများကို မြင်နေရသည်။ အဓိဋ္ဌာန် ပြီးမြောက်သောအချိန်မှာ အရှေ့ဘက်၌ အာရုဏ်ဦး ရောင်ခြည်များပင် ထွက်ပေါ်စပြုနေချေပြီ။

ထိုအခါမှ အဓိဋ္ဌာန်ကို ရပ်လိုက်သည်။

"သင် ငါ့နောက်မှာ ရှိနေသေးလား"

"ရှိပါတယ် ဘုရား"

"အရင်ဘဝက ရှိခဲ့တဲ့ မစင်ကြယ်ခဲ့မှုတွေကြောင့် ယခုဘဝမှာ မိစ္ဆာဘဝ၌ ရောက်ခဲ့ရတယ်၊ ဒီဘဝက လွတ်မြောက်ပြီး ကောင်းရာဘုံဘဝကို ရောက်နိုင်ပါစေ၊

ငါပြုခဲ့သမျှ ဒါနကုသိုလ်၊ ဆောက်တည်ခဲ့သမျှ သီလကုသိုလ်၊ ပွားများအားထုတ်ခဲ့တဲ့ ဘာဝနာကုသိုလ်အဖို့ဘာဂ အစုစုတို့ကို သင့်အား အမျှအတန်း ပေးဝေပါ့မယ်၊

အမျှရ၍ သာဓုခေါ်ဆိုနိုင်ပြီး ကောင်းရာဘုံဘဝသို့ ကူးပြောင်းရောက်ရှိနိုင်ပါစေ၊ အမျှ. . အမျှ. . အမျှ. . ယူပါကုန်လော့"

"သာဓု. . . သာဓု. . . သာဓု"

နောက်ဘက်မှ သာဓုခေါ်သံကို ကြားရသည်။





ပထမတော့ သာဓုခေါ်သံကို ခပ်ကျယ်ကျယ် ကြားရသည်။ နောက်တော့ တဖြည်းဖြည်း တိုးသွားပြီး ပျောက်ကွယ်သွားတော့သည်။ လှည့်ကြည့်လိုက်တော့ ဇရပ်ပေါ်မှာ ဘာမှမတွေ့ရတော့ပေ၊ ထိုအခိုက်မှာပင် အရှေ့ဘက်၌ အာရုဏ်ဦး အလင်းရောင်များက တက်လာပြီး အလင်းရောင်အချို့ပင် ပေါ်လာချေပြီ။

အရှင်မြတ်က နေရာမှ ထပြီး ထပ်မံ၍ အမျှအတန်း ဝေပေးကာ ဇရပ်ပေါ်မှ ဆင်းလာခဲ့သည်။ သူ့အတွက် မဆုံးသော ဂန္ဓာရီခရီးကို ဆက်လျှောက်ရပေဦးမည်။

တကယ်တော့ သံသရာခရီး မဆုံးသရွေ့ ဘဝပေါင်းများစွာ ဆက်လျှောက်ရပေဦးတော့မည်။

ထိုသို့ဆက်လျှောက်ရာမှာလည်း ဆန်းကြယ်သောဖြစ်ရပ်များနှင့် ကြုံတွေ့ရပေဦးမည်ဟု တွေးတောမိရင်း ကျွန်ုပ်ရေးသားသော (ဂန္ဓာရီလမ်းမှ မိစ္ဆာကွန်ယက်)အမည်ရှိ ပရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီဃာဟောတု သုခိအတ္တာန် ပရိဟရန္တု။

ပညာဒီပ

ပြီးချိန်။ ။(၂၀၀၈)ခုနှစ်၊ ဒီဇင်ဘာ(၁၃)ရက်၊
စနေနေ့၊ ညနေ(၄)နာရီအချိန်။



www.burmeseclassic.com